# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၁၃၈)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်း၌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ကောင်အတွင်းသို့ ဝတ်ဆံများထည့်သွင်းနေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုလဲကျွန်းနှင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တို့အား ကြည့်ရှု မကြံ့ဂလက်ကျေးရွာမှ ဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်တွေ့ဆုံ

**မြိတ် ဖေဖော်ဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဝန်ကြီး ဦးလှမော်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြိတ်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ရောက်ရှိကြသည်။

**ပုလဲထုတ်လုပ်မှုအဆင့်ဆင့်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပုလဲကျွန်း၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ကောင်များ သားဖောက်မွေးမြူထားရှိမှု၊ မုတ်ကောင်အတွင်းသို့ ဝတ်ဆံများထည့်သွင်းနေမှုနှင့် ပုလဲထုတ်လုပ်မှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# စေတနာ မေတ္တာအရင်းခံဖြင့်သာ...

အကျပ်အတည်းများကြားမှာ နှစ်ပရိစ္ဆေဒကြာအောင် ဖြတ်သန်းခဲ့ရသည့် မြန်မာနိုင်ငံသည် ဖြေရှင်းစရာများစွာ၊ စိန်ခေါ်မှုများစွာကို မျက်နှာမူရင်ဆိုင်ထားရသည်။ ပြဿနာပေါင်းစုံကို ဖြေရှင်းရန်အလို့ငှာ ရည်မှန်းချက်များစွာကိုလည်း ပြင်ဆင်ထားရသည်။

ပြည်သူတို့ လုံခြုံအေးချမ်းစွာနှင့် စားဝတ်နေမှု အစုစု ပြေလည်သော နေ့စဉ်ဘဝများရရှိနိုင်ရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အမြစ်တွယ် ခိုင်မာရေး၊ ပဋိပက္ခများ စစ်ပွဲများရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး အခြေတကျ ထူထောင်နိုင်ရေး၊ ကျေးလက်မြို့ပြ တောင်ပေါ်မြေပြန့်၊ လူမျိုးဘာသာမခွဲခြားဘဲ တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ပညာရေးစနစ်၊ ပြည်သူ့ကျန်းမာရေးစနစ်များ ကောင်းမွန် အာမခံမှုရှိရေး စသည် စသည်. . .။

မည်သို့သော အရေးအရာမျိုးဖြစ်စေ ကြွေးကြော်သံများ ထုတ်နုတ်နေရုံမျှဖြင့် ဘာမျှဖြစ်မလာနိုင်သည်ကို ဖြတ်သန်းခဲ့သော နှစ်ပေါင်းများစွာအတွင်း နာကျင်မှုများစွာဖြင့်ရင်းကာ သိရှိခဲ့ကြပြီးဖြစ်၏။

သီလ၊ သမာဓိ၊ ပညာ၊ ကျင့်စဉ်တို့ကို လက်တွေ့မစောင့်ထိန်း မကျင့်ကြံဘဲ မြတ်စွာဘုရားကို သဒ္ဓါကြည်ညိုလေးမြတ်နေရုံ သက်သက်မျှနှင့် သံသရာမှ လွတ်မြောက်ဖို့က ဝေးပါမည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်၊ ကိုယ်ကျင့်တရား၊ လမ်းစဉ်တို့ကို မလိုက်နာဘဲ သူ့ကို အလေးပြုနေရုံသက်သက်မျှနှင့် နိုင်ငံတိုးတက်ရေး ဖြစ်မလာနိုင်။ သင့်မြတ်ကြစို့၊ ချစ်ခင် ကြင်နာကြစို့ဟု တဖွဖွရွတ်ဆိုနေရုံ သက်သက်မျှဖြင့် သင့်မြတ်ချစ်ကြည် ငြိမ်းချမ်းရေး မပေါ်ပေါက်နိုင်။

ငြိမ်းချမ်းရေး၊ ချစ်ကြည်ရင်းနှီးရေး ဟူသည်မှာ အစိုးရနှင့်အဖွဲ့အစည်းတစ်ခုကြား တည်ဆောက်နေသည့် လုပ်ငန်းစဉ်တစ်ခု သက်သက်မဟုတ်။ မြန်မာတစ်နိုင်ငံလုံးနှင့် သက်ဆိုင်ပတ်သက်နေသော အင်အားစုများအားလုံး အမှန်တကယ် သင့်မြတ်ချစ်ကြည်လိုစိတ်ဖြင့် အားထုတ်ကြိုးပမ်းကြမှသာ ဖြစ်နိုင်ပါမည်။

ညီညွတ်ရေး၊ ငြိမ်းချမ်းရေးဟူသည် အင်အားကြီးမားသူများက ပိုမိုသဘောထားကြီးမြင့် စိတ်ထားမှန်ကန်ကြဖို့လိုသကဲ့သို့ ကျန်သူတို့ကလည်း အယူအစွဲကင်းကင်းဖြင့် ညီညွတ်ရေးသဘောဆောင်ကြဖို့ လိုပါမည်။

ရန်သူလို သဘောမထားကြရေး၊ သင့်မြတ်လိုစိတ်ပြင်းပြရေး၊ မဟာမိတ်များအဖြစ် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဘုံရည်မှန်းချက်များကို ကြိုးစားရှာဖွေပြီး အတူတကွ အကောင်အထည်ဖော်နိုင်ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်ရေး၊ ချစ်ခင်ပေါင်းစည်းရန် နားလည်မှုရှာရင်း ခွင့်လွှတ်မေတ္တာထားရန် ကြိုးစားနိုင်ကြရေး စသည်ဖြင့် အဆင့်ဆင့် တည်ဆောက်ကြရမည် ဖြစ်ပါသည်။ အဆင့်တိုင်းက အရေးကြီးသည်ဖြစ်ပြီး မည်သည်က ပိုကာ မည်သည်ကလျော့သည်ဟု မရှိ။ ရနိုင်သမျှ၊ ဖြစ်နိုင်သမျှသော အဆင့်တိုင်းကို ကျော်လွှန်နိုင်အောင် အားထုတ်ဖော်ဆောင်ကြရမည်ဟု ထင်မြင်ပါသည်။

နိုင်ငံက ခေတ်အဆက်ဆက် စီမံခန့်ခွဲမှု အမှားအယွင်းအမျိုးမျိုးကို ဖြတ်သန်းလာခဲ့ရပြီး ထိုခေတ်ပျက်တို့၏ အမွေဆိုးများဖြစ်သည့် လုပ်ထုံးလုပ်နည်းဟောင်း၊ အကျင့်ဟောင်း၊ အယူအတွေးဟောင်းများကြားမှာ နိုင်ငံပြန်လည်ထူထောင်နေရခြင်းဖြစ်သည့်အပြင် ထိုအဟောင်းများကို ချက်ချင်းလက်ငင်း ပြောင်းလဲပစ်၍ မရသည်များကြောင့် ငြိမ်းချမ်းရေးခရီးနှောင့်နှေးရသည်များလည်း ရှိနိုင်သည်ဆိုခြင်းကို သတိပြုမိပါသည်။

ထို့ပြင် အာဃာတများဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်လို့မရ။ ကိုယ်ကျိုးစီးပွား အမြတ်ထုတ်ရန် နည်းလမ်းရှာနေခြင်းဖြင့် ချစ်ကြည်ရေးကို တည်ဆောက်လို့မရ။ ကိုယ့်အင်အားစုကြီးထွားရေးကို ရှေ့တန်းတင်နေသရွေ့ သင့်မြတ်ရေးလမ်းစမပေါ်နိုင်ဆိုသည်ကိုလည်း အလေးအနက်ထားရှုမြင်ရန်လိုပါမည်။

မည်သို့ပင်ဖြစ်စေ၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးသည် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် အေးချမ်းလုံခြုံ သာယာစေမည့် တံခါးပေါက်ကြီးတစ်ခုဖြစ်သည်ကားအမှန်။ ဤသစ္စာတရားကို မမှိတ်မသုန် အာရုံစိုက်ကြခြင်း၊ ကြိုးစားအားထုတ်ကြခြင်းဖြင့် မဝေးတော့သည့် တစ်ချိန်တွင် မုချအောင်မြင်ရမည်ဟု ယုံကြည်ထားပါ၏။

နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများ၏ ပင်ကိုစိတ်စေတနာ မေတ္တာအရင်းခံဖြင့် မိမိတို့ ပြည်သူများ၏ အကျိုးကို အမှန်တကယ်လိုလားကြသည်ဆိုလျှင် ညီညွတ်ရေး၊ ငြိမ်းချမ်းရေးဟူသည် မဖြစ်နိုင်စရာ မရှိဟုလည်း ယုံကြည်ထားပါကြောင်း။ ။




## (၇၁) ကြိမ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကျင်းပ

**ရိခေါ်ဒါရ် ဖေဖော်ဝါရီ ၁၄**

ချင်းပြည်နယ် ရိခေါ်ဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်လူငယ်များနှင့် ပြည်သူများ ပူးပေါင်းမှုဖြင့် ကျင်းပမည့် (၇၁) ကြိမ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရေးဆိုင်ရာ ဦးစီးကော်မတီ အစည်းအဝေးကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။


ချင်းအမျိုးသားနေ့ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

အခမ်းအနားတွင် ချင်းအမျိုးသားနေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က ချင်းအမျိုးသားနေ့ ကျင်းပရေးဆိုင်ရာ လုပ်ငန်းရည်မှန်းချက်များ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပရေးနှင့် ကျင်းပမည့်ကဏ္ဍများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် လုပ်ငန်းဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြကာ လုပ်ငန်းအောင်မြင်ဖြစ်မြောက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါအခမ်းအနားတွင် စစ်ကြောင်းချီတက်ခြင်း၊ ရိုးရာယဉ်ကျေးမှုအကများ၊ အခြားပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပဆင်နွှဲသွားမည့်အပြင် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲများကို ထည့်သွင်းသွားမည်ဖြစ်ပြီး စစ်ကြောင်းချီတက်ခြင်း၊ ချင်းအမျိုးသားနေ့သဝဏ်လွှာဖတ်ကြားခြင်း၊ ရိုးရာယဉ်ကျေးမှုအကများပြသဖျော်ဖြေခြင်းနှင့် အခြားသောပျော်ပွဲရွှင်ပွဲများကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး၊ တေးဂီတဖျော်ဖြေပွဲ၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲများ၌ အခြားမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ဝင်ရောက်ယှဉ်ပြိုင်သွားရန် ဖိတ်ကြားထားပြီး ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ချင်းအမျိုးသားနေ့ အခမ်းအနားနှင့် ပြိုင်ပွဲများကို အမှတ် (၁) ရပ်ကွက် အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပုလဲမြို့နယ်၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကျင်းပ

**ပုလဲ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ၌ ယမန်နေ့က ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



တိုက်နယ်ဆေးရုံသစ်အတွက် အလှူငွေပေးအပ်စဉ်။

ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဝင်းလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းမင်းခန့်နှင့် Glaxy Monywa ကုမ္ပဏီ တာဝန်ခံ ဦးအောင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ၁၆ ခုတင်ဆံ့ ချင်ပြစ်တိုက်နယ်ဆေးရုံကို တာဝန်ယူတည်ဆောက်ခဲ့သည့် Glaxy Monywa ကုမ္ပဏီတာဝန်ခံက တိုက်နယ်ဆေးရုံအတွက် ငွေကျပ် ငါးသိန်းနှင့် ချင်ပြစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဌာနတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး (ဧယျာမြေ)**

## ကာမိုင်းမြို့၌ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

**ကာမိုင်း ဖေဖော်ဝါရီ ၁၄**

ဖားကန့်မြို့နယ် ကာမိုင်းမြို့ပေါ်ရှိ ရပ်ကွက်များတွင် ခြင်ကိုက်ခြင်းမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါအန္တရာယ်များကင်းဝေးစေရန် တာရှည်ခံဆေးစိမ်ခြင်ထောင်များကို ကျန်းမာရေးဌာနမှ ယမန်နေ့က ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဝေပေးခဲ့ရာတွင် ကာမိုင်းမြို့ပေါ်ရှိ မြို့မရပ်ကွက် (၁)၊ (၂)၊ (၃)၊ (၄)၊ မအူပင်စုရပ်ကွက်နှင့် မြစိမ်းရောင်ရပ်ကွက်များရှိ အိမ်ထောင်စုလူဦးရေအလိုက် ပြည်သူများအား အဆိုပါဆေးစိမ်ခြင်ထောင်များကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ စေတနာ့ဝန်ထမ်းများနှင့် ရပ်မိရပ်ဖတို့က ကူညီ၍ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ဆက်လက်၍ ကာမိုင်းမြို့၌ ကျန်ရှိသောကျေးရွာ/ရပ်ကွက်များတွင်လည်း အလှည့်ကျ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲသူရအောင် (ပြန်/ဆက်)**

*❋ ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပုလဲကျွန်း၌ တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လိုအပ်ချက်များရှိပါက တင်ပြကြရန်နှင့် တာဝန်ရှိသူများအား ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ရန်အတွက် ရန်ပုံငွေတောင်းခံသွားရန်ပြောကြားသည်။

**ပုလဲထုတ်လုပ်မှု ဖက်စပ်လုပ်ကိုင်**

အဆိုပါပုလဲကျွန်းတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပုလဲထုတ်လုပ်မှုကို ၁၉၆၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံပိုင် ပုလဲထုတ်လုပ်မှုအနေဖြင့် ပုလဲကျွန်းအပြင် ဘုတ်ပြင်းမြို့နယ် မန်ကျည်းပင်ဆောင်ကျွန်းနှင့် ဇင်ယော်ကျွန်း၊ ကော့သောင်းမြို့နယ်တွင် ဂျလန်ကျွန်း၊ ငလုံးလဖယ်ကျွန်းနှင့် စိန့်လုခ်ကျွန်း၊ မျောက်နီကျွန်းနှင့် မျောက်ဖြူကျွန်း၊ ကျွန်းစုမြို့နယ်တွင် နတ်သမီးရေတွင်းကျွန်း၊ ပြင်စဘုကျွန်း၊ ဒိုမယ်ကျွန်းနှင့် ဒုံးပုလဲကျွန်း၊ ပုလောမြို့နယ်တွင် မလိကျွန်းတို့တွင် ၂၀၀၀ ခုနှစ်မှစတင်ကာ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများဖြင့် ပုလဲထုတ်လုပ်မှုကို ဖက်စပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ နိုင်ငံတော်အနေဖြင့် ပုလဲမွေးမြူရေးစခန်းများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာနိုင်ရန် စီစဉ်ထားရှိရာ ၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီအထိ ခရီးသွားလုပ်ငန်းမှ ငွေကျပ်သိန်း ၃၂၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် အမြန်ရေယာဉ်ဖြင့် ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ်အတွင်းရှိ ပင်လယ်ပြင်ကျွန်းများအား ကြည့်ရှုထွက်ခွာခဲ့ရာ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ဝလယ်ကျွန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဆိုင်ရာအချက်အလက်များနှင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အား သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကော့သောင်းမြို့နယ် မကြံ့ဂလက်(မော်ကင်း) ဆလုံတိုင်းရင်းသားကျေးရွာ၌ ဒေသခံများက ရိုးရာအကများဖြင့် ကြိုဆိုကြစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ကောင်များ သားဖောက်မွေးမြူထားမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

**အဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့**

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့အတွင်းတည်ရှိပြီး ဥယျာဉ်အကျယ်အဝန်းမှာ ၅၀၅၂၈ ဒသမ ၇၃ ဧက ကျယ်ဝန်းကြောင်း သိရသည်။ အဆိုပါဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် အဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အဏ္ဏဝါဥယျာဉ်ဖြစ်ပြီး ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း၊ အမြဲစိမ်းတောများ၊ ဒီရေတောများ၊ သဲသောင်ခုံများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်ရေအောက်မြက်ခင်းများ တည်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ကော့သောင်းမြို့နယ် မကြံ့ဂလက် (မော်ကင်း)ဆလုံတိုင်းရင်းသားကျေးရွာသို့ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီးမှာ ကျယ်ဝန်းပါကြောင်း၊ မည်သို့ပင် ကျယ်ဝန်းပါစေ တိုင်းရင်းသားများမှာ မိမိတို့အတွက် တန်းတူညီတူအရေးပါပါကြောင်း၊ ဆလုံတိုင်းရင်းသားများ အရေအတွက်မများတော့သော်လည်း အရေအတွက်အများဆုံးဖြစ်သည့် ဗမာတိုင်းရင်းသားများနည်းတူ အရေးပါပါကြောင်း၊ မိမိတို့အနေဖြင့် တန်ဖိုးထားပါကြောင်း၊ သို့ဖြစ်၍ အစိုးရအနေဖြင့် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးလိုပါကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးရန်ဆိုလျှင် လိုအပ်သည့်အခြေအနေများကိုသိရန် အရေးကြီးပါကြောင်း၊ အဝေးမှမည်သို့ပင် တင်ပြ တင်ပြ အခြေအနေမှန်ကို သိရန်မလွယ်ကူပါကြောင်း၊ သို့ဖြစ်၍ အခွင့်အရေးရသည့်အချိန် တင်ပြကြစေလို၍ လာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ရောက်ချိန်တွင်လည်း တင်ပြလိုသည်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုပါကြောင်း။

**ယုံကြည်မှုရှိရန်မှာ အဓိကဖြစ်**

မိမိတို့နိုင်ငံ၏တိုးတက်မှုသည် အဓိကအားဖြင့် အစိုးရတာဝန်ယူထားသည့် ပုဂ္ဂိုလ်များနှင့် ပြည်သူပြည်သားများကြားတွင် ယုံကြည်မှုရှိရန်မှာ အဓိကဖြစ်ပါကြောင်း၊ ပြည်သူပြည်သားများနှင့် အစိုးရတာဝန်ယူထားသည့် ပုဂ္ဂိုလ်များအကြားတွင် ယုံကြည်မှုရှိပါက မိမိတို့လုပ်ငန်းများ အောင်မြင်မည် ဖြစ်ပါကြောင်း၊ ယုံကြည်မှုမရှိပါက အောင်မြင်ရန်မှာ ခက်ပါကြောင်း။

မိမိတို့အနေဖြင့် ဆလုံတိုင်းရင်းသားများကို တိုးတက်ဖွံ့ဖြိုးစေလိုပါကြောင်း၊ ဆလုံတိုင်းရင်းသားများ၏ မိရိုးဖလာထုံးတမ်းအစဉ်အလာများကို စောင့်ရှောက်နိုင်သည့် အခွင့်အရေးများကိုလည်း ဖန်တီးပေးလိုပါကြောင်း၊ တိုင်းရင်းသားလူမျိုးအားလုံးသည် ကိုယ့်ယဉ်ကျေးမှုကို ကိုယ်တန်ဖိုးထားရမည် ဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်း၏ ယဉ်ကျေးမှုတွင် တန်ဖိုးထားစရာများ ရှိပါကြောင်း၊ သို့သော်လည်း ခေတ်နှင့်အညီ တိုးတက်ရန်လိုပါကြောင်း၊ ယင်းအတွက် ယနေ့ဆွေးနွေးပွဲတွင် ဆလုံတိုင်းရင်းသားများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဘဝများပိုမိုကောင်းမွန်လာရန်အတွက် မိမိတို့ကူညီပေးနိုင်ရန် ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း၊ မိမိအနေဖြင့် တတ်နိုင်သမျှ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ မတတ်နိုင်သည့်ကိစ္စများကိုလည်း လုပ်ဆောင်သင့်ပါက အနေးနှင့်အမြန် လုပ်ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ မိမိတို့တစ်ယောက်နှင့်တစ်ယောက် ယုံယုံကြည်ကြည် ဆွေးနွေးနိုင်ရန်ဖြစ်ကြောင်း။

**ကိုယ့်ကိုယ်ကိုယုံကြည်ရန်လို**

မိမိတို့အနေဖြင့် ဆလုံတိုင်းရင်းသားများမှာ အင်မတန်မှခံနိုင်ရည်ရှိသည်ကို သိပါကြောင်း၊ သတ္တိရှိသည်ကို သိပါကြောင်း၊ တစ်ခါတစ်ရံ အခြားတိုင်းရင်းသားများကို ကြည့်ပြီး သူတို့လောက် မတိုးတက်သေးဘူးဆိုသည့် အားငယ်စိတ် မရှိစေလိုကြောင်း၊ လူတိုင်းလူတိုင်းတွင် အားသာချက်များရှိပါကြောင်း၊ အားနည်းချက်များလည်း ရှိပါကြောင်း၊ တချို့မှာ အမြင်တွင် ကိုယ့်ထက်ချမ်းသာကြွယ်ဝသည့်ပုံစံထွက်ပေါ်နေသော်လည်း သူတို့တွင် ကိုယ်မမြင်ရသည့် အားနည်းချက်များ ရှိပါကြောင်း၊ သို့ဖြစ်၍ ကိုယ့်ကိုယ်ကိုယုံကြည်ရန်လိုပါကြောင်း၊ ဆလုံတိုင်းရင်းသားများ၏ ထိန်းသိမ်းသင့်သည့် ရိုးရာထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းကြစေလိုကြောင်း၊ သတ္တိရှိရှိဖြင့် ဘဝကို ရင်ဆိုင်ကြစေလိုကြောင်း။

အရေးကြီးသည့်ကိစ္စနှစ်ခုရှိပါကြောင်း၊ တစ်ခုမှာ ကျန်းမာရေးဖြစ်ပါကြောင်း၊ မိမိတို့ ဆလုံတိုင်းရင်းသားများအနေဖြင့် ကျန်းမာရေးဂရုစိုက်ရန်လိုပါကြောင်း၊ ကျန်းမာရေးကောင်းမှသာ ကိုယ့်အနာဂတ်ကို ရပ်တည်နိုင်မည်ဖြစ်ကြောင်း။

ဒုတိယအချက်မှာ ပညာရေးဖြစ်ပါကြောင်း၊ မိမိတို့ ဆလုံလူငယ်များအား ပညာတတ်အောင်သင်ကြားပေးရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ဆက်လက်ပြီး ကောင်းမွန်သည့် ရိုးရာအစဉ်အလာများကို ထိန်းသိမ်းနိုင်မည့် အရည်အချင်းများရှိမည်ဖြစ်ပါကြောင်း၊ ခေတ်နှင့်အညီပြောင်းလဲပြီး တိုးတက်အောင်ဆောင်ရွက်နိုင်မည့် အရည်အချင်းများရှိမည် ဖြစ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး လိုအပ်ချက်များရှိပါက ပြောကြားစေလိုကြောင်း၊ မိမိတို့ကျင့်သုံးနေသည့် ပညာရေးစနစ်သည် ဆလုံတိုင်းရင်းသားများအတွက် သင့်တော်ချင်မှလည်း သင့်တော်မည်ဖြစ်ပါကြောင်း၊ မသင့်တော်ပါက ပြောင်းလဲသင့်သည်များကို ပြောင်းလဲပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပညာဆိုသည်မှာ ကျောင်းတွင် သင်ကြားသည့်ပညာမှသာ မဟုတ်ပါကြောင်း၊ ကိုယ့်ရိုးရာအရ တတ်မြောက်ထားသည့် လုပ်နိုင်ကိုင်နိုင်သည်ကလည်း ပညာဖြစ်ပါကြောင်း၊ ဆလုံတိုင်းရင်းသားများသည်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပင်လယ်နှင့်ဆက်စပ်သည့် လုပ်ငန်းများတွင် ကျွမ်းကျင်မှုရှိပါကြောင်း၊ ယင်းကျွမ်းကျင်မှုများကို ထိန်းသိမ်းထားရန်မှာ အရေးကြီးပါကြောင်း၊ ခြုံငုံပြောရလျှင် ပညာရှာသည်မှာ ရှိပြီးသား ရိုးရာအတတ်ကျွမ်းကျင်မှုများကို ထိန်းသိမ်းထားရန်နှင့် အသစ်တတ်မြောက်ရမည့် ပညာများကို စုစည်းရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့ရောက်ရှိနေသည့်အချိန်တွင် ပညာရေးနှင့်ပတ်သက်သည့် လိုအပ်ချက်များနှင့် အခြားလိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြကြရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

**ငါးဖမ်းလုပ်ငန်းများ အဆင်ပြေစေရန် တင်ပြ**

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဒေသခံပြည်သူများက အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် ဆလုံတိုင်းရင်းသားအချို့ မူလမွေးရပ်မြေသို့ ပြန်လည်အခြေချနေထိုင်လိုသည့်အတွက် ဆောင်ရွက်ပေးနိုင်ရေး၊ တစ်ပိုင်တစ်နိုင် ငါးဖမ်းလုပ်ငန်းများ အဆင်ပြေစေရန် ငါးဖမ်းလှေများအား စည်းမျဉ်းသတ်မှတ်၍ သတ်မှတ်ပိုက်များဖြင့် ရှာဖွေဖမ်းဆီးရန်အတွက် စိစစ်ဆောင်ရွက်ပေးရေး၊ ရေရှည်စားဝတ်နေရေးအတွက် လုပ်ငန်းများ ဖော်ဆောင်ပေးရေး၊ ဆရာဝန်နှင့် သူနာပြုလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ဆလုံတိုင်းရင်းသားများ နေထိုင်သည့် ပင်လယ်ပြင်ကျွန်း ၁၀ ကျွန်းအား လက်တွေ့ကွင်းဆင်းပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ကာရရှိလာသည့် တွေ့ရှိချက်များကို အခြေခံ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများ ဆောင်ရွက်ပေးနိုင်ရေး၊ ခရီးသွားလုပ်ငန်းများတွင် ဆလုံတိုင်းရင်းသားများ တိုက်ရိုက်အကျိုးခံစားနိုင်မည့် အစီအမံများ ဆောင်ရွက်ပေးရေး၊ ဆလုံကျေးရွာပရဟိတလူငယ်အသင်းများအား အသိအမှတ်ပြုပေးနိုင်ရေး၊ ဆလုံကျေးရွာများတွင် ပြည်တွင်းခရီးသွားဧည့်သည်များ ညအိပ်ရပ်နားတည်းခိုခွင့် ခွင့်ပြုပေးနိုင်ရေး၊ ညောင်းဝိုးကျေးရွာအား ကျေးရွာအမည်ပေါက်ရရှိရေးနှင့် ဆေးပေးခန်းရရှိရေး၊ တွဲဖက်အလယ်တန်းကျောင်းရရှိရေးနှင့် မကြံ့ဂလက်ကျေးရွာနှင့် ဆလုံကျေးရွာများအတွက် မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးနိုင်ရေးတို့ကို တင်ပြကြသည်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့သောင်းမြို့နယ် မကြံ့ဂလက်(မော်ကင်း) ဆလုံတိုင်းရင်းသားကျေးရွာ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသခံများ စားဝတ်နေရေးဖူလုံမှုရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စနစ်တကျလေ့လာဆန်းစစ်၍ စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ဆေးဝါးကုသနိုင်ရေးအတွက် အမြန်ဆုံး အလေးထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆလုံတိုင်းရင်းသားများနေထိုင်သည့် ကျွန်း ၁၀ ကျွန်းအတွက် ဝန်ကြီးဌာန ငါးခုမှ စုဖွဲ့ပြီး ကွင်းဆင်းလေ့လာဆန်းစစ်ပြီး ရေရှည်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ချက်ချင်းဆောင်ရွက်ပေးမည့် အစီအမံများ၊ အချိန်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

**ဆလုံရိုးရာလှေငယ်ကို ဂါရဝပြုပေးအပ်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မကြံ့ဂလက်(မော်ကင်း) ကျေးရွာ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ ဒေသခံတာဝန်ရှိသူများက လက်ခံရယူပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဒေသထွက်လက်ဆောင်ပစ္စည်းများနှင့် ဆလုံရိုးရာလှေငယ်ကို ဂါရဝပြုပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မကြံ့ဂလက်ကျေးရွာမှ ဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူများနှင့်လည်းကောင်း၊ မကြံ့ဂလက်ကျေးရွာ ပရဟိတလူငယ်များနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ပင်လယ်ပြင်တွင် လှည့်လည်ကျက်စား**

ဆလုံမျိုးနွယ်စုများသည် အစုအဖွဲ့အလိုက် နေထိုင်ကြပြီး ပင်လယ်ပျော်များဟုလည်း လူသိများကြောင်း၊ “ဆလုံ”ထက် “မော်ကင်း”ဟု အခေါ်ခံရခြင်းကို ပိုမိုနှစ်သက်ကြကြောင်း၊ အများအားဖြင့် မြိတ်ကျွန်းစုဒေသတွင် နေထိုင်ကြကာ ဆလုံလူမျိုးသည် မြိတ်ကျွန်းစုဒေသ၏ အထင်ကရ အမှတ်အသား (Identity) တစ်ခုဖြစ်ကြောင်း၊ ၎င်းတို့၏ ဓလေ့နှင့်နေထိုင်မှုတို့မှာ အခြားမျိုးနွယ်များနှင့် ကွဲပြားကြောင်း၊ ဆလုံလူမျိုးတို့သည် နေရာတစ်ခုတွင် အတည်တကျနေထိုင်ခြင်းမပြုဘဲ ပင်လယ်ပြင်တွင် လှည့်လည်ကျက်စားကြကြောင်း၊ ရေကူး၊ ရေငုပ်ရာတွင် ကျွမ်းကျင်ပြီး ပင်လယ်ကြမ်းပြင်အထိ ရေငုပ်နိုင်ပြီး ရေအောက်တွင် အောက်ဆီဂျင် အကူအညီမပါဘဲ အချိန်အတော်ကြာနေနိုင်ကြောင်း၊ ထို့ကြောင့် Sea Gypsy or Men of the Sea အဖြစ်လည်း အမည်တွင်ကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးတို့ဖြင့် အသက်မမွေးဘဲ ရေလုပ်ငန်း၊ ပုလဲငုပ်ခြင်းတို့ဖြင့် အသက်မွေးကြကြောင်း၊ ပေါ့ပါးသော သစ်လုံးများဖြင့် ထွင်းထားသည့် ကဘန်ခေါ် ဆလုံရိုးရာလှေများကို အသုံးပြုကြကြောင်း၊ အသုံးအဆောင်များ၊ အစာနှင့် ရေ၊ ခွေး၊ ကြောင်၊ ကြက်များကိုလည်း တစ်ပါတည်း လှေနှင့်အတူ တင်ယူလာလေ့ရှိကြကြောင်း။

ဆောင်းနှင့် နွေရာသီတို့တွင် ငါးဖမ်းခြင်း၊ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်းတို့ဖြင့် အသက်မွေးကြပြီး မိုးရာသီ ရာသီဥတုဆိုးရွားသည့်အခါ နီးစပ်ရာကျွန်းပေါ်တွင် ဝါးခြေတိုင်ရှည်တဲများဖြင့်လည်းကောင်း၊ ဂူများရှာ၍လည်းကောင်း နေထိုင်လေ့ရှိကြောင်း သိရသည်။

**ရောရောနှောနှော နေထိုင်လေ့မရှိ**

ထို့ပြင် ဆလုံလူမျိုးတို့သည် ပင်လယ်ခရု၊ ကမာ(မုတ်)ကောင်များ၊ ငါးကြီးအန်ဖတ်၊ ပင်လယ်ရေမှော်ပင်၊ ပုလဲ၊ ငှက်သိုက်၊ ပျားရည်၊ ပရဆေးပင်များကို ရှာဖွေစုဆောင်းပြီး ရောင်းချလေ့ရှိကြောင်း၊ အခြားလူမျိုးများနှင့် ရောရောနှောနှော နေထိုင်လေ့မရှိကြောင်း၊ ၎င်းတို့၏ လူနေမှုစနစ်ကို ယုံကြည်စွာ တန်ဖိုးထားထိန်းသိမ်းကြပြီး ကိုယ်ပိုင်ရိုးရာနတ်ကို ကိုးကွယ်ကြကြောင်း၊ ဆလုံဦးရေ စုစုပေါင်း ၃၀၀၀ ခန့်ရှိကြောင်း ခန့်မှန်းရပြီး အုပ်စု ၁၀ စုဖြင့် နေထိုင်ခြင်းဖြစ်ကာ မြန်မာနိုင်ငံတွင် ၉ စုနှင့် ထိုင်းနိုင်ငံတွင် ၁ စု ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မကြံ့ဂလက်ကျေးရွာမှ အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ကော့သောင်းမြို့သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့သောင်းမြို့နယ် မကြံ့ဂလက်(မော်ကင်း) ဆလုံတိုင်းရင်းသားကျေးရွာ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့သောင်းမြို့နယ် မကြံ့ဂလက်ကျေးရွာမှ ဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**အများပြည်သူ ယုံကြည်မှုမြင့်မားလာရေး**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရေးသည် တရားရုံးများ၏ ပင်မလုပ်ငန်းတာဝန် ဖြစ်သောကြောင့် တရားစီရင်ရေး လုပ်ငန်းများ တိုးတက်ကောင်းမွန်ရန်အတွက် တရားရုံးအဆင့်ဆင့်၏ အမှုများ စစ်ဆေးစီရင်မှု အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု၊ မှန်ကန်မှု၊ မျှတမှု၊ ဘက်မလိုက်မှု၊ အဂတိတရားကင်းစင်မှုတို့သည် အဓိကကျကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး၊ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေး၊ အဂတိတရားကင်းစင်သည့် တရားစီရင်ရေး ဖြစ်ပေါ်ရေး၊ တရားရုံးများရှိ သက်သေခံပစ္စည်းများ ထိရောက်မြန်ဆန်စွာ စီမံခန့်ခွဲရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအဆင့်အထိ အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးသည် နိုင်ငံတော်၏ အခြေခံမူဖြစ်သကဲ့သို့ တရားစီရင်ရေးမှ တစ်ရပ်လည်း ဖြစ်ကြောင်း၊ အဆင့်ဆင့်သော တရားသူကြီးများ၏ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ ကျင့်ဝတ်လိုက်နာမှု၊ လုပ်ငန်းတွင် လုံ့လရှိမှုတို့ဖြင့်သာ လွတ်လပ်သော တရားစီရင်ရေးကို ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ အမှုအခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီထိရောက်စွာ ဖြေရှင်းပေးရေးနှင့် အထူးမှုခင်းကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ တရားမျှတမှုနှင့် တရားရုံးသတင်းအချက်အလက်များ အများပြည်သူ လက်လှမ်းမီရေးတို့ကို ပိုမိုအလေးထား ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ တရားရုံး၏ အကောင်းဆုံး ဂုဏ်သတင်းကို ထိန်းသိမ်းလျက် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် တရားစီရင်ရေး အပေါ် အများပြည်သူတို့၏ ယုံကြည်ကိုးစားမှု တိုးတက်မြင့်မားလာရေးတို့ အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

**၂၈၆၀ မှု စစ်ဆေးပြီးပြတ်**

မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့် စပ်လျဉ်းပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ **ပြည်ထောင်စု တရားလွှတ်တော်ချုပ်**တွင် ရာဇဝတ်အမှုပေါင်း ၂၀၀၁ မှု လက်ခံရရှိပြီး (ယခင်နှစ်အမှုလက်ကျန် ၉ မှု အပါအဝင်) ၂၀၁၀ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၂၇၅၀ မှု လက်ခံရရှိပြီး(ယခင်နှစ်အမှုလက်ကျန် ၁၁၀ မှု အပါအဝင်) ၂၈၆၀ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၃၁၇ မှု လက်ခံရရှိပြီး (ယခင်နှစ်အမှုလက်ကျန် ၁၆ မှု အပါအဝင်) ၃၃၃ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း။

**ဥပဒေနှင့်အညီ ထိရောက်စွာစီမံခန့်ခွဲ**

**တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များ**တွင် ရာဇဝတ်အမှုပေါင်း ၇၃၈၁ မှု လက်ခံရရှိပြီး ၇၀၇၃ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၆၀၇၆ မှု လက်ခံရရှိပြီး ၅၁၆၁ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ **ခရိုင်တရားရုံးများ**တွင် ရာဇဝတ်အမှုပေါင်း ၂၃၈၂၉ မှု လက်ခံရရှိပြီး ၂၂၄၁၄ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၁၃၃၉၃ မှု လက်ခံရရှိပြီး ၁၁၈၅၃ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ မြို့နယ်တရားရုံးများတွင် ရာဇဝတ်အမှုပေါင်း ၃၁၅၀၂၃ မှု လက်ခံရရှိပြီး ၃၀၀၇၉၀ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၂၉၁၆၂ မှု လက်ခံရရှိပြီး ၂၇၄၅၉ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ ဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့်မန္တလေး)တွင် ကလေးသူငယ် ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၅၁ မှု လက်ခံရရှိပြီး (ယခင်နှစ်အမှုလက်ကျန် ၄၃ မှု အပါအဝင်) ၃၉၄ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ **စည်ပင်သာယာတရားရုံး**(နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့တွင် စည်ပင်သာယာ ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၄၀၆၇ မှု လက်ခံရရှိပြီး (ယခင်နှစ်အမှုလက်ကျန် ၁၉၂ မှု အပါအဝင်) ၁၄၂၅၉ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၁၉၆၂ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အမှုပြီးပြတ်နှုန်းသည် ယခင်နှစ် အမှုပြီးပြတ်နှုန်းထက် ပိုမိုကောင်းမွန်လာသော်လည်း ရည်မှန်းချက်ပြည့်မီခြင်းမရှိသေးကြောင်း တွေ့ရှိရသဖြင့် အမှုပြီးပြတ်ရေး ပိုမိုကြိုးပမ်းကြရန်နှင့် တစ်နှစ်ထက်တစ်နှစ် များပြားလာသည့် မှုခင်းများကို ဥပဒေနှင့်အညီ ထိရောက်စွာ စီမံခန့်ခွဲကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

**ဖေဖော်ဝါရီ ၁၆ ရက်အထိကျင်းပမည်**

ယင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၈ ခုနှစ် အဓိကဆောင်ရွက်မှုများနှင့် ၂၀၁၉ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များ ထုတ်ပြန်

**နေပြည်တော်၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့-တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂) အရ ၂၀၁၈ ခုနှစ်၏ အဓိကဆောင်ရွက်မှုများနှင့် ၂၀၁၉ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။**

**၂၀၁၈ ခုနှစ်၏ အဓိကဆောင်ရွက်မှုများ**

- ❖ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေအရ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းဥပဒေများ ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တို့ ဖွဲ့စည်းခြင်း၊ ယင်းအဖွဲ့များအတွက် ဘဏ္ဍာရေးနှင့် ဝန်ထမ်းဖွဲ့စည်းပုံအပါအဝင် ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ် စီမံဆောင်ရွက်ရန်ကိစ္စရပ်များကို တင်ပြဆောင်ရွက်ပေးခြင်း၊
- ❖ ပထမဆုံး ဒေသဆိုင်ရာ တရားစီရင်ရေးညီလာခံဖြစ်သည့် Asia Pacific Conference on Environmental and Climate Change Adjudication ကို အိမ်ရှင်အဖြစ် ကျင်းပခြင်း၊
- ❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အင်တာနက်စာမျက်နှာကို အာဆီယံတရားစီရင်ရေး အင်တာနက်ပေါ်တယ် (ASEAN Judiciaries Portal-AJP) နှင့်ချိတ်ဆက်၍ မြန်မာနိုင်ငံ တရားစီရင်ရေးနှင့် ဥပဒေစနစ်ဆိုင်ရာ သတင်းအချက်အလက်အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ခြင်း၊
- ❖ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေမူကြမ်းကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊
- ❖ တရားသူကြီးများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်စေရန် ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးမှုခင်းဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများ ကျင်းပခြင်း၊ ဥပဒေရှုထောင့်မှ လေ့လာဆန်းစစ်မှုများ ပြုလုပ်ခြင်း၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းအပါအဝင် လေ့ကျင့်သင်ကြားရေး လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် လူကုန်ကူးမှု တားဆီးရေး၊ မူးယစ်ဆေးဝါး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး စသည့်ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခြင်း၊
- ❖ တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို ၉၈% သို့ တိုးတက်အောင် ဆောင်ရွက်ခြင်း၊
- ❖ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program- NCMP) ကို ခရိုင်တရားရုံး (၁၀) ရုံးနှင့် မြို့နယ်တရားရုံး (၁၆)ရုံးတွင် စတင်အကောင်အထည်ဖော်ခြင်း၊
- ❖ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး၊ ဘက်လိုက်မှုကင်းပြီး အဂတိတရားကင်းစင်ရေး၊ တရားရုံးသက်သေခံပစ္စည်းများ ထိရောက်မြန်ဆန်စွာ စီမံခန့်ခွဲရေးတို့ကို တရားရုံးအဆင့်ဆင့်က တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်ခြင်း၊

**၂၀၁၉ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များ**

- ❖ မှုခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီထိရောက်စွာ ဖြေရှင်းပေးရေးအတွက် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၅)ရုံးနှင့် မြို့နယ်တရားရုံး (၄၃ )ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ရန်၊
- ❖ မှုခင်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုများကို စံသတ်မှတ်သည့် အချိန်ကာလအတွင်း ပြီးပြတ်ရေးနှင့် အမှုရွှေ့ဆိုင်းမှုနှုန်း လျော့ကျရေးဆောင်ရွက်ရန်၊
- ❖ ပြဋ္ဌာန်းဥပဒေသစ်များနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့် မှုခင်းများ၊ ကလေးသူငယ်မှုခင်းများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးမှုခင်းများ စသည့်အထူးမှုခင်းကိစ္စများ ဆောင်ရွက်ရန်၊
- ❖ အများပြည်သူ တရားမျှတမှု လက်လှမ်းမီရေးအတွက် တရားရုံးများရှိ အမှုလက်ခံဌာန၊ စုံစမ်းရန်နှင့် သတင်းအချက်အလက်ရယူရန် ကောင်တာများကို စနစ်တကျ အသုံးပြုရေး ဆောင်ရွက်ရန်၊
- ❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website တွင် တရားရုံးနှစ်စဉ်အစီရင်ခံစာများ၊ မှုခင်းဆောင်ရွက်မှု အခြေအနေများနှင့် ကူးသန်းရောင်းဝယ်ရေးမှုခင်းဆိုင်ရာ စီရင်ချက်များဖော်ပြခြင်း၊ တရားရုံးလက်ကမ်းစာစောင်များကို တိုင်းရင်းသား ဘာသာစကားဖြင့် ဖြန့်ဝေခြင်း၊ အများပြည်သူစိတ်ဝင်စားသည့် မှုခင်းများကို သတင်းထုတ်ပြန်ပေးခြင်းတို့ဖြင့် အများပြည်သူ တရားရုံးသတင်း ပိုမိုလက်လှမ်းမီရေး ဆောင်ရွက်ရန်၊
- ❖ တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို ခရိုင်တရားရုံး (၂)ရုံးနှင့် မြို့နယ်တရားရုံး (၂)ရုံးတွင် အကောင်အထည်ဖော်ခြင်းဖြင့် မှုခင်းများကို အခြားနည်းဖြင့် ဖြေရှင်းနိုင်ရေး စတင်ဆောင်ရွက်ရန်၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၈ ခုနှစ် ဆောင်ရွက်ချက်များကို ၂၀၁၈ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့် ၂၀၁၉ ခုနှစ် လုပ်ငန်းအစီအစဉ်များကို တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ဒုတိယနှစ်အစီအစဉ် (၂၀၁၉)တို့တွင် ကြည့်ရှုနိုင်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**နေပြည်တော်**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒုတိယအကြိမ်မြောက် ယဉ်ကျေးမှုဖလှယ်ခြင်းအစီအစဉ်အဖြစ် ထိုင်းဘုရင့်တပ်မတော်ယဉ်ကျေးမှုအဖွဲ့ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ဒုတိယအကြိမ်မြောက် ယဉ်ကျေးမှုဖလှယ်ခြင်းအစီအစဉ်အဖြစ် ထိုင်းဘုရင့်တပ်မတော်ယဉ်ကျေးမှုအဖွဲ့ ဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာ-ထိုင်း နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲစေရန်နှင့် နှစ်နိုင်ငံယဉ်ကျေးမှုများ အပြန်အလှန် ဖလှယ်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ်မြောက် ယဉ်ကျေးမှုဖလှယ်ခြင်း အစီအစဉ်အဖြစ် ထိုင်းဘုရင့်တပ်မတော် ယဉ်ကျေးမှုအဖွဲ့ ဖျော်ဖြေပွဲအခမ်းအနားအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

**တီးမှုတ်ဖျော်ဖြေ**

ဖျော်ဖြေပွဲအခမ်းအနားတွင် ထိုင်းဘုရင့်တပ်မတော် ယဉ်ကျေးမှု ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Major General Pairoj Wilailuk က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် ဖျော်ဖြေပွဲ အခမ်းအနားအား စတင်ကျင်းပပြုလုပ်ရာ မြန်မာ့တပ်မတော်စစ်ချီတေးသီချင်းဖြစ်သည့် "ဒို့တပ်မတော်" သီချင်းအား ထိုင်းဘုရင့်တပ်မတော် တေးဂီတအဖွဲ့က လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော် စစ်ချီသီချင်းဖြစ်သည့် "Royal Thai Army March" သီချင်းအား မြန်မာ့တပ်မတော် ရိုးရာဆိုင်းဝိုင်းဖြင့်လည်းကောင်း တီးမှုတ်ဖျော်ဖြေကြသည်။

**ခေတ်ပေါ်နှင့်ရိုးရာတူရိယာများ တွဲဖက်ဖျော်ဖြေ**

ဆက်လက်ပြီး ထိုင်းဘုရင့်တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့များက ခေတ်ပေါ်နှင့် ရိုးရာတူရိယာများတွဲဖက်ပြီး တီးခတ်ဖျော်ဖြေကြသည်။

**နှစ်နိုင်ငံပူးပေါင်း၍ သီဆိုဖျော်ဖြေ**

ထို့နောက် မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့နှင့် ထိုင်းဘုရင့်တပ်မတော် ယဉ်ကျေးမှုအဖွဲ့တို့က ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေကြပြီး နှစ်နိုင်ငံ တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှစ်ဖွဲ့ ပူးပေါင်း၍ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဖျော်ဖြေပွဲအခမ်းအနား အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ထိုင်းဘုရင့်တပ်မတော် ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ Asahi Shimbun သတင်းဌာနအား လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများအား ဖြေကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ Asahi Shimbun သတင်းဌာန ရန်ကုန်ဌာနခွဲမှ အကြီးအကဲဖြစ်သူ Mr. Ryuta SOMETAYA အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ထိုသို့တွေ့ဆုံမေးမြန်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး တပ်မတော်၏သဘောထားအမြင်၊ လွှတ်တော်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အရေးကိစ္စများကို တပ်မတော်နှင့်အစိုးရ၏ ဖြေရှင်းဆောင်ရွက်ချက်များအပေါ် နိုင်ငံတကာမှ အမှန်အတိုင်းမသိရှိဘဲ စွပ်စွဲပြောဆိုနေမှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်အတွက် တပ်မတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘောထားအမြင်များအား ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ Asahi Shimbun သတင်းဌာန ရန်ကုန်ဌာနခွဲမှ အကြီးအကဲဖြစ်သူ Mr. Ryuta SOMETAYA ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် လာအိုနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် လာအိုနိုင်ငံ LuangPrabang (လန်ပရာဘန်) မြို့တွင် ကျင်းပမည့် မြန်မာ-လာအိုနှစ်နိုင်ငံ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် ဆွေးနွေးပွဲနှင့် ဆက်စပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ရန် ယနေ့ နံနက် ၁၀ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ လာအိုနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Somphay VONGMAHA-CHACK နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ (ဝဲပုံ)

မြန်မာ-လာအို လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ နားလည်မှုဆိုင်ရာ စာချွန်လွှာအရ နှစ်ဖက်ကိုယ်စားလှယ်များ ပါဝင်သည့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းကာ နယ်စပ်ဖြတ်ကျော် ဓာတ်အားဝယ်ယူ/ရောင်းချရေး၊ နည်းပညာဖလှယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအား အပြန်အလှန်ဆွေးနွေးလျက်ရှိကြောင်း၊ ယခု လာအိုနိုင်ငံတွင် ကျင်းပမည့်ဆွေးနွေးပွဲတွင်လည်း နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ အချက်အလက်များအား ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးမှာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း၊ နိုင်ငံ၏ ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကို လုပ်ငန်းတာဝန် (၁၀)ချက် ချမှတ်ကာ အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီနှင့် အကြံပေးကော်မတီတွင် လုပ်ငန်းအစုအဖွဲ့ ၃ဖွဲ့တို့ကို ဖွဲ့စည်းခဲ့ပြီး ကမ်းရိုးတန်းဒေသကြီးတစ်လျှောက် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်(၆)ခုတွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီ(၆)ခုနှင့် ခရိုင်အဆင့်ကော်မတီ (၁၃)ခုတို့ကို ဖွဲ့စည်းထားရှိကာ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ကျင်းပပြီးစီးခဲ့သည့် ဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးမှ ပဥ္စမအကြိမ် အစည်းအဝေးအထိ အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၄၀) ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး(၃၃)ချက်၊ ဆောင်ရွက်ဆဲ(၇)ချက်ရှိသည်ကို တွေ့ရပါကြောင်း၊ ဆောင်ရွက်ဆဲ(၇)ချက်မှာ ရေရှည်ဆောင် ရွက်ရမည့် လုပ်ငန်းများဖြစ်သည့်အတွက် အချိန်သတ်မှတ်ပြီး အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ထင်ရှားသော အကောင်အထည်ဖော် ဆောင်ရွက်ချက်များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ် တပ်ဆင်သော လုပ်ငန်းများ၊ တပ်မတော်(ရေ)နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းကာ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းနိုင်ရန် စတင်ပြင်ဆင်ဆွေးနွေးမှုများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြီး ရန်ကုန်မြစ်ကြောင်းအတွင်း ဆီယိုစိမ့်မှုမဖြစ်ပွားစေရေး စီမံချက်ကို ညှိနှိုင်းရေးဆွဲဆောင်ရွက်မှုများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ကမ်းခြေသန့်ရှင်းသာယာလှပရေး၊ မြန်မာနိုင်ငံရှိ ကမ်းခြေများအနေဖြင့် လက်ရှိကမ္ဘာ့အဆင့်နှင့် ဒေသတွင်းအဆင့်များမှ ကျဆင်းမသွားစေရန်နှင့် ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပြီး လုပ်ငန်းတိုးမြှင့် ဆောင်ရွက်လာခြင်းများ၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုဘဝများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ကမ်းရိုးတန်းသယံဇာတများဖြစ်သည့် ဒီရေတော၊ သန္တာကျောက်တန်း၊ ပင်လယ်မြက်ခင်းနှင့် ကျွန်းဂေဟစနစ်များကို စနစ်တကျ ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် စီမံချက်များ ချမှတ်ကာ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနှင့် အဏ္ဏဝါသဘာဝထိန်းသိမ်းရေးနယ်မြေများကို တိုးချဲ့ဖွဲ့စည်းနေမှုများ စသည့်လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်နေသည်ကို တွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက် ဘက်စုံတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ကဏ္ဍစုံပါဝင်သည့် စီမံအုပ်ချုပ်မှု၏ အဓိကအခြေခံသဘောတရားတစ်ခုဖြစ်သည့် **“ဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်လာစေခြင်းဆိုသည့် “Participation” လုပ်ငန်းစဉ်”**ကို ရည်ရွယ်ချက် (၄)ချက် ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပထမရည်ရွယ်ချက်မှာ ကဏ္ဍပေါင်းစုံ ပူးပေါင်းလာခြင်းအားဖြင့် သက်ဆိုင်ရာကဏ္ဍ တစ်ခုချင်းအလိုက် အသီးသီးကျင့်သုံးနေသည့် အတွေးအခေါ်အယူအဆသစ်များ၊ အသိပညာနှင့် အတွေ့အကြုံသစ်များကို စီမံချက်များရေးဆွဲရာတွင် ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ဆောင်ရွက်ရန်။

ဒုတိယရည်ရွယ်ချက်မှာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆက်စပ်သူအားလုံး၏ လိုအပ်ချက်များနှင့် ဦးစားပေးအစီအမံများကိုပါ ထည့်သွင်း၍ ဆုံးဖြတ်ချက်များကို အတူတကွ ချမှတ်သွားရန်။

တတိယရည်ရွယ်ချက်မှာ ကဏ္ဍပေါင်းစုံပါဝင်ပြီး ချမှတ်ထားသည့် ဆုံးဖြတ်ချက်များဖြစ်သည့်အတွက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ အာမခံချက်အခိုင်အမာရှိပြီး ပြည့်စုံသည့် အစီအမံများဖြစ်စေရန်။

**❖ ကမ်းရိုးတန်းဒေသများကို စီမံအုပ်ချုပ်လုပ်ကိုင်ရာမှာ ကဏ္ဍစုံပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုများသည် အထူးလိုအပ်ချက်တစ်ရပ်ဖြစ်၊ ကဏ္ဍတစ်ခု၏ ဆုံးဖြတ်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် အခြားကဏ္ဍများအပေါ် ဆိုးကျိုးများလွှမ်းမိုးမှုရှိနေသည်ကိုလည်း တွေ့ရတတ်၊ ထို့ကြောင့် ကဏ္ဍတစ်ခု၏ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ရာတွင် အခြားကဏ္ဍများအပေါ် ထိခိုက်နစ်နာမှုများ မရှိစေရန် အလေးထားကြပ်မတ်ဆောင်ရွက်**

စတုတ္ထရည်ရွယ်ချက်ကတော့ ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ရာမှာ ထိရောက်မှုရှိပြီး ရလဒ်ကောင်းများရရှိစေရန်တို့ ဖြစ်ပါကြောင်း။

**ဆိုးကျိုးများလွှမ်းမိုးမှုရှိနေသည်ကို တွေ့ရတတ်**

ကမ်းရိုးတန်းဒေသများကို စီမံအုပ်ချုပ်လုပ်ကိုင်ရာမှာ ကဏ္ဍစုံပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုများသည် အထူးလိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ ကဏ္ဍတစ်ခု၏ ဆုံးဖြတ်ချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် အခြားကဏ္ဍများအပေါ် ဆိုးကျိုးများလွှမ်းမိုးမှုရှိနေသည်ကိုလည်း တွေ့ရတတ်ကြောင်း၊ ဥပမာအားဖြင့် ဒီရေတောများကို ခုတ်ထွင်ရှင်းလင်းပြီး အခြားလုပ်ငန်း အသုံးပြုလိုက်ပါက ငါး၊ ပုစွန်ထုတ်လုပ်နေသည့် ရေလုပ်ငန်းအပေါ် ထိခိုက်စေခြင်း၊ တရားမဝင် ငါးဖမ်းဆီးမှုများနှင့် တားမြစ်ငါးဖမ်းနည်းများကြောင့် ဒေသခံများ၏ တစ်နိုင်တစ်ပိုင် ငါးဖမ်းလုပ်ငန်းများ၊ အဏ္ဏဝါခရီးသွားလုပ်ငန်းများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများအပေါ် ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုများ၊ ပင်လယ်ပြင်သဲထုတ်လုပ်ငန်းများနှင့် ပင်လယ်ရေကြောင်းသွားလာမှုများကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လာပြီး ငါး၊ ပုစွန်ထုတ်လုပ်မှုများအပေါ် ထိခိုက်လာမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို စနစ်တကျစီမံချက်ရေးဆွဲခြင်းမပြုဘဲ အလွန်အကျွံ တိုးချဲ့ဆောင်ရွက်ပါက ဒေသခံပြည်သူများနှင့် ပဋိပက္ခများ ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် ကဏ္ဍတစ်ခု၏ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ရာတွင် အခြားကဏ္ဍများအပေါ် ထိခိုက်နစ်နာမှုများ မရှိစေရန် အလေးထား ကြပ်မတ်ဆောင်ရွက်စေလိုပါကြောင်း။

**ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်အရေးကြီး**

ဒါ့အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများကို ထိခိုက်နစ်နာဆုံးရှုံးမှုများ မဖြစ်စေရန်အတွက် ဘက်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်အရေးကြီးပါကြောင်း၊ ထင်ရှားသော ဥပမာတစ်ခုမှာ ကမ်းရိုးတန်းဒေသများ၌ လူဦးရေတိုးပွားလာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသဖြင့် သယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းတို့ကြောင့် သဘာဝသယံဇာတများ လျော့နည်းပြုန်းတီးလာပြီး ဒေသခံပြည်သူများ၏ လူမှုဘဝများကို ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

**ထိန်းသိမ်းကာကွယ်စောင့်ရှောက်**

ထို့ကြောင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်မည့် ကော်မတီများကို ခရိုင်အဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်းပေးထားပြီး အဆိုပါအဖွဲ့အစည်းများအနေဖြင့်လည်း တွေ့ကြုံရသည့် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြပြီး ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးကြရန်နှင့် ဒေသခံပြည်သူများ၏ မိရိုးဖလာထုံးတမ်းဓလေ့စရိုက်များကို သိရှိနားလည်ပြီး အလေးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရမည် ဖြစ်ပါကြောင်း။

ဒေသခံပြည်သူလူထုများကို အခြေပြုပြီး ဒေသခံများကိုယ်တိုင် ပါဝင်ပူးပေါင်းစီမံခန့်ခွဲသည့် လုပ်ငန်းများဖြစ်သည့် “ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း”၊ “ဒေသခံများနှင့် ပူးပေါင်းစီမံခန့်ခွဲသော အဏ္ဏဝါရေပြင်ဧရိယာ”နှင့် “ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း” စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ သက်ဆိုင်ရာကော်မတီများ အနေဖြင့် အလေးထားပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေး**

ငင်းအပြင် ဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင်စေမည့် အစီအမံများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများတို့ကို တိုးမြှင့်ဆောင်ရွက်သွားကြရန်နှင့် ယခင်ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ အသိပညာပေး ဗီဒီယိုမှတ်တမ်းပြသမှုကို ကြည့်ရှုသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ဗဟိုကော်မတီ၏ ပဥ္စမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်အကောင်အထည်ဖော်မှု အခြေအနေများ၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ရေသယံဇာတ ထိန်းသိမ်းရေးအတွက် အသိပညာပေးဆောင်ရွက်နေမှုများနှင့် မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသည့် ရေယာဉ်များတွင် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ် (VMS) တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**အသီးသီး ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ငါးသယံဇာတများနှင့် ဂေဟစနစ်များကို သုတေသနပြုလုပ်နေမှုအခြေအနေ၊ တရားမဝင် ငါးဖမ်းဆီးမှု တိုက်ဖျက်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ကမ်းရိုးတန်းရေဝပ်ဒေသများနှင့် အဏ္ဏဝါသဘာဝထိန်းသိမ်းရေးနယ်မြေများ ရေရှည်တည်တံ့နိုင်စေရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကဏ္ဍအလိုက် အကျိုးပြုနေမှု အခြေအနေများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြည်နယ်အတွင်း ရေသယံဇာတများနှင့် ကမ်းရိုးတန်းများကို ထိန်းသိမ်းထားရှိမှု အခြေအနေများကို လည်းကောင်း၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ရေတို/ရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အပန်းဖြေကမ်းခြေသာယာလှပရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်း၌ ရေသယံဇာတထိန်းသိမ်းရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် အပန်းဖြေကမ်းခြေများတွင် စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်အောင် စီမံဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက တိုင်းဒေသကြီးအတွင်းရှိ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်တောများ ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် တရားမဝင် ရေသယံဇာတဖမ်းဆီးရရှိမှု အခြေအနေများကို လည်းကောင်း၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် ပတ်သက်သည့် ဥပဒေရေးရာကိစ္စရပ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဒေါက်တာခင်ဇော်၊ ဦးဝင်းခန့်၊ ဦးတင်မောင်ဦးနှင့် ဦးထွန်းထွန်းနိုင်၊ စစ်ဦးစီးဗိုလ်မှူးချုပ် (ရေ) ဗိုလ်မှူးကြီး ဇော်ဇော်လတ်နှင့် တာဝန်ရှိသူများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကဏ္ဍအလိုက် စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ လျော့ပါးရေးအတွက် ဒီရေတောနှင့် ဓနိတောများ ထူထောင်သွားရေး၊ ပင်လယ်ပြင်ခရီးသွားလုပ်ငန်း၊ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ စည်းကမ်းမဲ့ငါးဖမ်းခြင်း မပြုလုပ်စေရေး၊ ကမ်းရိုးတန်းသယံဇာတ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# သန်လျင်- ရန်ကုန် ရထားခေါက်တို ပြေးဆွဲရေးနှင့် Water Bus ပြေးဆွဲရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

သန်လျင်-ရန်ကုန်သွား ပြည်သူများ သွားလာမှု အဆင်ပြေစေရန်အတွက် အမှတ်(၁) သန်လျင်တံတားတစ်ဖက်ကမ်း သာကေတမြို့နယ်ရှိ လူအတက်အဆင်း အဆင်ပြေသည့်နေရာတွင် Railway Station တစ်ခုထားရှိကာ ရထားခေါက်တို ပြေးဆွဲရေးနှင့် ယင်းစခန်းမှ YBS ယာဉ်လိုင်းဖြင့် ချိတ်ဆက်ပြေးဆွဲနိုင်ရေး၊ သီတာဆိပ်ကမ်းမှ Water Bus ပြေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်စိုးက သန်လျင်မြို့ဖွံ့ဖြိုးလာသည်နှင့်အမျှ မီးရထားကဏ္ဍလည်း အရေးပါလာကြောင်း၊ လက်ရှိ သန်လျင်-ရန်ကုန် တိုးချဲ့လမ်းဖောက်လုပ်နေစဉ်အတွင်း ရထားဖြင့်သွားလာနိုင်ရေး မကြာမီအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်/မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ YBS ယာဉ်လိုင်းမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



သန်လျင်- ရန်ကုန် ရထားခေါက်တို ပြေးဆွဲရေးနှင့် Water Bus ပြေးဆွဲရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# ပန်းလောင်မြစ်ကူးတံတားကို အဆင့်တိုးမြှင့်တည်ဆောက်ရန် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းခုနစ်ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းနှစ်ခုဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းအဆင့်မြှင့်တင်ပေးရေးဆိုင်ရာမေးခွန်း နှစ်ခုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြန်လည်ဖြေကြားသည်။

ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၏ **ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆဒုံးမြို့မှ ဆဂါပါကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အဆိုပါ လမ်းအား တစ်နေ့လျှင် မော်တော်ယာဉ် ၁၀ စီးခန့်သာ ဖြတ်သန်းသုံးစွဲလျက်ရှိသည်ဟု သိရှိရပါကြောင်း၊ ထို့ပြင် ယင်းဒေသသည် နယ်မြေလုံခြုံရေး အခြေအနေအရ လတ်တလော ဆောင်ရွက်ပေးရန် မသင့်တော်သေးကြောင်း မြေပြင်ကွင်းဆင်းစိစစ်ချက်အရ သိရှိရပါကြောင်း။

## ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆဒုံးမြို့မှ ဆဂါပါကျေးရွာသို့ ဆက်သွယ်သည့် မြေသားလမ်းအား မြေပြင်ကွင်းဆင်း စစ်ဆေးထားရှိမှုတို့အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်

ထို့ကြောင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆဒုံးမြို့မှ ဆဂါပါကျေးရွာသို့ ဆက်သွယ်သည့် မြေသားလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်အတွက် မိမိတို့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစာရင်းတွင် လုပ်ငန်းဖြစ်မှု၊ ဘတ်ဂျက်ရရှိနိုင်မှု၊ လုပ်ငန်းလိုအပ်ချက်နှင့် ဒေသအတွက်အကျိုးပြုနိုင်မှု၊ မြေပြင်အခြေအနေနှင့် ကိုက်ညီမှု၊ သက်ဆိုင်ရာ နယ်မြေတာဝန်ခံများမှ လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်များမှ လည်းကောင်း ဦးစွာမြေပြင်ကွင်းဆင်း စစ်ဆေးထားရှိမှုတို့အပေါ်မူတည်၍ ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ရန်ပုံငွေ စိစစ်ထောက်ခံတင်ပြလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေး တတိယ ၅ နှစ် စီမံကိန်းတွင် အဆိုပြုထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **မိုင်းရယ်မြို့နယ် စလန်း- ပုန်းထွန်ကျေးရွာအုပ်စု၊ ပိန်းကွေ့ကျေးရွာအထိ (နားယ-နားစောက်- ပိန်းကွေ့) လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် သက်ဆိုင်ရာက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နားယ-နားစောက်-ပုံဟ-ပိန်းကွေ့ကျေးရွာချင်းဆက် ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ စာရင်းတွင် မှတ်တမ်းတင်ထားရှိမည် ဖြစ်ပါကြောင်း၊ နယ်မြေဒေသ၏ လုံခြုံရေးအခြေအနေ၊ ဒေသခံပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းမှု၊ ဒေသအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆက်စပ်မှုရှိ/မရှိ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေအနေအထားများကို လွှတ်တော်ကိုယ်စားလှယ်အပါအဝင် ဒေသမှတာဝန်ရှိသူများ၏ အသေးစိတ်ကွင်းဆင်းစိစစ်မှုအပေါ် အခြေခံ၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရန်ပုံငွေ စိစစ်ထောက်ခံတင်ပြလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေး တတိယ ၅ နှစ် စီမံကိန်း၏ အစောဆုံးဘဏ္ဍာရေးနှစ်တွင် အဆိုပြုထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်၏ **စဉ့်ကိုင်-စော်ရဲ ကျေးလက်လမ်းပေါ်ရှိ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်ကို ဆက်သွယ်ထားသော ပန်းလောင်မြစ်ကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဆိုပါတံတားပေါ်တွင် လက်ရှိဖြတ်သန်းသွားလာလျက်ရှိသော ယာဉ်များ၏တန်ချိန်နှင့် တံတား၏ကြံ့ခိုင်မှုခံနိုင်ဝန်မှာ လိုက်လျောညီထွေမှု မရှိသည့်အတွက် ကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြသွားမည်ဖြစ်ကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြေကြားစဉ်။



စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မို့မို့လွင် မေးမြန်းစဉ်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၏ **ဒလမြို့နယ်ရှိ တံတားအမှတ် ၁/၁၄ သခွပ်မြစ်ကူးတံတားကို တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် သို့မဟုတ် တံတားကြမ်းခင်းများ ထိန်းသိမ်းပြုပြင်ပေးရန်နှင့် တံတားအကျယ်တိုးချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများအား နှစ်စဉ်ဖောက်လုပ်ဆောင်ရွက်နေသော အကွာအဝေးမိုင်များထက် ပိုမိုဖောက်လုပ်ပေးရန်နှင့် ယခင်ဖောက်လုပ်ပြီးအသုံးမပြုနိုင်ဘဲပျက်စီးနေသော ကျေးလက်လမ်းများအား အသုံးပြုနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၏ **မိုင်းပျဉ်းမြို့နယ် ယမ်းခမ်းကျေးရွာအုပ်စု၊ နားညောင်ကျေးရွာသို့ ဆက်သွယ်ထားသောတံတားသည် နမ့်ပိန်းချောင်းရေကြီးမှုကြောင့် တိမ်းစောင်းသွား၍ အဆိုပါတံတားအား ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စု တပ်ဦး- ကျောင်းကုန်းကျေးရွာချင်းဆက် လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူးသစ်သားတံတား (၁၄၆×၁၂×၂၃) ပေအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်က **"ပြည်သူ့ဘဏ္ဍာငွေများဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် Project Proposals (စီမံကိန်းအဆိုပြုလွှာ)များအား ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်အား လည်းကောင်း၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရနှင့် တိုင်းဒေသကြီး / ပြည်နယ် လွှတ်တော်များအားလည်းကောင်း တင်ပြတောင်းခံရာတွင် တည်ဆောက်မည့် လုပ်ငန်းတိုင်းအတွက် Feasibility Study Report, Design, Drawing, Estimate, B.Q များ ပူးတွဲတင်ပြတောင်းခံပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

အဆိုတင်သွင်းရာတွင် ဦးသန်းစိုးအောင်က တိုင်းပြည်ဘဏ္ဍာငွေများ လေလွင့်မှုနည်းပြီး တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ရန်၊ အစိုးရတည်ဆောက်ရေးစီမံကိန်းများ စနစ်တကျဖြင့် တာဝန်ယူခြင်း၊ တာဝန်ခံခြင်းရှိရန်၊ ပြည်ထောင်စုလွှတ်တော်၏ ဘတ်ဂျက်စိစစ်ခြင်းလုပ်ငန်း တိတိကျကျဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဘတ်ဂျက်စိစစ်ရသော ပူးပေါင်းအဖွဲ့များသည် ပြည့်ပြည့်စုံစုံတင်ပြလာမှုမရှိသည့် လုပ်ငန်းများကို လေ့လာတွေးဆကာ စိစစ်ခွင့်ပြုခဲ့ကြရပါကြောင်း၊ စိစစ်ခွင့်ပြုလိုက်သော ငွေပမာဏအတိုင်း ဌာနများသည် မူလလုပ်ငန်းအား ကျုံ့ပစ်ခြင်း၊ သေးပစ်ခြင်း၊ ပုံစံပြောင်းလဲဆောင်ရွက်ခြင်းများကို မြေပြင်တွင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ တွက်ချက်မှုလည်းမှန်၊ ဒေသပေါက်စျေးလည်းမှန်နေလျှင် ဖြတ်တောက်ခြင်း မပြုသင့်ပါကြောင်း၊ မှန်နေပါလျက်နှင့် ဖြတ်တောက်မိလျှင် နောက်ဆက်တွဲ ပြဿနာမြောက်မြားစွာကို ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း ထည့်သွင်းတင်ပြသည်။

## အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် ကန့်ကွက်ဆန္ဒမဲများသဖြင့် လက်ခံဆွေးနွေးရန်မရှိ

ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင်ကန့်ကွက်ဆန္ဒမဲများသဖြင့် လက်ခံဆွေးနွေးရန်မရှိကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြေကြားစဉ်။



ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး မေးမြန်းစဉ်။

## "တံတားကြီးများဥပဒေကြမ်း"၊ "ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း" တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော **"တံတားကြီးများဥပဒေကြမ်း"**၊ **"ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း"** တို့နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများအား ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်၊ လူမော်**

## ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးဝင်းဝင်း၊ မင်းဘူး(စကု) မဲဆန္ဒနယ်၏မိသားစုဝင် ငါးဦး၊ ဦးအောင်ကျော်ကျော်ဦး၊ လှိုင်မဲဆန္ဒနယ်၏ မိတ်ဆွေခြောက်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)၏မိတ်ဆွေ ၂၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအေး၊ ကော့မှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ကော့မှူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ ၁၂၆ ဦး၊ စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ဒေါ်မေယမုံထွန်း ဦးဆောင်သည့်အဖွဲ့ဝင် ၁၃ ဦးနှင့် ဩစတြေးလျသံရုံးမှ ဒေါ်နန်းအေးမြဟန် ထွန်းနှင့် ဩစတြေးလျနိုင်ငံသူနှစ်ဦး၊ စုစုပေါင်း ၁၈၁ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးလင်းလင်းကျော်၊ မြစ်သားမဲဆန္ဒနယ်၏ မိသားစုဝင်နှစ်ဦးတို့သည်လည်း လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပသည့် နေ့ရက်မှယနေ့အထိပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၄၆၃၉၄ ဦးနှင့် ပြည်ပဧည့်သည် ၂၀၆၂ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတစ်ဝန်းရှိ အာမခံကိုယ်စားလှယ်များအား ဆုများချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း (IKBZ Insurance) ၏ နိုင်ငံအဝန်းရှိ အာမခံကိုယ်စားလှယ်တော်ကြီးများအတွက် ဆုပေးပွဲအခမ်းအနားနှင့် အပန်းဖြေခရီးစဉ်ကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ငွေဆောင်ကမ်းခြေ ယမုံနာဦးဟိုတယ်တွင် ကျင်းပရာ အာမခံလောကတွင် အောင်မြင်နေသော မြန်မာတစ်နိုင်ငံလုံးရှိ အာမခံကိုယ်စားလှယ် ၁၀၀ ကျော် ပါဝင်တက်ရောက်ကြသည်။

### တိုးတက်အောင်ပြုလုပ်သွားမည်

အခမ်းအနားတွင် IKBZ အာမခံလုပ်ငန်း ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က အာမခံကိုယ်စားလှယ်တော်ကြီးများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ မိမိတို့၏ လုပ်ဖော်ကိုင်ဖက် အာမခံ ကိုယ်စားလှယ်တော်ကြီးများနှင့်အတူ မြန်မာနိုင်ငံ၏ ဘဝနေထိုင်မှု အရည်အသွေးကို အာမခံမှတစ်ဆင့် မြှင့်တင်ပေးရင်းဖြင့် ရှေ့ဆက်လက်တွဲသွားလိုပါကြောင်း၊ အာမခံကိုယ်စားလှယ်တော်ကြီးများသည် မိမိတို့၏ လုပ်ငန်းဆိုင်ရာ ပါတနာများဖြစ်ကြပြီး ရည်ရွယ်ချက်တူတူ ခံယူချက်တူတူဖြင့် တူညီသော ပန်းတိုင်ဆီသို့ အတူတူအရောက်လှမ်းနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း၊ ထိုပါတနာများမှ အကြံပြုချက်များ၊ သုံးသပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး ကျွန်တော်တို့၏ လုပ်ငန်းဆောင်ရွက်မှု စီးပွားရေးပုံစံအား ပိုမိုအဆင့်မြှင့် တိုးတက်အောင် ပြုလုပ်သွားမည်ဖြစ်ပြီး ပါတနာကိုယ်စားလှယ်တော်ကြီးများ၏ လုပ်ငန်းတိုးတက်စေရန်အတွက် လုပ်ငန်းစဉ်အဆင်ပြေချောမွေ့စေရေး၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူများ၊ မွမ်းမံသင်တန်းများ၊ ဆွေးနွေးပွဲများ အပါအဝင် မဖြစ်မနေလိုအပ်သော အထောက်အကူများအား ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ IKBZ ကိုလည်း ကမ္ဘာ့အဆင့်အတန်းမီ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် မြန်မာ့အာမခံလောက၏ ဦးဆောင်ကုမ္ပဏီအဖြစ် နေရာမှန်ဖြစ်စေရေး အသွင်ပြောင်းဖန်တီးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ အာမခံလောကတွင် အရေးပါသည့် နေရာများမှာ တာဝန်ယူ ထမ်းဆောင်ခဲ့ဖူးပြီး ကမ္ဘာလုံးဆိုင်ရာနှင့် အာရှတစ်ခွင် အာမခံလောက၌ စုစုပေါင်းလိုက်လျှင် နှစ်ပေါင်း ၁၀၀ ကျော်အတွေ့အကြုံရှိသည့် နိုင်ငံတကာကျွမ်းကျင်ပညာရှင် ခုနစ်ဦးကို ကုမ္ပဏီ၏ အဓိကအခန်းကဏ္ဍများတွင် ရွေးချယ်ခန့်အပ်ထားပြီးဖြစ်ပါကြောင်း ပြောကြားသည်။

### ပါဝင်ဆင်နွှဲ

ထို့နောက် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်သူများနှင့်အတူ မီးပုံပွဲများ၊ ကာရာအိုကေနှင့် ဂိမ်းအစီအစဉ်များ စသည့် ပျော်ပွဲရွှင်ပွဲကို ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

## နေရာကွက်ကျား မိုးရွာနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# စက်မှုနယ်မြေ (သထုံ)ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ဘီးလင်းမြို့နယ် ဒေသခံပြည်သူများအတွက် အသေးစား SME လုပ်ငန်းစုများပါဝင်သည့် စက်မှုဇုန်တစ်ခု တည်ထောင်ရန် လိုအပ်လာပါက ပေါင်းစပ်ညှိနှိုင်းပေးနိုင်မည်

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း အသေးစား SME လုပ်ငန်းစုများပါဝင်သည့် စက်မှုဇုန်တစ်ခုထူထောင်ပေးရန် မည်ကဲ့သို့ကူညီဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဝန်ကြီးဌာနအနေဖြင့် ယခုအခါတွင် မွန်ပြည်နယ်အတွက် လိုအပ်သည့်



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြေကြားစဉ်။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး မေးမြန်းစဉ်။

စက်မှု ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် စက်မှုသင်တန်းကျောင်း (သထုံ)ကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဘီးလင်းမြို့နှင့် ၂၅ မိုင်ခန့်အကွာအဝေးတွင်သာရှိသည့် ဌာနပိုင်မြေပေါ်တွင် MSME လုပ်ငန်းပါဝင်သည့် စက်မှု နယ်မြေ (သထုံ)ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘီးလင်းမြို့နယ် ဒေသခံပြည်သူများအတွက် အသေးစား SME လုပ်ငန်းစုများပါဝင်သည့် စက်မှုဇုန်တစ်ခုတည်ထောင်ရန်လိုအပ်လာပါက ပေါင်းစပ်ညှိနှိုင်းပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ပြည်သူများ၏ကျန်းမာရေးမထိခိုက်စေရန် Gas-Fired သုံး ဆန်စက်များအား စစ်ဆေးရေး အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **ကျေးလက်နေပြည်သူလူထုကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်ပျက်စီးမှု ဖြစ်ပေါ်နေသော မြန်မာနိုင်ငံတစ်ဝန်း ကျေးရွာများအတွင်းရှိ စပါးခွံလောင်စာ (Gas – Fired) သုံးဆန်စက်များအား အမြန်ဆုံးကြပ်မတ်စစ်ဆေး အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြည်သူများ၏ ကျန်းမာရေးမထိခိုက်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် ဝန်ကြီးဌာန အနေဖြင့် Gas-Fired သုံး ဆန်စက်များအား စစ်ဆေးရေးအဖွဲ့များဖွဲ့စည်းပြီး ဒေသ ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်ပါက သင့်လျော်ရာနေရာများသို့ ပြောင်းရွှေ့စေခြင်းများကို ဆောင်ရွက်လျက်ရှိခြင်းနှင့် မွမ်းမံပြင်ဆင်ရန် လိုအပ်ပါကလည်း စနစ်တကျစစ်ဆေး၍ မှတ်ချက်များပြုပြီး မှတ်တမ်းတင်ပြုပြင်ပေးလျက်ရှိကာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ဆက်လက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြေကြားစဉ်။



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ မေးမြန်းစဉ်။

## အကျဉ်းသားများကို ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းသိမ်းနိုင်ရန်အတွက် နည်းပညာအထောက်အပံ့များ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **မြန်မာနိုင်ငံ၏ အကျဉ်းထောင်များတွင် အကျဉ်းသားများ ထူထပ်ကျပ်တည်းနေသဖြင့် အကျဉ်းသား အခွင့်အရေးများ ဆုံးရှုံးနစ်နာနေခြင်း၊ ထောင်ဝန်ထမ်းဦးရေသည်လည်း ဖွဲ့စည်းပုံအင်အား ပြည့်မီခြင်းမရှိသဖြင့် ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းသိမ်းအုပ်ချုပ်ရန် အခက်အခဲဖြစ်နေသည့် လက်ရှိအခြေအနေများအား ဖြေရှင်းရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက အကျဉ်းထောင်များတွင် အကျဉ်းသားများ ဝင်ဆံ့မှုပမာဏထက် ကျော်လွန်နေသဖြင့် အကျဉ်းသားများအခွင့်အရေး နစ်နာဆုံးရှုံးမှုမရှိစေရန် အိပ်ဆောင်အသစ်များ၊ နှစ်ထပ်အိပ်ဆောင်များနှင့် အကျဉ်းထောင်/အချုပ်ထောင်အသစ်များ ထပ်မံ ဆောက်လုပ်လျက်ရှိပါကြောင်း၊ ဝန်ထမ်းအင်အားပြည့်မီစေရန်အတွက် တစ်နှစ်လျှင်အကျဉ်းထောင်ဝန်ထမ်း ၁၈၀၀ နှုန်းခန့်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တာဝန်ရှိသူများမှ အကျဉ်းသားများကို ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းသိမ်းနိုင်ရန်အတွက် နည်းပညာအထောက်အပံ့များ ဖြည့်ဆည်းဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

## တစ်နိုင်ငံလုံးဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ခိုင်မာတိကျအားကောင်းသည့် မူဝါဒ၊ မဟာဗျူဟာ၊ စီမံကိန်း၊ လုပ်ငန်းစဉ်များနှင့် မြေယာစီမံခန့်ခွဲနိုင်ရန် လိုအပ်နေပြီဖြစ်

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးက **၂၀၁၆ ခုနှစ် အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည် သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်းမျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင် များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆို**တင်သွင်းရာတွင် မိမိတို့နိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအသီးသီး၏ အားသာချက်များ၊ အခွင့်အလမ်းရှိမှု အပေါ်တွင် ခိုင်မာတိကျအားကောင်းသည့် မူဝါဒ၊ မဟာဗျူဟာ၊ စီမံကိန်း၊ လုပ်ငန်းစဉ်များနှင့် မြေယာစီမံခန့်ခွဲနိုင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသအသီးသီးတွင်ရှိသည့် ရှေးဟောင်းယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းကာကွယ်နိုင်ရန် ဖြစ်ပါကြောင်း၊ ထိုသို့ ထိန်းသိမ်းကာကွယ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍများကို ချိတ်ဆက်ဆောင်ရွက်မှုသည် ချင်းတောင်တန်း၊ ရှမ်းတောင်တန်းနှင့် မြိတ်ကျွန်းစုကဲ့သို့ ဒေသများ၏ လူမှုစီးပွားဘဝကို ပိုမိုစန်းပွင့် လာစေမည်ဖြစ်ပါကြောင်း။

## ခေတ်ကာလနှင့်လိုက်လျောညီထွေစေရန်အတွက် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ပြင်ဆင်ရမည်ဖြစ်

ကြီးမားသည့် စီးပွားဖြစ်ထုတ်လုပ်မှုအတွက် သယ်ယူပို့ဆောင်ရေးအချက်အချာကျသည့် နေရာ၊ ထုတ်ကုန်များယှဉ်ပြိုင်နိုင်စွမ်းရှိသည့်နေရာများ ပေါ်ထွန်းလာစေရေး ရေရှည်မျှော်မှန်းပြီး စီမံခန့်ခွဲနိုင်ရန် ဖြစ်ပါကြောင်း၊ ထို့ပြင် ခေတ်ကာလနှင့်လိုက်လျော



စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်မျိုး မေးမြန်းစဉ်။



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး အဆိုတင်သွင်းစဉ်။

ညီထွေစေရန်အတွက် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ပြင်ဆင်ရမည် ဖြစ်ပါကြောင်း၊ မြေအသုံးချမှုနှင့် ရည်မှန်းချက်များ၊ စီမံကိန်းနှင့် Action Plan များဆောင်ရွက်ထားမှသာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင့်လျော်သည့် စီမံကိန်းများကို သီးခြား ချမှတ်ဆောင်ရွက်နိုင်မည် ဖြစ်သကဲ့သို့ ကောင်းမွန်သည့် အမျိုးသားမြေဥပဒေကို လွှတ်တော်မှ ဥပဒေပြုပြဋ္ဌာန်းနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် **ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးစိုင်းဝမ်းလှိုင်းခမ်း**က အဆိုသည် အချိန်ကာလအားဖြင့် တိုက်တွန်းသင့်သည့် အဆိုဖြစ်ပြီး အမျိုးသား မြေယာဥပဒေသည် ကြီးမားကျယ်ပြန့်သည့် ဥပဒေဖြစ်၍ မရေးဆွဲမီ အချိန်ကာလယူရမည် ဖြစ်သည့်အတွက် အဆိုတင်သွင်းခြင်းကို ထောက်ခံပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ် ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာနောက်ဆက်တွဲအခြေပြုစာချုပ်သို့ အတည်ပြုပါဝင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) လုပ်ငန်းအဖွဲ့ အစည်းအဝေး၌ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်အစီရင်ခံစာ အပေါ် အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော လုပ်ငန်းကော်မတီ(၂)ရပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါလုပ်ငန်းကော်မတီ (၂)ရပ်အနက် ပထမလုပ်ငန်းကော်မတီမှာ အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်၊ အတည်ပြုရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၄၁)ရပ်အား အကောင်အထည်ဖော်ရေးအတွက်လည်းကောင်း၊ ဒုတိယလုပ်ငန်းကော်မတီမှာ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၄)ရပ်အား အကောင်အထည်ဖော်ရေးအတွက်လည်းကောင်း တာဝန်ပေးအပ်ထားခြင်းဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ် ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ်သို့ အတည်ပြုပါဝင်ရေး၊ အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်သို့ လက်မှတ်ရေးထိုးရေးနှင့် ယင်းစာချုပ်များဆိုင်ရာ အသိပညာပေးသင်တန်းများ ကျင်းပရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး၊ မသန်စွမ်းသူများအသင်းချုပ်နှင့် Open Society Foundation တို့မှ ကိုယ်စားလှယ်များက သီးခြားစီ လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီးက ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

**မိုင်းအန္တရာယ် အသိပေးလုပ်ငန်းများ**

တွေ့ဆုံစဉ် နော်ဝေနိုင်ငံက ၂၀၁၉ ခုနှစ်အတွက် Mine Ban Treaty ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ရာ မိုင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော မိုင်းအန္တရာယ် အသိပေးဆိုင်ရာ လုပ်ငန်းများ၊ မိုင်းဒဏ် ခံစားခဲ့ရသူများအား ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မတ် ၅ ရက်တွင် ကျင်းပမည့် Mine Treaty နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ အကြောင်းအရာများ၊ Mine Ban Treaty တွင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးရန် ဖြစ်နိုင်ခြေနှင့် ဆက်လက်၍ ရေရှည်ဆောင်ရွက်မည့် အစီအစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု လက်ရှိအချိန်ထိ အခြေအနေများ၊ အာဆီယံနိုင်ငံများ AHA Centre တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး**

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာတွင် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးနှင့် နေ့စဉ်လှုပ်ရှားသွားလာမှုများအတွက် ဝန်ကြီးဌာနနှင့် မသန်စွမ်းသူများအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ မသန်စွမ်းသူများဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ချမှတ်ပြီးနောက် သက်ဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်ပြီး ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားမည့်အခြေအနေများ၊ ပြည်ထောင်စုအဆင့်တွင်သာမက တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်ပါ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မသန်စွမ်းသူများအား ထောက်ပံ့ခြင်း၊ အမျိုးအစားခွဲခြား၍ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်းကိစ္စများနှင့် စပ်လျဉ်း၍ ရေရှည်ဆက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**ပညာသင်ဆုပေးအပ်မည့် အခြေအနေ**

Open Society Foundation အဖွဲ့မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံရာတွင် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ တစ်လသင်တန်းမှ သုံးလ သင်တန်းသို့ ဖွင့်လှစ်နိုင်ရေး သင်ရိုးညွှန်းတမ်းရေးဆွဲရေးဆောင်ရွက်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ အဆိုပါသင်တန်းနှင့် ရှေးဦးကလေးသူငယ်စောင့်ရှောက်မှုဆိုင်ရာ ဒီပလိုမာသင်တန်းတို့အကြား ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မသန်စွမ်းသူများအတွက် လူတိုင်းအကျုံးဝင်ပညာရေးစနစ် ဖြစ်ပေါ်လာရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ မသန်စွမ်းသူများအတွက် လက်သင်္ကေတစနစ်ကို စံစနစ် တစ်ခုအဖြစ် သတ်မှတ်နိုင်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပညာသင်ဆုများပေးအပ်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။



**အလှူငွေပေးအပ်**

ယမန်နေ့ နံနက်ပိုင်းကလည်း တိုက်ပွဲရှောင်ဒေသများတွင် သောက်သုံးရေနှင့် ယင်လုံအိမ်သာများ အသုံးပြုရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အလှူရှင်များဖြစ်ကြသော မြတ်မေတ္တာမွန်ကုမ္ပဏီမှ ဒေါက်တာဝင်းမြင့်နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး မိသားစုက အလှူငွေကျပ်သိန်း ၃၀၀ ကို လာရောက်ပေးအပ် လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက တိုက်ပွဲရှောင်ဒေသများတွင် သောက်သုံးရေနှင့် ယင်လုံအိမ်သာ လုပ်ငန်းများ အသုံးပြုရန် လာရောက်လှူဒါန်းမှုကို ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ လှူဒါန်းငွေများကိုလည်း တိုက်ပွဲရှောင်ဒေသများတွင် အလှူရှင်များ၏ သဒ္ဓါစိတ်အတိုင်း ဆောင်ရွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရုံးအမှတ်(၂၇) နေပြည်တော်၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားတွင် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းတွင် အသုံးပြုရန်ပစ္စည်းများ ဝယ်ယူထားရှိမှု အခြေအနေ၊ ၆၆ကေဗွီ ရာဇဂြိုဟ်- ကလေး-ကလေးဝဓာတ်အားလိုင်း ၄၈ ဒသမ ၉၆ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကလေးဝ ဓာတ်အားခွဲရုံ တည်ဆောက်မှုအခြေအနေ၊ အပူစွမ်းအင်သုံး စက်ရုံများဌာန၊ ဓာတ်အားပေးစက်ရုံစီမံကိန်းများ အခြေအနေ၊ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP) ပထမအဆင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့တွင် နိုင်ငံတော်ဓာတ်အား စနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုအခြေအနေ၊ ရွာမ-အဖျောက်-အင်းရွာ ၁၄ လက်မ ပိုက်လိုင်း လှိုင်မြစ်ဖြတ် (ရိုးလေး-မင်းမကုန်း) HDD နည်းဖြင့် တူးဖောက်ဆက်သွယ်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေ။

အသေးစား ရေနံချက်လုပ်ခြင်း (Mini Refinery) လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်)လေ့ကျင့် ပညာပေးရေး သင်တန်းကျောင်း (သန်လျင်) တွင် LPG Training Course သင်တန်း ဖွင့်လှစ်ခဲ့မှု အခြေအနေ၊ စက်သုံးဆီ ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းအား စနစ်တကျဆောင်ရွက်နိုင်ရန် စက်သုံးဆီ ကိုင်တွယ်ထိန်းသိမ်းခြင်း အခြေခံသင်တန်း Petroleum Products Handling Process (PPHP) Basic Training Course များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေးတို့ကို ဦးတည်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ လမ်းမီး ဓာတ်အားလိုင်းအသစ် တည်ဆောက်ခြင်း၊ မီးလုံးအသစ် တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်သည်။

အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကို ဦးစားပေးအဆင့်များ သတ်မှတ်၍ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ ဒေသများအားလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရေး ရည်ရွယ်ချက်ဖြင့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP)ကို ဦးစားပေးအဆင့်များသတ်မှတ်၍ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။**

**လျှပ်စစ်မီးရရှိရေး**

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လျှပ်စစ်မီး အပြည့်အဝရရှိနိုင်ရေး ပထမဦးစားပေးအနေဖြင့် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်းရှိ ကျေးရွာများ၊ ဒုတိယဦးစားပေးအနေဖြင့် ဓာတ်အားစနစ်နှင့် နှစ်မိုင်မှ ငါးမိုင် အတွင်းရှိ ကျေးရွာများ၊ တတိယဦးစားပေးအနေဖြင့် ဓာတ်အားစနစ်နှင့် ငါးမိုင်မှ ၁၀ မိုင် အတွင်းရှိ ကျေးရွာများနှင့် နောက်ဆုံးအဆင့်အနေဖြင့် ဓာတ်အားစနစ်မှ ၁၀ မိုင်အထက် ကျေးရွာများ စသည်ဖြင့် ဦးစားပေးအဆင့်များ သတ်မှတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

ပထမ ဦးစားပေးဖြစ်သည့် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်း ကျေးရွာများ လျှပ်စစ်မီးအပြည့်အဝရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးပါက မြေပြင်ကွင်းဆင်းတိုင်းတာ စာရင်းပြုစုချက်များအရ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဓာတ်အားရရှိနိုင်မည့် နှစ်မိုင်အတွင်း ကျေးရွာစုစုပေါင်း ၅၀၈၀ ရှိကြောင်း သိရသည်။

**လျှပ်စစ်မီးလိုအပ်လျက်ရှိ**

ယခုအချိန်တွင် မြန်မာတစ်နိုင်ငံလုံး၌ အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၉ သန်းခန့်ရှိမည်ဟု ခန့်မှန်းပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ အိမ်ထောင်စုပေါင်း ၄ ဒသမ ၇၄ သန်း ( ၄၃ ဒသမ ၆၀ရာခိုင်နှုန်းခန့်) လျှပ်စစ်မီးရရှိပြီးဖြစ်သည့်အတွက် အိမ်ထောင်စု ၆ ဒသမ ၁၅ သန်း (၅၆ ဒသမ ၄၇ ရာခိုင်နှုန်း) လျှပ်စစ်မီးရရှိရန် လိုအပ်လျက်ရှိကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

**မျိုးသူဟိန်း**




# မြန်မာ-ဂျပန် ဂီတပွဲတော် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မြန်မာ-ဂျပန် ဂီတပွဲတော် ဖျော်ဖြေတင်ဆက်ပွဲကို မန္တလေးမြို့ ကျုံးအရှေ့ဘက် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ယနေ့ညနေ ၆ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ဂီတပွဲတော်သို့ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်နှင့် ဇနီး၊ သံစုံတီးဝိုင်းအဖွဲ့နှင့် ဂျပန် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အကအဖွဲ့ဝင်များ၊ မန္တလေးမြို့ အပျော်တမ်းတူရိယာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာလှခိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံ နိုင်ငံတော် သီချင်းဖြင့် ဂျပန်-မြန်မာ သံစုံတီးဝိုင်းပညာရှင်အဖွဲ့တို့က ဂုဏ်ပြုတီးမှုတ်၍ အခမ်းအနားကို စတင်ခဲ့သည်။

ထို့နောက် မြန်မာ-ဂျပန် ဂီတပညာရှင်အဖွဲ့တို့က အောင်မြင်ကျော်ကြားသည့် ဂျပန်တေးသီချင်းများ၊ မြန်မာနိုင်ငံ၏ ကျော်ကြားသော တေးသီချင်းများဖြစ်သည့် နားပန်းဆံ၊ မိုးနှင့်မြန်မာ့ စိတ်ရင်း၊ မြန်မာ့ရှုခင်းအပါအဝင် အခြားအနောက်တိုင်းနှင့် ဂျပန်သံစဉ်များဖြင့် တီးခတ်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ဂီတပွဲတော်အပြီးတွင် တိုင်းဒေသကြီး ဝန်ကြီး ဦးမျိုးသစ်က ဂျပန်ဂီတပညာရှင် မစ္စတာ ယူနိုဆုခဲယာမာမိုတိုအား ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ နေပြည်တော်အတွင်း လေ့လာရေးခရီးစဉ် စတင်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် နေပြည်တော်အတွင်း ပထမနေ့လေ့လာရေးခရီးစဉ်အဖြစ် ယနေ့ညနေပိုင်းတွင် နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အဖွဲ့ဝင် ၄၄ ဦး၊ ရခိုင်ပြည်နယ်မှ အဖွဲ့ဝင် ၄၇ ဦး စုစုပေါင်း ၉၁ ဦးတို့ပါဝင်ကြပြီး ထိုသို့လေ့လာရာတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ လေ့လာရေးခရီးစဉ်ကို တိုင်းရင်းသားအချင်းချင်း ရင်းရင်းနှီးနှီးတွေ့ဆုံကာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးနှင့်တစ်ဦး အမြင်ချင်းဖလှယ်၍ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးပွားလာစေပြီး ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်မာလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ လေ့လာရေးခရီးစဉ်သည် လေးရက်ကြာမြင့်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း နေပြည်တော်ရှိ ဗုဒ္ဓဂယာနှင့် ဥပ္ပါတသန္တိဘုရား၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားပြတိုက်၊ ကျောက်မျက်ရတနာပြတိုက်၊ ငလိုက်ဆည်ဆင်စခန်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)သို့ သွားရောက်လေ့လာမည်ဖြစ်သည်။

**သတင်းစဉ်**

**နေပြည်တော် ရေပန်းဥယျာဉ်၌ လေ့လာနေသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း အဖွဲ့များကို တွေ့ရစဉ်။**

# ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၃၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၇၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေး ရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအလုပ်အကိုင် ၅၄၂ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၂၆၉၁၂ ဦး စုစုပေါင်း ၂၇၄၅၄ ဦး အလုပ်အကိုင် ရရှိခဲ့သည်။

ဇန်နဝါရီလအတွင်း နိုင်ငံအလိုက် ပြည်ပ အလုပ်အကိုင် ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၅၀၀၈ ဦး၊ စင်ကာပူနိုင်ငံသို့ ၄၃ ဦး၊ ကိုရီးယားနိုင်ငံသို့ ၁၉၄ ဦး၊ ထိုင်းနိုင်ငံသို့ ၁၇၄၉၉ ဦး၊ ဂျပန်နိုင်ငံ သို့ ၃၉၈ ဦး၊ ယူအေအီးသို့ ၁၅ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၆၉ ဦး၊ ကာတာနိုင်ငံသို့ ရှစ်ဦး၊ မကာအိုနိုင်ငံသို့ တစ်ဦး စုစုပေါင်း ၂၃၂၃၅ ဦးကို စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Line Walker - 2 ရုပ်ရှင်ကားရိုက်ကူးမည့် နေ့ရက်များ၌ လမ်းပိတ်/လွှဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ချက်

၁။ တရုတ်နိုင်ငံ၊ ဟောင်ကောင်မြို့ရှိ Shaw Brother Pictures Internation Ltd မှ Line Walker-2 ရုပ်ရှင်ကားအား မြန်မာနိုင်ငံတွင် လာရောက်ရိုက်ကူးစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်း လာရောက်ရိုက်ကူးမည့် နေ့၊ ရက်များ၌ အောက် ဖော်ပြပါလမ်းများအား လမ်းပိတ်/လွှဲများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) ၁၈-၂-၂၀၁၉ ရက်နေ့ နံနက် ဝ၆း၀၀ နာရီမှ ၁၃း၀၀ နာရီအထိ ကြားတောရလမ်းအား ရွှေတိဂုံဘုရား၊ အရှေ့ဘက်မုခ်မှ ရေတာရှည်လမ်းအထိ လည်းကောင်း၊

(ခ) အစမ်းလေ့ကျင့်မည့် ၁၇-၂-၂၀၁၉ ရက်နေ့တွင် ၁၁း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ၊ မဟာဗန္ဓုလပန်းခြံလမ်းအား အနော်ရထာလမ်းမှ City Star ဟိုတယ်အထိ လည်းကောင်း၊

(ဂ) ရိုက်ကူးမည့် ၂၁-၂-၂၀၁၉ ရက်နေ့တွင် နံနက် ဝ၆း၀၀ နာရီမှ ညနေ ၁၈း၀၀ နာရီအထိ၊ မဟာဗန္ဓုလပန်းခြံလမ်းအား အနော်ရထာလမ်းမှ City Star ဟိုတယ်အထိ လည်းကောင်း၊

(ဃ) ၂၂-၂-၂၀၁၉ ရက်နေ့မှ ၂၆-၂-၂၀၁၉ ရက်နေ့အထိ၊ နံနက် ဝ၆း၀၀ နာရီမှ ညနေ ၁၈း၀၀ နာရီအထိ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်း လူကူးခုံးကျော်တံတားမှ ဆူးလေဘုရား လူကူးမျဉ်းကျား (မီးသတ် ဘက်အခြမ်း)အထိ လည်းကောင်း လမ်းပိတ်/လွှဲဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လမ်းပိတ်/လွှဲဆောင်ရွက်မည့်နေ့၊ ရက်များတွင် မော်တော်ယာဉ်မောင်းနှင်နေသူများအနေဖြင့် အခြားသင့်လျော်သည့်လမ်းများမှ မောင်းနှင်သွားလာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## မြန်မာ့ရုပ်မြင်သံကြား

၁၅-၂-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၁၀း၃၀ - (၂၀၁၉)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ (မြန်မာစာဘာသာရပ်)
- ၁၁း၃၅ - "နေ့နေ့ညည သတင်းသမားဘဝ"
- ၁၄း၃၀ - "ဖျော်ဖြေမှုများတင်ဆက် ပြည်သူ့အတွက်"

**ညပိုင်း**

- ၁၆း၂၀ - (၂၀၁၉)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ (အင်္ဂလိပ်စာဘာသာရပ်)
- ၁၇း၀၅ - Weekly Sport Info
- ၁၇း၃၀ - "ကန့်လန့်ကာနောက်ကွယ်မှ သူ့ရဲကောင်းများ"
- ၁၈း၂၀ - BBC Click
- ၁၈း၃၅ - "မြန်မာ့ရုပ်မြင်သံကြား ဝန်ထမ်းများ၏ တစ်နေ့တာ"
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၂၁) "ပွေလီပြန်ပေး" (ဇာတ်သိမ်း) (ထိုက်တန်လင်း၊ မိုးပြည့်ပြည့်မောင်၊ သဲနော်ဇာ) (ဒါရိုက်တာ - ဟိန်းဇော်)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊
- ၂၁း၁၅ - (၇၃)နှစ်မြောက် MRTV နှစ်ပတ်လည်ဂုဏ်ပြုအစီအစဉ်

# ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာ ၁၁ ရွာ၌ ဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်

**ကျောက်ဖြူ ဖေဖော်ဝါရီ ၁၄**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၁၁ ရွာအတွက် ဖေဖော်ဝါရီ ၁၃ ရက်က ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲဆောင်ရွက်မည့် ကျေးရွာ ၁၁ ရွာ၌ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးလက်နေပြည်သူတို့၏ ပညာရေး၊စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**မြန်မာ့အလင်း**

# ပျဉ်းမနားမြို့တွင် ဝိုင်ယာကြိုးရှော့ဖြစ်၍ မီးလောင်မှုကြောင့် နေအိမ်ရှစ်လုံးဆုံးရှုံး

**ပျဉ်းမနား ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ရန်အောင်(၂)ရပ်ကွက်တွင် ဝိုင်ယာကြိုးရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာ နေအိမ်ရှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မီးငြိမ်းသတ်နိုင်ခဲ့**

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်က ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် ရန်အောင်(၁)လမ်း အိမ်အမှတ် (၁၅/၃၄)နေ ဒေါ်တုတ်(ခ) ဒေါ်နုနုလွင်၏ နှစ်ထပ်နေအိမ် အောက်ထပ် နောက်ဖေးခန်းမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးစတင်လောင်ကျွမ်းရာမှ နေအိမ် စုစုပေါင်း ရှစ်လုံး မီးလောင်ဆုံးရှုံးမှု ဖြစ်ခဲ့ကြောင်း၊ အခင်းဖြစ်ရာနေရာသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ကောင်စီဝင်များ၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၊ နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးနှင့် တာဝန်ရှိသူများရောက်ရှိလာပြီး မီးသတ်ယာဉ် ကိုးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ ရပ်ကွက်နေ ဒေသခံများနှင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

မီးလောင်ဆုံးရှုံးသွားခဲ့သော အိမ်ထောင်စုရှစ်စုမှ လူဦးရေ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၂၅ ဦးတို့ကို ရန်အောင်(၂)ရပ်ကွက်ရှိ တပေါင်းကွင်းဇာတ်ရုံတွင် ခေတ္တတည်းခိုထားရှိပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေကျပ် ၁၁၉၆၀၀ နှင့် အသုံးအဆောင်၊ အဝတ်အထည်မျိုးစုံ ၁၇ မျိုးကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေါ်တုတ်(ခ) ဒေါ်နုနုလွင်ကို ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



## နေပြည်တော်၌ ဓမ္မပူဇာသဘင်ကို ငါးရက်တိုင်တိုင် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နေပြည်တော် မြတ်ပါရမီလူမှုကူညီရေးအသင်းမှ ဦးဆောင်၍ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဝန်ထမ်းမိသားစုများ၊ ဈေးသူဈေးသားများ၏ အဌမအကြိမ်မြောက် ဓမ္မပူဇာသဘင်ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ သမ္မဂ်လာသိဒ္ဓိဆုတောင်းပြည့်စေတီရင်ပြင်၌ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓမ္မပူဇာသဘင်ကို မတ် ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နေ့စဉ် ည ၇ နာရီမှစတင်၍ ဆရာတော်ကြီးများဖြစ်ကြသည့် စစ်ကိုင်းမြို့သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဒေါက်တာအရှင်ဉာဏိဿရ၊ စစ်ကိုင်းဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ၊ ဘုတလင်ဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ၊ ဒေါက်တာအရှင်ကိတ္တိသာရနှင့် ရွှေလင်းယုံဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသတို့က တရားတော်များ ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

## သတင်းမီဒီယာဥပဒေပြင်ဆင်ရေးဖိုရမ် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သတင်းမီဒီယာဥပဒေပြင်ဆင်ရေးဖိုရမ်ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့ အမှတ် ၁၂ ဖိုးစိန်လမ်း တာမွေမြို့နယ်ရှိ Green Hill Hotel ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဖိုရမ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားသတင်းမီဒီယာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သတင်းမီဒီယာသမားများ၊ သတင်းမီဒီယာအဖွဲ့အစည်းများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပြီး သတင်းမီဒီယာနှင့်ဆက်စပ်သည့် မိတ်ဖက်အဖွဲ့အစည်းများလည်း လေ့လာသူများအဖြစ် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## (၇၂) ကြိမ်မြောက် မွန်အမျိုးသားနေ့ ရန်ကုန်နှင့် ပဲခူးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မွန်အမျိုးသားနေ့ကို မွန်လူထုတစ်ရပ်လုံး မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးနှင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန် ဘာသာစကား၊ သာသနာ၊ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ ထိန်းသိမ်းဖော်ထုတ်ရန်နှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးအတွက် တိုင်းရင်းသားများ အားလုံးနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်ကာ(၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက် ညနေပိုင်းတွင် မွန်ရိုးရာ အဆို၊ အက၊ အတီးပြိုင်ပွဲများနှင့် မွန်ရိုးရာအစားအစာများကို လည်းကောင်း ဖေဖော်ဝါရီ၂၀ ရက် ညနေပိုင်းတွင် မွန်အမျိုးသားနေ့အခမ်းအနားကျင်းပခြင်းနှင့် မွန်တူရိယာများဖြင့် တီးခတ်၍ မွန်ရှေးဟောင်းရိုးရာအက ပြည်ထောင်စုယိမ်း ရွှေဟင်္သာယိမ်းများအပြင် မွန်တေးသံရှင်များက တေးဂီတဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ(ဗဟို)က ပဲခူးမြို့ ရွှေမော်ဓော ဘုရားအနောက်ရင်ပြင်တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

## ဂေါက်သီးအားကစားနည်း စည်းမျဉ်းဆိုင်ရာအစည်းအဝေးနှင့် ဂေါက်ကွင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းပြပွဲသို့ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တာဝန်ရှိသူများတက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

စကော့တလန်နိုင်ငံ၌ ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသည့် ဂေါက်သီးအားကစားနည်း စည်းမျဉ်းဆိုင်ရာအစည်းအဝေးကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဂေါက်သီးစည်းမျဉ်းဆိုင်ရာ ဆပ်ကော်မတီ၊ ကျန်းမာရေးနှင့် တားမြစ်ဆေးဝါး ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ဦး တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးကို ဥရောပအခြေစိုက် The Royal & Ancient Golf Club of St Andrews ( R&A) က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဂေါက်သီးအားကစားနည်းအတွက် အဖွဲ့အစည်းအသီးသီးမှ စည်းမျဉ်းဆိုင်ရာအကြံပြုချက်များ၊ ပြိုင်ပွဲတစ်ခုကျင်းပရာတွင် လိုအပ်ချက်များ၊ နည်းပညာနှင့် စည်းမျဉ်းလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ဖေဖော်ဝါရီ ၂ ရက်မှ ၇ ရက်အထိ အမေရိကန်နိုင်ငံ၌ ကျင်းပသည့် ဂေါက်ကွင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းပြပွဲသို့ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ မြန်မာနိုင်ငံ ဂေါက်ကွင်းပညာရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးဒန် တက်ရောက်ခဲ့သည်။

ယင်းအခမ်းအနားတွင် ဂေါက်ကွင်းပြုပြင်ထိန်းသိမ်းမှုများ၊ ထိန်းသိမ်းရေး စက်ပစ္စည်းများ ထုတ်လုပ်ထားမှု၊ ဂေါက်ကွင်းဆိုင်ရာ အရည်အသွေးထိန်းသိမ်းမှုများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များ အပြန်အလှန်ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် မြန်မာ့ဂေါက်သီး အားကစားလောက တိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်လျက်ရှိပြီး ဂေါက်ကွင်းများထိန်းသိမ်းခြင်းများကို ပြည်တွင်း၌ ပြန်လည်ဖြန့်ဝေပေးနိုင်ရန် တက်ရောက်ခဲ့ခြင်းလည်းဖြစ်သည်။

**ဖိုးသော်ဇင်**

## ရွှေတိဂုံစေတီတော် ၅၆၇ ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ကျင်းပသော ၅၆၇ ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စေတီတော် ရင်ပြင်တော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။**



ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး(**ယာပုံ**) ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ထို့နောက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိ တက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ ည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရား နာယူကြသည်။

ယနေ့ပြုလုပ်သော အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော်(ရွှေပြား)အလှူရှင် ၁၅၃ ဦးတို့က ရွှေပြားပေါင်း ၁၅၁ ချပ် လှူဒါန်းခဲ့ကြပြီး လှူဒါန်းငွေစုစုပေါင်း ကျပ် ၁၅၇၉၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကင်း ကလေးဆေးရုံကြီး၌ အစ္စရေးအနုပညာရှင်များအဖွဲ့ လာရောက်ဖျော်ဖြေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကင်းကလေးဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေသော ကလေးလူနာများအား ယနေ့ မွန်းလွဲ ၂ နာရီခွဲက Israeli Maestro Nir Brand's Classikid အဖွဲ့က လာရောက် ဖျော်ဖြေကြသည်။

အဆိုပါဖျော်ဖြေပွဲအခမ်းအနားတွင် ရန်ကင်းကလေးဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Ronen Gilor တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။ ထို့နောက် Mr. Brand က ဆေးရုံတွင် တက်ရောက်ကုသနေသော ကလေးငယ်များအား ပုံဝတ္ထုများ ပြောကြားခြင်း၊ တေးဂီတဖြင့် ကလေးငယ်များ ပျော်ရွှင်စေရန် ဖန်တီးပေးခြင်းတို့အပြင် ဆရာဝန်၊ သူနာပြုများ၊ ဆေးရုံတက်ကလေးလူနာနှင့် မိသားစုဝင်များ စိတ်ဖိစီးမှု သက်သာစေရန်အတွက် တေးဂီတဖြင့် ဖျော်ဖြေတင်ဆက်ပေးသည်။

**ဂုဏ်ယူဝမ်းမြောက်**

မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Ronen Gilor က ဆေးရုံနှင့်ပတ်သက်၍ "သံရုံးဘက်ကနေ ဒီဘက်ကို ဘယ်လိုများ ပူးပေါင်းထောက်ပံ့ပေးလို့ရမလဲဆိုတာ မျိုးကိုလည်း ရှေ့ဆက်ပြီးတော့ လုပ်ဆောင်ချင်ပါတယ်။ အစ္စရေးသံရုံးအနေနဲ့ ဒီကိုလာရတာလည်း အင်မတန်မှ ဂုဏ်ယူပါတယ်။ အခုလို Maestro Nir Brand's ကို ဒီက ကလေးတွေအတွက် ယူလာနိုင်တာကို အင်မတန်ဂုဏ်ယူဝမ်းမြောက်ပါတယ်"ဟု ပြောသည်။

ရန်ကင်းကလေးဆေးရုံကြီးသည် ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီး နှစ်ရုံအနက် တစ်ရုံဖြစ်ပြီး ခုတင် ၅၅၀ ဆံ့ ဆေးရုံဖြစ်ကာ ဆေးတက္ကသိုလ် ၂ ၏ သင်ကြားရေးဆေးရုံအဖြစ် တွဲဖက်ထားရှိကြောင်း သိရသည်။ ဆေးရုံကို ၂၀၁၁ ခုနှစ် မတ်လတွင် ဖွင့်လှစ်ခဲ့ပြီး ရောဝတီဖောင်ဒေးရှင်း Max Myanmar အုပ်စုများကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က ယခင်သတ္တုတွင်းဝန်ကြီးဌာနအဆောက်အအုံကို မွမ်းမံပြင်ဆင်ပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆေးရုံတွင် နှလုံးဆေးကုသဆောင်၊ နှလုံးခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ ကလေးခွဲစိတ် ကုသဆောင်၊ မွေးကင်းစအထူးကြပ်မတ်ကုသဆောင်၊ ကလေးအထူးကြပ်မတ်ကုသဆောင်၊ ဆီးနှင့် ကျောက်ကပ်ကုသဆောင်စသော ဖျားနာကုသဆောင် သုံးဆောင်နှင့် အထူးလူနာဆောင် ခြောက်ခုရှိကြောင်း သိရသည်။

ကလေးလူနာများအတွက် ပြုစုစောင့်ရှောက် ကုသမှုပေးနေသော ဆရာဝန် ၉၅ ဦးနှင့် သူနာပြု ၂၀၀ ခန့်ရှိကြောင်း သိရသည်။ နေ့စဉ်အတွင်းလူနာ ၄၀၀ မှ ၄၅၀ ခန့်ရှိပြီး အသက် ၁၂ နှစ်အောက်ကလေးငယ်များကို လက်ခံကုသပေးလျက်ရှိကာ ကလေးငယ်များတွင် အဖြစ်အများဆုံးရောဂါမှာ အသက်ရှူလမ်းကြောင်း လတ်တလောပိုးဝင်ရောဂါဖြစ်ကြောင်း ဆေးရုံအုပ်ကြီး၏ ပြောကြားချက်များအရ သိရသည်။

**အထောက်အကူဖြစ်စေ**

ဂီတဖျော်ဖြေပွဲနှင့် ပတ်သက်၍ ဆေးရုံအုပ်ကြီးက ပြောကြားရာ၌ "အခုလို အနုပညာဖျော်ဖြေပွဲကြီး ပြုလုပ်ပေးခြင်းဟာ ကလေးလူနာတွေအတွက် များစွာအဓိပ္ပာယ်ရှိစေပြီး ပျော်ရွှင်ကြည်နူးစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ခံစားနေရတဲ့ ရောဂါဝေဒနာတွေ လျော့ကျပြီး ကျန်းမာလာစေဖို့ တစ်စိတ်တစ်ပိုင်း အထောက်အကူ ဖြစ်စေပါတယ်"ဟု ပြောသည်။

အနုပညာ ဖျော်ဖြေပွဲအပြီးတွင် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးနှင့် ဇနီးတို့အား ရန်ကင်းကလေးဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပေးအပ်ခဲ့ပြီး ဂီတဖြင့် အနုပညာဖျော်ဖြေတင်ဆက်သူ Mr. Brand အား ပါမောက္ခ ဒေါက်တာကျော်ဇင်ဝေက အမှတ်တရလက်ဆောင် ပေးအပ်ခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



**ရန်ကင်းကလေးဆေးရုံကြီး၌ အစ္စရေးအနုပညာရှင် လာရောက်ဖျော်ဖြေစဉ်။** ဓာတ်ပုံ - အာကာစိုး

● *ကျောဖုံးမှ*

မြန်မာနှင့် နီပေါအသင်းသည် အုပ်စုပွဲတွေ့ဆုံစဉ် မြန်မာအသင်းက သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

ယခုပွဲတွင် ဒဏ်ရာနှင့် ပွဲပယ်ကစားသမားလည်းမရှိ၍ လူစုံပါဝင်နိုင်မည်ဖြစ်ပြီး ချန်ပီယံဆုရယူနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အောင်မြင်မှုရရန် နီးစပ်နေခြင်းဖြစ်သည်။

**ပြိုင်ဘက်အသင်းများထက် သာလွန်**

မြန်မာအမျိုးသမီးအသင်းသည် အုပ်စု သုံးပွဲစလုံး အနိုင်ရခဲ့သည့်အပြင် သွင်းဂိုးခုနစ်ဂိုး၊ ပေးဂိုးမရှိသောကြောင့် ပြိုင်ဘက်အသင်းများထက် သာလွန်လျက်ရှိသည်။

**ညီမြတ်သော်တာ**

## ၂၀၂၀ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုများထွက်ပေါ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စုများကို ဖေဖော်ဝါရီ ၁၃ ရက်က ထုတ်ပြန်ခဲ့ရာ မြန်မာအသင်းသည် ပထမအဆင့်တွင် တွေ့ဆုံခဲ့သည့် အိန္ဒိယ၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်း ပြန်လည်ကျရောက်လျက်ရှိသည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို လေးသင်းသုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါအသင်းတို့နှင့် ကျရောက်နေကာ အခြားအုပ်စုများတွင်မူ အုပ်စု (ခ) ၌ ဗီယက်နမ်၊ ဂျော်ဒန်၊ ဟောင်ကောင်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု (ဂ) တွင် တရုတ် (တိုင်ပေ)၊ အီရန်၊ ဖိလစ်ပိုင်နှင့် ပါလက်စတိုင်းအသင်းတို့ ပါဝင်နေသည်။ ယင်းပွဲစဉ်များကို ဧပြီ ၁ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ တတိယအဆင့်သို့ တက်ရောက်မည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် တွေ့ဆုံစဉ်က အိန္ဒိယကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နီပေါအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့ရာ ဒုတိယအဆင့်တွေ့ဆုံရာတွင် ရလဒ်ကောင်းရန် ရှုန်းကန်ရဖွယ်ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် ပထမအဆင့်ခြေစစ်ပွဲကို ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး ဒုတိယအဆင့်ခြေစစ်ပွဲကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# မောင်တောမြို့နယ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် AA / ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ယနေ့ နံနက်ပိုင်းက နယ်မြေလမ်းကြောင်း လုံခြုံရေး ဆောင်ရွက်နေသော နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် AA / ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တို့ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး မိမိဘက်မှ တစ်ဦးကျဆုံးကာ အကြမ်းဖက်သောင်းကျန်းသူများဘက်မှ လက်နက်ခဲယမ်းများ၊ အာရ်ဗီဘာသာဖြင့် ပုံနှိပ်ထားသော စာအုပ်တစ်အုပ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။**


**တပ်မတော်စစ်ကြောင်း စစ်ကူရောက်ရှိ**

အမှတ် (၅) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှ တပ်စိတ်တစ်စိတ်သည် မောင်တောမြို့နယ် ဗန္ဓုလ - ခမောင်းဆိပ်ကြိမ်ချောင်း သွားကားလမ်း ကာလာဒေးဗတ်ကျေးရွာအနီး ရဲဘောက်ချ ချောင်းတံတားထိပ်တွင် နယ်မြေလမ်းကြောင်း လုံခြုံရေး ဆောင်ရွက်နေစဉ် နံနက် ၂ နာရီခွဲခန့်တွင် AA / ARSA အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်း အင်အား ၃၀ ခန့်က ကားလမ်း၏ အနောက်ဘက်မှ အရှေ့ဘက်သို့ ဖြတ်သန်းလာသည်ကို တွေ့ရှိသဖြင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း၊ နံနက် ၄ နာရီခန့်တွင် တပ်မတော် စစ်ကြောင်းက စစ်ကူရောက်ရှိလာပြီး ပူးပေါင်းတိုက်ခိုက်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများသည် အနောက်ဘက်သို့ ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

**လိုက်လံရှင်းလင်းလျက်ရှိ**

ဖြစ်စဉ်တွင် မိမိဘက်မှ ရဲတပ်ဖွဲ့ဝင် အရာရှိတစ်ဦး ကျဆုံးခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ကျန်ရစ်ခဲ့သည့် သွေးစွန်းနေသော ပြောက်ကြား ဝတ်စကုတ်တစ်ထည်၊ အမ် - ၂၂ ကျည်အိမ် သုံးခု၊ ခဲယမ်းမျိုးစုံ ၂၉ တောင့်၊ လက်လုပ်လက်ပစ်ဗုံး နှစ်လုံး၊ စကားပြောစက် တစ်လုံး၊ ရီမု ခလုတ် တစ်ခု၊ ဝယာကြိုးခွေ တစ်ခွေနှင့် အာရ်ဗီဘာသာဖြင့် ပုံနှိပ်ထားသည့် စာအုပ်တစ်အုပ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာရာနောက်သို့ တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**




AA/ARSA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့မှ ကျန်ရစ်ခဲ့သည့် ပစ္စည်းများ။



စာအုပ်နှင့် စကားပြောစက်



သွေးစွန်းပြောက်ကျား ဝတ်စကုတ်နှင့် M-22 ကျည်အိမ် ၃ခု၊ ကျည် ၂၉ တောင့်၊ ရီမုခလုတ် တစ်ခု၊ ဝိုင်ယာကြိုး တစ်ခွေ



လက်လုပ်လက်ပစ်ဗုံး



လက်လုပ်လက်ပစ်ဗုံး

# ပုသိမ်နှင့် မိုင်းဆတ်မြို့နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် CMRS ဖြင့် သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် ပုသိမ်မြို့နယ် မြင်းချောင်းကျေးရွာ ဦးတင့်ဝေ၏ သစ်စက်ဝင်းအတွင်း၊ သစ်ပုတ်ကုန်းကျေးရွာ ဦးထွန်းထွန်းဦး ခြံဝင်းအတွင်းနှင့် ငဝန်မြစ်ကမ်းဘေးပဲ့ထောင် တစ်စင်းပေါ်တို့မှ တရားမဝင် ဘောင်ဆန့် လုံးပတ် ၃ ပေအောက် ဘောင်ဆန့်သစ် / ခွဲသား စုစုပေါင်း ၁၅၃၅ လုံး / ချောင်း (၁၆ ဒသမ ၅၉ ၆၆ တန်) ပြစ်မှုကျူးလွန်သူ လေးဦး၊ အင်ဂျင်သုံးလုံး၊ လှေဝိုင်း နှစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က မိုင်းဆတ်မြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ် ဦးစီးဌာနမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် နယ်မြေခံတပ်ရင်း တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းဆတ်-မိုင်းပျဉ်းသွားကားလမ်း နားလည်ကျေးရွာ၏ အရှေ့မြောက်ဘက်အနီးမှ တရားမဝင် ပိတောက်စက္ကဲယား ၁၀၅ တုံး (၆တန်)ခန့်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်မောင်မျိုး**

# RCSS/SSA အဖွဲ့က ယူဆောင်သွားသော အသုံးဆောင်ပစ္စည်းများ စုံလင်စွာ ပြန်လည်ရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နှင့် ကျိုင်းတုံမြို့အကြား ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် ယာယီတာဝန်အပြီး တောင်ကြီးမှ ကျိုင်းတုံသို့ပြန်လာသည့် တပ်ရင်းမှူး ၂ ဦးထံမှ အသုံးဆောင် ပစ္စည်းများကို RCSS/SSA အဖွဲ့ အင်အား ၅၀ ခန့်က ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် ယူဆောင်သွားခဲ့သဖြင့် တပ်မတော်သို့ အမြန်ဆုံး ပြန်လည်ပေးအပ်ရန် အကြောင်းကြားခဲ့သည်။

ထိုသို့ အသုံးဆောင်ပစ္စည်းများ အမြန်ဆုံး ပြန်လည်ပေးအပ်ရန် အကြောင်းကြားခဲ့ခြင်းကြောင့် RCSS/SSA အဖွဲ့ တာချီလိတ်မြို့ ဆက်ဆံရေးရုံး တာဝန်ခံနှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၃ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် မိုင်းပျဉ်းမြို့ရှိ နယ်မြေခံတပ်သို့ လာရောက်၍ ၎င်းတို့ယူဆောင်သွားသော အသုံးဆောင်ပစ္စည်းများ အားလုံးကို ပြန်လည်အပ်နှံခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ် ပြိုင်းချောင်းကျေးရွာနေ မြို့တိုင်းရင်းသားတစ်ဦးအား AA သောင်းကျန်းသူအဖွဲ့ ခေါ်ဆောင်သွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ပြိုင်းချောင်းကျေးရွာနေ မြို့တိုင်းရင်းသား ဦးသာထွန်း (၅၄) နှစ်သည် ဇနီးဖြစ်သူနှင့်အတူ နေအိမ်တွင်ရှိနေစဉ် ဖေဖော်ဝါရီ ၁၂ ရက် ည ၇ နာရီခွဲခန့်က အမျိုးသား ၄ ဦး ရောက်ရှိလာပြီး ခေါ်ဆောင်သဖြင့် လိုက်ပါသွားခဲ့ရာမှ ပြန်လည်ရောက်ရှိလာခြင်း မရှိကြောင်း၊ စုံစမ်းချက်အရ ဦးသာထွန်းအား AA သောင်းကျန်းသူအဖွဲ့က ခေါ်ဆောင်သွားကြောင်း သိရသဖြင့် ဇနီးဖြစ်သူက ဖေဖော်ဝါရီ ၁၃ ရက်တွင် ညောင်ချောင်နယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# ၁၈ ဘီးယာဉ်၏ ခါးလယ်အား ဆိုင်ကယ်က ဝင်တိုက်မိ၍ တစ်ဦးသေဆုံး

**တပ်ကုန်း ဖေဖော်ဝါရီ ၁၄**

နေပြည်တော် တပ်ကုန်းမြို့အတွင်း ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၂၆၇/၇ အနီး ကျောက်တိုင် လမ်းဆုံတွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၁နာရီခွဲခန့်က ဆရာစံရပ်ကွက်ဘက်မှ မြို့တွင်း ရန်ကုန် - မန္တလေးကားလမ်းဘက်သို့ ယာဉ်မောင်း မင်းထက်အောင်(ခ) ဇော်ဂျမ်း (၁၈နှစ်)၊ အောင်ကိုဇင် (ခ) ခန့်ခန့် (၂၂နှစ်)၊ မင်းချစ် (၃၁နှစ်)တို့ စီးနင်းလာသည့် ဆိုင်ကယ်သည် ပျဉ်းမနားမြို့ဘက်သို့ ဦးဇော်လွင် (၄၆ နှစ်) မောင်းနှင်သော နစ်ဆန်းဒီဆယ် ၁၈ ဘီးယာဉ်၏ ခါးလယ်ကို ဝင်တိုက်မိပြီး အောင်ကိုဇင် (ခ) ခန့်ခန့်မှာ လွင့်စဉ်ကာ ယာဉ်အောက်ရောက်ရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

မင်းထက်အောင် (ခ) ဇော်ဂျမ်းနှင့် မင်းချစ်တို့မှာ ဒဏ်ရာများ ရရှိပြီး (မစိုးရိမ်ရ-အတွင်းလူနာ)ဖြင့် တပ်ကုန်းခုတင် ၁၀၀ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် မင်းထက်အောင် (ခ) ဇော်ဂျမ်းကို တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**တင်စိုးလွင်**

# ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်မရှိဘဲ မြန်မာအလုပ်သမားများကို ထိုင်းနိုင်ငံသို့ ပို့ဆောင်ရန် ဆောင်ရွက်ခဲ့သူများကို အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ထိုင်းနိုင်ငံသူ Miss Vena Phubut သည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ရွှေမြန်မာမိုတယ်တွင် တည်းခို၍ ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်လိုသည့် မြန်မာအလုပ်သမား ၁၀၉ ဦးထံမှ ငွေကြေးများ တရားမဝင်ကောက်ခံခဲ့မှုအပေါ် Miss Vena Phubut နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သူ ဦးသန်းအောင်နှင့် ဦးသူရအောင်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဖေဖော်ဝါရီ ၅ ရက်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရှိရသည်။

အဆိုပါ Miss Vena Phubut သည် မြန်မာအလုပ်သမား ၁၀၉ ဦးထံမှ တစ်ဦးလျှင် ငွေကျပ် ၅၅၀၀၀၀ မှ ငွေကျပ်ခြောက်သိန်းအထိ ဦးသန်းအောင်နှင့် ဦးသူရအောင်တို့၏ အကူအညီဖြင့် ကောက်ယူခဲ့သည်။ ဇန်နဝါရီ ၃၀ ရက်တွင် အလုပ်သမားများအား ဒဂုံလှိုင်ဆေးခန်း၌ ဆေးစစ်၍ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်ရာတွင် ဆေးကျအလုပ်သမား ၁၆ ဦးရှိ၍ ကျန်အလုပ်သမားများကိုပါ သဘောတူစာချုပ် ချုပ်ဆိုပေးမှုမရှိ၍ အလုပ်သမား ၃၆ ဦးက တိုင်ကြားခဲ့ရာမှ ယခုကဲ့သို့ စိစစ်ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

ယင်း Miss Vena Phubut နှင့် ဦးသူရအောင်တို့ကို ရွှေပြည်သာ မြို့မရဲစခန်းမှ ဖမ်းဆီးထားပြီး ဦးသန်းအောင်ကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံသူ Miss Vena Phubut သည် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီ ၄ ခုနှင့် ပူးပေါင်း၍ အလုပ်သမားများကို ခေါ်ယူခဲ့ကြောင်း စိစစ်သိရှိရမှုအပေါ် ဆက်လက်စိစစ်လျက်ရှိပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ပြည်ပသို့အလုပ်သမား စေလွှတ်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ရန် ခွင့်ပြုချက်မရှိဘဲ အလုပ်သမားများကို တရားမဝင်စုဆောင်းခြင်း၊ ငွေကြေးကောက်ခံခြင်းများ ပြုလုပ်သူများကို ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်အထိ ၁၃၇ ဦးကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆီးရီးယားအရေးအဖြေရှာရန် ရုရှား၊ အီရန်နှင့် တူရကီခေါင်းဆောင်များ တွေ့ဆုံ



ရိုဟာနီ၊ ပူတင်နှင့် အာဒိုဂန်တို့ကို ဖေဖော်ဝါရီ ၁၄ ရက်က ဆိုချီဆွေးနွေးပွဲ၌ တွေ့ရစဉ်။

**ဆိုချီ ဖေဖော်ဝါရီ ၁၄**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် အိုင်အက်စ်အစွန်းရောက်တို့ နောက်ဆုံးခြေကုပ်ယူထားသည်ကိုလည်းကောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များ ဆုတ်ခွာရန်ပြင်ဆင်နေသည်ကို လည်းကောင်း၊ အခြားတစ်ဖက်တွင်လည်း ဆီးရီးယားပဋိပက္ခကို မည်ကဲ့သို့ဖြေရှင်းသွားမည်ဆိုသည့် အဖြေတစ်ခုရရှိရန်လည်းကောင်း အလုံးစုံသောကိစ္စရပ်များ ဆွေးနွေးရန်အတွက် ဖေဖော်ဝါရီ ၁၄ ရက်က အီရန်နှင့်တူရကီနိုင်ငံတို့မှ သမ္မတများနှင့် တွေ့ဆုံခဲ့သည်။

ယခုတစ်ပတ် သံတမန်ရေးရာဆွေးနွေးမှုသည် လူပေါင်း ၃၅၀၀၀၀ ကျော်သေဆုံးခဲ့ပြီး ရှစ်နှစ်ကျော်ထဲဝင်ရောက်လာပြီဖြစ်သည့် ဆီးရီးယားပဋိပက္ခကို ဦးစားပေးဆွေးနွေး ကြသည်။ အပြည်ပြည်ဆိုင်ရာ အိုင်အက်စ်အကြမ်းဖက်တိုက်ဖျက်ရေး မဟာမိတ်များသည် မြူးနစ်လုံခြုံရေးဆွေးနွေးပွဲ၏ သီးသန့်ဆွေးနွေးပွဲတွင်တွေ့ဆုံမည်ဖြစ်ပြီး ၎င်းတို့သည် အိုင်အက်စ်အကြမ်းဖက်တိုက်ဖျက်ရေးကိစ္စရပ်များ ဆွေးနွေးသွားမည်ဖြစ်သလို တစ်ဖက်တွင်လည်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ဝါဆောရှိ အရှေ့အလယ်ပိုင်းကိစ္စရပ်များ ဆွေးနွေးမှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

ရုရှားသမ္မတ ပူတင်၊ အီရန်သမ္မတ ဟာဆန်ရိုဟာနီနှင့် တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်တို့သည် ဆီးရီးယားအရေး ဆွေးနွေးမှုကို ပင်လယ်နက်အပန်းဖြေမြို့တော် ဆိုချီတွင် ပြုလုပ်သည်။ ပူတင်နှင့် ရိုဟာနီတို့သည် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ထောက်ခံသူများဖြစ်ပြီး အာဒိုဂန်သည် သူပုန်တပ်ဖွဲ့များကို ထောက်ခံသူဖြစ်သည်။

ဆီးရီးယားသမ္မတ အာဆတ်အစိုးရကို ထောက်ပံ့မှုများပေးကာ ၂၀၁၅ ခုနှစ်မှစပြီး ဆီးရီးယားနိုင်ငံကို စစ်ရေးဆိုင်ရာကျူးကျော်မှုများပြုလုပ်နေသော ရုရှားနိုင်ငံသည် ဆီးရီးယားပဋိပက္ခတွင် အရေးပါသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယခုအခါတွင် ဆီးရီးယားနိုင်ငံ၏ သုံးပုံနှစ်ပုံခန့်ကို ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံက အစပြုပြီး အီရန်နှင့် တူရကီတို့ပါဝင်သည့် အက်စ်တာနာငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း ဆီးရီးယားအရေးတိကျသော အဖြေတစ်ခုမရရှိသေးကြောင်း သိရသည်။ နိုင်ငံခေါင်းဆောင်များသည် ဆီးရီးယားအရေး အထူး ကော်မတီတစ်ရပ်ဖွဲ့စည်းရန် ဆွေးနွေးမှုများလုပ်ဆောင်နေ ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ယမန်နေ့က ပြောသည်။

**အေအက်ဖ်ပီ**

# အမေရိကန်နှင့် ဆွေးနွေးမှုပြုလုပ်ရန် အီရန်ခေါင်းဆောင် ခါမီနီငြင်းဆန်

**တီဟီရန် ဖေဖော်ဝါရီ ၁၄**

အီရန်ခေါင်းဆောင် အယာတိုလာ အလီခါမီနီသည် အမေရိကန်နှင့် ဆွေးနွေးမှုများပြုလုပ်ရန် ငြင်းဆန်လိုက်ကြောင်း သိရသည်။ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့သည့် ဖော်ပြချက်၌ အီရန်ခေါင်းဆောင် အယာတိုလာခါမီနီက အမေရိကန်ပြည်ထောင်စု ကို ပြစ်တင်ဝေဖန်ထားသည်။

**ညှိနှိုင်းမှုများအကျိုးမဖြစ်နိုင်**

အီရန်သည် ၁၉၇၉ခုနှစ်ကပေါ်ပေါက်ခဲ့သည့် နိုင်ငံ၏အစ္စလာမ္မစ်တော်လှန်ရေး အနှစ် ၄၀ ပြည့်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယခုရက်သတ္တပတ်အစောပိုင်းတွင် ပြုလုပ်ခဲ့သည်။ အကြောင်းအရာတစ်ခုခုကို အမေရိကန်နှင့်အတူ အဖြေရှာဖွေနိုင်မည်ဟု စိတ်ကူး၍ပင်မရနိုင်ကြောင်းနှင့် အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခြင်းသည် အကျိုးဖြစ်ထွန်းစေလိမ့်မည် မဟုတ်သည့်အပြင် ကိုယ်ရော စိတ်ပါ ထိခိုက်ဖို့သာရှိကြောင်း ခါမီနီက ပြောသည်။

**အမေရိကန်နုတ်ထွက်**


အမေရိကန်ပြည်ထောင်စုသည် ပြီးခဲ့သည့်နှစ်က အီရန်၏နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သည့် ၂၀၁၅ ခုနှစ် နိုင်ငံတကာသဘောတူစာချုပ်မှ ဆိုင်းမဆင့် ဗုံမဆင့် နုတ်ထွက်သွားခဲ့ပြီး အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်သည့် အီရန်အပေါ် ပိတ်ဆို့ မှုများ ပြန်လည်လုပ်ဆောင်လာခဲ့သည်။

ဥရောပသမဂ္ဂသည် ၂၀၁၅ ခုနှစ် သဘောတူစာချုပ်ကို ပြန်လည်အဖတ်ဆယ်နိုင်ရေး ထိန်းသိမ်းရန်အတွက် အီရန်နှင့်အတူ ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ သို့သော် ခါမီနီက အီရန်ပြည်သူများသည် ဥရောပနိုင်ငံအချို့ကို အမေရိကနည်းတူ ဉာဏ်နီဉာဏ်နက်များပြီး မယုံကြည်ထိုက်သောနိုင်ငံများအဖြစ် ထင်မြင်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

**စီးပွားရေးအခြေအနေပိုမိုဆိုးရွားလာ**

ထိုသို့ ထင်မြင်နေမှုကြောင့် အီရန်နိုင်ငံအပေါ်တွင် အမေရိကန်၏ ပိတ်ဆို့မှုများကို ဖျက်သိမ်းရန် ယခုလအစောပိုင်းက ကြေညာခဲ့သည့် ဥရောပသမဂ္ဂ၏ အစီအစဉ်မှာ ထိရောက်နိုင်ဖွယ်မရှိဟု အီရန်ပြည်သူများအကြား စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။ အမေရိကန်က လုပ်ဆောင်ခဲ့သည့် ပိတ်ဆို့မှုများကြောင့် အီရန်၏စီးပွားရေးအခြေအနေမှာ ပိုမိုဆိုးရွားလာနေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အီရန်ခေါင်းဆောင် အယာတိုလာခါမီနီ။

# ဖိလစ်ပိုင်သတင်းသမားတစ်ဦး အသရေဖျက်မှုဖြင့် ဖမ်းဆီးခံရ

**မနီလာ ဖေဖော်ဝါရီ ၁၄**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးကို ဝေဖန်မှုနှင့် ထပ်တလဲလဲ ထိပ်တိုက်တွေ့ဆုံနေသည့် ရက်ပ်လာအင့်အွန်လိုင်းသတင်းဌာနတည်ထောင်သူ ဖိလစ်ပိုင်သတင်းသမား မာရီယာရက်ဆာအား အသရေဖျက်မှုနှင့် အစိုးရအေးဂျင့်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**ရေးသားခဲ့**

အသရေဖျက်မှုဖြင့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက တိုင်ကြားခဲ့ပြီးနောက် အွန်လိုင်းသတင်းဌာန၏ အမှုဆောင် အယ်ဒီတာဖြစ်သည့် မာရီယာရက်ဆာ အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ၎င်း၏အမှုကို ဖိလစ်ပိုင်တရားရေးဌာနက အမှုဖွင့်ခဲ့ကြောင်း သိရသည်။ ဒူတာတေး အစိုးရအဖွဲ့က ယခု တိုင်ကြားမှုသည် လုပ်ရိုးလုပ်စဉ်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ပြောခဲ့သည်။ ရက်ဆာသည် ၂၀၁၂ခုနှစ်က အဆိုပါ စီးပွားရေးလုပ်ငန်းရှင်အကြောင်း သတင်းရေးခဲ့သူဖြစ်သည်။ ၎င်းစီးပွားရေးလုပ်ငန်းရှင်သည် ဖိလစ်ပိုင်နိုင်ငံ၏ အမြင့်ဆုံး တရားရုံးတရားသူကြီးနှင့် ဆက်နွှယ်မှုရှိသည်ဟု မာရီယာ ရက်ဆာက စွပ်စွဲရေးသားခဲ့ခြင်းဖြစ်သည်။



ဖိလစ်ပိုင်သတင်းသမား မာရီယာရက်ဆာ။

**တောင်းဆို**

ဖိလစ်ပိုင်သတင်းသမားများက အခုလို ဖမ်းဆီးမှုသည် အနိုင်ကျင့်လေ့ရှိသည့် အစိုးရ၏ ရှက်ဖွယ်လုပ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သတင်းသမားများကာကွယ်စောင့်ရှောက်ရေး စီပီဂျေ၏ ဗန်ကောက်အခြေစိုက်အဖွဲ့က ရက်ဆာအပေါ် စွဲချက်တင်ထားသည်ကို ပယ်ဖျက်ပေးပြီး ၎င်းကို အမြန်ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဗုံးခွဲတိုက်ခိုက်မှုနောက်ကွယ်ရှိ ကြေးစားအဖွဲ့များကို လက်တုံ့ပြန်သွားမည်ဟု အီရန်သမ္မတပြော

**တီဟီရန် ဖေဖော်ဝါရီ ၁၄**

အီရန်အရှေ့တောင်ပိုင်းတွင် လူ ၂၇ ဦးကို သေဆုံးစေခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုနောက်ကွယ်မှ ကြေးစားတိုက်ခိုက်ရေးအုပ်စုကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်သမ္မတ ဟာဆန်ရိုဟာနီက ကြာသပတေးနေ့တွင် အလေးအနက်ပြောကြားခဲ့သည်။

သမ္မတသည် အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့ကိုလည်း အကြမ်းဖက်မှုများကို ကူညီပံ့ပိုးနေသည်ဟုလည်း စွပ်စွဲလိုက်ကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သူများ၏ သွေးကြွေးကို ကြေးစားအုပ်စုများအနေဖြင့် သေချာပေါက်ပြန်လည်ပေးဆပ်ရလိမ့်မည်ဟု သမ္မတ ရိုဟာနီ၏ ပြောဆိုခဲ့မှုကို အီရန်နိုင်ငံပိုင် အိုင်အာအင်န်အေ သတင်းအေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။

ဒေသတွင်း၌ ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများ၏ ဇာစ်မြစ်မှာ အမေရိကနှင့် အပေါင်းအပါများဖြစ်ပြီး ဒေသအတွင်းရှိ ရေနံထုတ်လုပ်သည့် နိုင်ငံအချို့က အကြမ်းဖက်မှုများပေါ်ပေါက်အောင် ငွေကြေးပံ့ပိုးပေးနေကြောင်း သမ္မတက ပြောကြားလိုက်သည်။

ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုသည် စစ်စတန်၊ ဘာလူချီစတန် အရှေ့တောင်ပိုင်းပြည်နယ်အတွင်းရှိ တော်လှန်ရေးအစောင့်တပ်ဖွဲ့တစ်စုကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်ပြီး နှစ်များစွာအတွင်း အီရန်လုံခြုံရေးတပ်ဖွဲ့ဝင်များ အသေအပျောက်အများဆုံး တိုက်ခိုက်ခံရမှုတစ်ခုဖြစ်ခဲ့သည်။

သမ္မတက အီရန်၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် တာဝန်သိစွာဆောင်ရွက်ကြရန်နှင့် ၎င်းတို့၏မြေကို တိုက်ခိုက်မှုများအတွက် ပြင်ဆင်သည့်နေရာအဖြစ် အသုံးပြုခွင့်မပေးရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

တပ်ဖွဲ့ဝင်များသည် ဗာလူချီခွဲထွက်ရေးအုပ်စုနှင့် ဂျီဟက်စစ်သွေးကြွအဖွဲ့များ အခြေစိုက်စခန်းများရှိရာ ပါကစ္စတန်နယ်စပ်တွင် ကင်းလှည့်မစ်ရှင်တစ်ခုပြုလုပ်ပြီး ပြန်လာချိန်တွင် ဗုံးခွဲတိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်ကြောင်း အစောင့်တပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

**အေအက်ဖ်ပီ**



တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်များလိုက်ပါလာသည့် ဘတ်စကား ဗုံးခွဲတိုက်ခိုက်ခံရမှုကို တွေ့ရစဉ်။

## ကမ်းလွန်ရွှေ့ပြောင်းဒုက္ခသည် ထိန်းသိမ်းရေးစခန်းကို ပြန်ဖွင့်ကြောင်း သြစတြေးလျ ကြေညာ

**မဲလ်ဘုန်း ဖေဖော်ဝါရီ ၁၄**

ခရစ္စမတ်ကျွန်းပေါ်ရှိ အငြင်းပွားကမ်းလွန် ရွှေ့ပြောင်းဒုက္ခသည် ထိန်းသိမ်းရေးစခန်း တစ်ခုကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သြစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ဗုဒ္ဓဟူးနေ့တွင် ကြေညာခဲ့သည်။

လွန်ခဲ့သော လအနည်းငယ်အကြာက ပိတ်ထားခဲ့သည့် အဆိုပါဒုက္ခသည် ထိန်းသိမ်းရေးစခန်းကို ပြန်လည်ဖွင့်လှစ်ရန် မော်ရစ်ဆင်က အတည်ပြုခဲ့သည်။ အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့တို့တွင် ပါလီမန်လွှတ်တော်သည် အစိုးရ၏သတိပေးချက်များကို ငြင်းဆန်လိုက်ပြီး နော်ရူနှင့် ပါပူဝါနယူးဂီနီရှိ မာနပ်စ်ကျွန်းပေါ်ရှိ ကမ်းလွန်ဒုက္ခသည်စခန်းများတွင် ထိန်းသိမ်းထားသည့် ဒုက္ခသည် ၁၀၀၀ တို့အတွက် တံခါးဖွင့်ပေးမည့် ဥပဒေကို အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းမှာ သြစတြေးလျအစိုးရအနေဖြင့် ဆယ်စုနှစ်များစွာအတွင်း အောက်လွှတ်တော်၌ ကိုယ်ပိုင်ဥပဒေပြဌာန်းမှုအတွက် မဲခွဲဆုံးဖြတ်ရာတွင် ပထမဆုံးအကြိမ် ရှုံးနိမ့်မှုဖြစ်ကြောင်း သိရသည်။ မော်ရစ်ဆင်က ဥပဒေသည် ထိန်းသိမ်းခံထားရသူများအတွက်သာ အသုံးဝင်လိမ့်မည် ဖြစ်ကြောင်းနှင့် အတိုက်အခံများသည် နယ်စပ်ကို အားနည်းအောင်၊ ထိခိုက်အောင် လုပ်ဆောင်နေသည်ဟု စွပ်စွဲခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## ဗင်နီဇွဲလား၌ အမေရိကန် စစ်ရေးအရ ကြားဝင် စွက်ဖက်လာနိုင်ကြောင်း ကျူးဘားသတိပေး

**ဟာဗားနား ဖေဖော်ဝါရီ ၁၄**

အမေရိကန်သည် လူသားချင်းစာနာထောက်ထားမှု အခြေအနေများကို ယိုးမယ်ဖွဲ့ကာ ဗင်နီဇွဲလားနိုင်ငံအတွင်း စစ်ရေးအရကြားဝင်စွက်ဖက်ရန် ပြင်ဆင်လျက်ရှိကြောင်း ကျူးဘားအစိုးရက ဗုဒ္ဓဟူးနေ့နှောင်းပိုင်းတွင် သတိပေးလိုက်ပြီး အနာဂတ်တွင် ထိုသို့ဖြစ်လာနိုင်သည့်အခြေအနေကို ရှောင်လွှဲရန်၊ နိုင်ငံတကာအသိုင်းအဝိုင်းက အားစိုက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ကြောင်းသိရသည်။

ကာရစ်ဘီယံကျွန်းစုနိုင်ငံဖြစ်သည့် ကျူးဘားက အမေရိကန်သည် အရပ်သားပြည်သူများ၏ အကျိုးစီးပွားလုံခြုံစေရန် နိုင်ငံတကာအသိုင်းအဝိုင်း၏ ကာကွယ်မှုအောက်တွင် လူသားချင်းစာနာထောက်ထားမှု စကြံ်တစ်ခုကို အတင်းအကျပ် ထူထောင်ရန်အတွက် သိသိသာသာ ပြင်ဆင်နေကြောင်းနှင့် ထိုအကြောင်းကြောင့် ဗင်နီဇွဲလားအရေးကိစ္စကို ဝင်ရောက်စွက်ဖက်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျူးဘားက အမေရိကန် တပ်မတော်လေယာဉ်သည် ဖေဖော်ဝါရီ ၆ ရက်နှင့် ဖေဖော်ဝါရီ ၁၀ ရက်တို့တွင် ဒိုမီနီကန်သမ္မတနိုင်ငံ ပွာတိုရီကိုရှိ အမေရိကန်စစ်အခြေစိုက်စခန်းနှင့် အခြားသော ကာရစ်ဘီယံကျွန်းများသို့ ဒေသအစိုးရအဖွဲ့၏ သဘောတူညီချက်မရှိဘဲ တပ်ဖွဲ့ဝင်များကို ပို့ဆောင်ခဲ့ကြောင်း ကျူးဘားက ဆိုထားသည်။

**ဆင်ဟွာ**

# လူဦးရေတိုးပွားလာဖို့ ကြိုးပမ်းနေသည့် ဟန်ဂေရီ၏ ဆောင်ရွက်ချက်များ

**ချူးစန္ဒီနွေး**

**ရွှေ့ပြောင်းဒုက္ခသည်တွေကို နိုင်ငံအတွင်းမှာလက်ခံပေးဖို့ ခါးခါးသီးသီး ငြင်းဆိုတဲ့အထဲမှာ ဟန်ဂေရီဝန်ကြီးချုပ်လည်း ပါပါတယ်။ ဟန်ဂေရီနိုင်ငံအတွင်းမှာ လူဦးရေကျဆင်းမှု၊ လုပ်သားအင်အားပြတ်လပ်မှု၊ နိုင်ငံအတွင်းမှ ထွက်ခွာသူများပြားလာမှု အစရှိတာတွေနဲ့ရင်ဆိုင်လာရပေမယ့် ဟန်ဂေရီ နိုင်ငံရဲ့လုပ်သားအင်အား၊ ထုတ်လုပ်မှုအင်အားကို တိုးပွားလာဖို့ ချဉ်းကပ်မှု နည်းလမ်းတွေ လုပ်ဆောင်လျက်ရှိပါတယ်။**


ဟန်ဂေရီဝန်ကြီးချုပ် မစ္စတာ အော်ဘန် တနင်္ဂနွေနေ့က ဘူဒါပက်မြို့၌ မိန့်ခွန်းပြောကြားစဉ်။

### လူသိရှင်ကြားကြေညာ

ဟန်ဂေရီနိုင်ငံအတွင်းက ထွက်သွားတာမျိုး မဖြစ်ရလေအောင် ဟန်ဂေရီနိုင်ငံ အတွင်းမှာပဲ ဆက်လက်နေထိုင်မယ်လို့ ကတိပေးရင် ပညာသင်ဆုချီးမြှင့်မယ်လို့ ဟန်ဂေရီဝန်ကြီးချုပ်က ကမ်းလှမ်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ နယ်စပ်အကျော်မှာ နေထိုင်ကြတဲ့ ဟန်ဂေရီတိုင်းရင်းသားတွေကိုလည်း နိုင်ငံသားအဖြစ် ပေးတာမျိုးတွေ လုပ်ခဲ့ပါတယ်။ ဒီလိုမျိုးကမ်းလှမ်းမှုတွေ လုပ်ခဲ့တဲ့အပြင် ပြီးခဲ့တဲ့တနင်္ဂနွေနေ့မှာတော့ သူဟာ ရည်မှန်းချက်ကြီးမားလှတဲ့သူ့ရဲ့ အစီအစဉ်ကို လူသိရှင်ကြား ကြေညာခဲ့ပါတယ်။ အဲဒါကတော့ ကလေးလေးယောက်နဲ့ အထက် ဟန်ဂေရီအမျိုးသမီးတွေကို ဝင်ငွေခွန်ကနေ ကင်းလွတ်ခွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ အခုဆိုရင် ဥရောပတစ်လွှားမှာ ကလေးမွေးနှုန်းဟာ ကျဆင်းသထက်ကျဆင်းလို့လာပါပြီ။ အနောက်နိုင်ငံတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေဟာ အခြားနိုင်ငံက ရွှေ့ပြောင်းအခြေချလာတဲ့လူတွေနဲ့ တွေ့ကြုံနေရပါတယ်။

### လူဦးရေကျဆင်း

ဟန်ဂေရီနိုင်ငံကတော့ နိုင်ငံအတွင်း လူဦးရေကျဆင်းလာမှုကို တခြားသော နည်းလမ်းနဲ့ပဲ ဖြေရှင်းလိုပါတယ်။ "နိုင်ငံအတွင်းမှာ လူဦးရေများဖို့ မလိုပါဘူး။ ဟန်ဂေရီကလေးတွေ များလာတာကိုပဲ လိုချင်တာပါ" ဟု ဝန်ကြီးချုပ်က ပြောခဲ့ပါတယ်။ ဥရောပသမဂ္ဂနိုင်ငံတွေမှာ ပြည်ပက ဝင်ရောက်လာတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေနဲ့ မဖြည့်ဘူးဆိုရင် လူဦးရေမွေးဖွားနှုန်းဟာ ကျဆင်းနေတာကို တွေ့ရမှာပါ။ အဲဒီအထဲမှာ ဟန်ဂေရီအမျိုးသမီးတွေရဲ့ ကလေးမွေးဖွားနှုန်းဟာ တစ်ယောက်သာသာပဲ ရှိတဲ့အတွက် အဆိုးဆုံးလို့ဆိုရမှာပါ။

### လုပ်သားအင်အား ကွက်လပ်တွေ ရှိလာ

ဒါကြောင့်မို့ လုပ်သားအင်အားနေရာမှာ ကွက်လပ်တွေရှိလာတဲ့အခါ နိုင်ငံခြားအလုပ်သမားတွေနဲ့ ဖြည့်တင်းရတော့မှာဖြစ်ပြီး နိုင်ငံခြားအလုပ်သမားတွေကို လက်ခံပေးဖို့ ဟန်ဂေရီနိုင်ငံဟာ အလွန်ကိုပဲ တွန့်ဆုတ်ပါတယ်။ နိုင်ငံခြားက ရွှေ့ပြောင်းလာတဲ့ ဒုက္ခသည်တွေကို ဆန့်ကျင်ကြတဲ့နိုင်ငံတွေဖြစ်တဲ့ ချက်သမ္မတနိုင်ငံနဲ့ ပိုလန်တို့တောင်မှ သူတို့ရဲ့သဘောထားကို ပျော့ပျောင်းရမယ့် အခြေအနေပါ။ အခုဆိုရင် ပိုလန်နဲ့ ချက်သမ္မတနိုင်ငံတို့ဟာ အာရှတစ်လွှားက လုပ်သားတွေကို လက်ခံဖို့ စီစဉ်နေကြပြီ။

### ရွှေ့ပြောင်းလာသူတွေကို လက်မခံနိုင်

လက်ယာစွန်းရောက် နိုင်ငံရေးသမားတစ်ဦးဖြစ်တဲ့ ဟန်ဂေရီဝန်ကြီးချုပ် မစ္စတာအော်ဘန်က ဟန်ဂေရီတွေနဲ့ အခြားက ပြောင်းရွှေ့လာတဲ့ ဟန်ဂေရီမဟုတ်တဲ့လူတွေ ရောထွေးကုန်ကြမှာကို ဘယ်လိုမှ လက်မခံနိုင်ဘူးလို့ ပြောပါတယ်။ ဥရောပသမဂ္ဂအဖွဲ့အတွင်းမှာ ရွှေ့ပြောင်းဒုက္ခသည်ခွဲတမ်းလက်ခံရေးကိစ္စမှာလည်း ဟန်ဂေရီဝန်ကြီးချုပ်ဟာ ဆိုးဆိုးရွားရွား ဆန့်ကျင်သူတစ်ယောက်ပါ။ ၂၀၁၅ ခုနှစ် ဥရောပကို ရွှေ့ပြောင်းဒုက္ခသည် အလုံးအရင်းနဲ့ လိမ့်ဝင်လာတဲ့အခါမှာတော့ ဟန်ဂေရီဝန်ကြီးချုပ်ဟာ ဒီဒုက္ခသည်တွေကို လက်မခံတဲ့ဘက်က ဦးဆောင်ခဲ့ပါတယ်။ ဘယ်အရာကမှ သူ့ကိုစိတ်ပြောင်းသွားအောင် မလုပ်ဆောင်နိုင်ခဲ့ပါဘူး။

### ကလေးမိခင်တွေ အခွန်ကင်းလွတ်ခွင့်ပေး

ဟန်ဂေရီနိုင်ငံဟာ အခြားအိမ်နီးချင်း တိုင်းပြည်တွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုမျိုးနဲ့ ရင်ဆိုင်နေရတယ်လို့ ဂျာမနီကောင်စီ နိုင်ငံခြားဆက်ဆံရေးမှ အရှေ့ဥရောပနဲ့ ဥရောပအလယ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်သူ မီလန်နစ်က ပြောပါတယ်။ ဟန်ဂေရီနိုင်ငံဟာ အိမ်နီးချင်းတိုင်းပြည်တွေလိုပဲ လူဦးရေ ကျဆင်းမှုစိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရပေမယ့် တခြားနိုင်ငံတွေနဲ့ မတူညီတာက ဟန်ဂေရီနိုင်ငံရဲ့အစိုးရ မူဝါဒတွေဟာ အမျိုးသားရေး အတွေးအမြင်တွေရဲ့ အောက်မှာ များစွာကန့်သတ်ခံထားရပါတယ်။ နိုင်ငံရပ်ခြားက ရွှေ့ပြောင်းလာမယ့်သူတွေကို လက်ခံမယ့်အစား ကလေးလေးယောက်အထက် မွေးထားတဲ့ အမျိုးသမီးတွေကို အခွန်ကင်းလွတ်ခွင့်ပေးဖို့ မစ္စတာအော်ဘန် ဆုံးဖြတ်လောက်ပါတယ်။ ချေးငွေတွေ လျှော့ချပေးခြင်း၊ မိဘတွေရဲ့ကားဝယ်ယူမှုအတွက် ငွေပေးချေမှုကို လျှော့ချခြင်း၊ မိသားစုတွေအတွက် ချေးငွေပုံစံအသစ်တွေနဲ့ မိတ်ဆက်ပေးခြင်း၊ မီးဖွားခွင့်ကိုလည်းအဘိုးအဘွားတွေကိုပါ ခံစားခွင့်ပေးခြင်း၊ နိုင်ငံအတွင်းနေ့ကလေးထိန်းကျောင်းတွေကို တိုးမြှင့်ဖွင့်လှစ်ပေးခြင်း အစရှိတာတွေ လုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

### မိခင်များအတွက်အစီအစဉ်

အခုလိုမျိုး လုပ်ဆောင်မှုတွေဟာ အမျိုးသမီးတွေရဲ့ခန္ဓာကိုယ်ကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုတာပဲဖြစ်တယ်လို့ ဘူဒါပက်မြို့မှာရှိတဲ့ ဥရောပအလယ်ပိုင်းတက္ကသိုလ်မှ အမျိုးသား အမျိုးသမီးခွဲခြားမှုဆိုင်ရာ လေ့လာရေး ပါမောက္ခ အန်ဒရာပီတိုက ပြောပါတယ်။ အချို့သော လုပ်ဆောင်မှုတွေဟာ ဟန်ဂေရီမှာ ကျား မ အချိုးအစားမညီမျှမှုကို လျော့ကျကောင်းလျော့ကျစေမယ်။ အမျိုးသမီးတွေဟာ လုပ်သားအင်အားမှာ ပါဝင်နိုင်ရုံသာမက မိခင်တာဝန်ထမ်းဆောင်ရာမှာလည်း အရင်ကထက်ပိုမိုပြီး လွယ်ကူလာမှာဖြစ်တယ်လို့ ပါမောက္ခပီတိုက ပြောပါတယ်။ အထူးသဖြင့် အသစ်ဆောက်လုပ်မယ့် နေ့ကလေးထိန်းကျောင်း ၂၁၀၀၀ ကြောင့် ကလေးအမေတွေဟာ လုပ်ငန်းခွင်ပြန်ဝင်ဖို့ ပိုမိုအဆင်ပြေလာမှာ ဖြစ်တယ်။ ဒါဟာမှန်ကန်တဲ့ ခြေလှမ်းတစ်ခုဖြစ်တဲ့အပြင် လမ်းကြောင်းမှန်ပေါ်သွားနေတာပဲဖြစ်တယ်လို့ ပါမောက္ခ ပီတိုက ပြောပါတယ်။

### မက်လုံးပေးစည်းရုံး

ဒါပေမယ့် သန်းခေါင်စာရင်းဆိုင်ရာ ကျွမ်းကျင်သူတွေကတော့ ဟန်ဂေရီ သားစစ်စစ်တွေနဲ့ပဲ သတ်မှတ်ထားတဲ့ လူဦးရေအထိ တိုးလာအောင်လုပ်နိုင်ဖို့ကတော့ မလွယ်ဘူးလို့ ပြောကြပါတယ်။ ရိုမေးနီးယားမှာ ကွန်မြူနစ်ခေတ်မှာတုန်းကလည်း အကြွင်းမဲ့အာဏာရှင်စနစ်ကိုကျင့်သုံးတဲ့ အာဏာရှင်တွေဟာ လူဦးရေကို တိုးမြှင့်ဖို့အတွက် ကိုယ်ဝန်ဖျက်ချတာတွေ၊ ကလေးမွေးဖွားနှုန်းကို ထိန်းချုပ်တာတွေ လုပ်ခွင့်မရှိပါဘူး။ အခု ဟန်ဂေရီနိုင်ငံလိုပါပဲ။ ပြင်သစ်နိုင်ငံဟာလည်း ၂၀၀၅ ခုနှစ်က ဘဏ္ဍာရေးဆိုင်ရာ မက်လုံးပေးစည်းရုံးမှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။ ဒါပေမယ့် အဲဒီအချိန်ကစလို့ ကလေးမွေးဖွားနှုန်း တက်လာတာလည်း မရှိပါဘူးလို့ အောက်စဖို့ဒ် တက္ကသိုလ်က သန်းခေါင်စာရင်းဆိုင်ရာ ပါမောက္ခ ဆာရာဟတ်ပါက ပြောပါတယ်။

### ဆွီဒင်ကအခွင့်အရေးပိုပေး

ပြည်ပကရွှေ့ပြောင်းလာတဲ့လူတွေ အလုံးအရင်းနဲ့ လိမ့်ဝင်မလာဘူးဆိုရင် လူဦးရေကတော့ ကျဆင်းနေဦးမှာပါပဲ။ ပြည်ပက လိမ့်ဝင်လာတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေရဲ့ ကလေးမွေးနှုန်းဟာ ဒေသခံလူမျိုးတွေရဲ့ကလေးမွေးဖွားနှုန်းထက် မြင့်မားတာကတော့ အမှန်ပါပဲ။ ဆွီဒင်နိုင်ငံမှာလည်း ကလေးမွေးဖွားနှုန်းကို တိုးမြှင့်ဖို့လုပ်ဆောင်ဆဲပါ။ ကလေးမွေးဖွားပြီးရင် လုပ်ငန်းခွင်ပြန်ဝင်နိုင်ဖို့ပေးထားတဲ့အခွင့်အရေးဟာ အခု ဟန်ဂေရီထက်တောင် ပိုများပါတယ်။ ဟန်ဂေရီနဲ့ မတူတာက ဆွီဒင်မှာဆိုရင် နေ့ကလေးထိန်းကျောင်းတွေဟာ အားလုံးက အလကားရပါတယ်။ ပိုက်ဆံပေးစရာ မလိုပါဘူး။ ဖခင်တွေဟာလည်း မိခင်နည်းတူ မီးဖွားခွင့်ယူလို့ရပါတယ်။ ဖခင်ရောမိခင်ပါ လစာအပြည့်နဲ့ ခွင့် ၅၅ ပတ်ရပါတယ်။ ဟန်ဂေရီက အမေတွေရတဲ့ အခွင့်အရေးထက် အများကြီးပိုပါတယ်။

### ဖခင်တွေကိုလည်း အခွင့်အရေးပေးဖို့လို

ကလေးမွေးဖွားပြီး လုပ်ငန်းခွင်ပြန်ဝင်ဖို့ အခက်အခဲရှိတဲ့ မိခင်တွေအတွက် လုပ်ဆောင်ပေးရမှာတွေ အများကြီးရှိပါတယ်။ နေ့ကလေးထိန်းကျောင်းတွေနဲ့ ချိတ်ဆက်ပေးဖို့လည်း လိုအပ်ပါတယ်။ ဖခင်တွေကိုလည်း မိခင်တွေနည်းတူ တူညီတဲ့ထောက်ပံ့မှုမျိုးပေးဖို့လိုပါတယ်လို့ ပါမောက္ခ ဆာရာဟတ်ပါကပြောပါတယ်။ ဒီလိုမှ မလုပ်နိုင်ဘူးဆိုရင် အလုပ်က နုတ်ထွက်တာတွေဖြစ်ပြီး လုပ်သားအင်အားကို ထိခိုက်တာတွေ ဖြစ်လာနိုင်တယ်လို့ သူက ဆက်ပြောပါတယ်။ ဟန်ဂေရီနိုင်ငံမှာတော့ မဲဆန္ဒရှင်ဟာ ဆွီဒင်ကထက် ပိုပြီး ရှေးရိုးစွဲဆန်ပါတယ်။ ဥရောပအနောက်ပိုင်းမှာ သူနည်းသူ့ဟန်နဲ့ လှုပ်ရှားနေကြမှာပါပဲ။ ဒါပေမယ့် ဟန်ဂေရီနိုင်ငံမှာတော့ ဝန်ကြီးချုပ် မစ္စတာ အော်ဘန်ရဲ့ အနေအထားဟာပိုပြီးလူကြိုက်များလာနိုင်ပါတယ်။ သူဟာ အလယ်အလတ်တန်းစား မိသားစုတွေကို ပစ်မှတ်ထားလို့ပါလို့ ဘူဒါပက်မြို့သုတေသနအုပ်စုက နိုင်ငံရေးသုတေသီတစ်ဦးဖြစ်သူ မစ္စတာတော့ကပြောပါတယ်။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

> **"အိမ်နီးချင်းတိုင်းပြည်တွေလိုပဲ လူဦးရေ ကျဆင်းမှု စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရပေမယ့် တခြားနိုင်ငံတွေနဲ့ မတူညီတာက ဟန်ဂေရီနိုင်ငံရဲ့အစိုးရ မူဝါဒတွေဟာ အမျိုးသားရေး အတွေးအမြင်တွေရဲ့ အောက်မှာများစွာ ကန့်သတ်ခံထားရ"**

# ဗဟိုနှင့် ကယားပြည်နယ် MSME Agency များ လွိုင်ကော်မြို့၌ တွေ့ဆုံဆွေးနွေး

**လွိုင်ကော် ဖေဖော်ဝါရီ ၁၄**

ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ဗဟို MSME အေဂျင်စီနှင့် ကယားပြည်နယ် MSME အေဂျင်စီတို့ တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်က ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ပြည်နယ် MSME အေဂျင်စီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ဗဟို MSME အေဂျင်စီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဗဟို MSME အေဂျင်စီဝင် ၂၄ ဦး၊ ပြည်နယ် MSME အေဂျင်စီဝင် ၁၁ ဦးတို့ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ဆွေးနွေးမှုကြောင့် ကယားပြည်နယ်အတွက် စီးပွားရေး ပိုမိုတိုးတက်လာမည့် အခွင့်အရေးများ ရရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ ဝန်ကြီးချုပ်တစ်ယောက်အနေဖြင့် ပြည်နယ်၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်၏ စီးပွားရေးကဏ္ဍ တိုးတက်ရေးအတွက် ကယားပြည်နယ်ကို တစ်ဖက်ပိတ်ပြည်နယ်အဖြစ်မှ International Border Check Point အဖြစ် ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းနေကြောင်း၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့ကြား ကူးလူးဆက်ဆံမှုများ ပိုမိုကောင်းမွန်စေရေးအတွက် MoU လည်း ရေးထိုးပြီးဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။


ဗဟို MSME အဖွဲ့နှင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သော ပြည်နယ် MSME အဖွဲ့ဝင်များ ဆွေးနွေးစဉ်။

ထို့အပြင် ပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများ၊ ဒေသခံပြည်သူများအနေဖြင့် စီးပွားရေးဆိုင်ရာ မူဝါဒများတွင် နားလည်မှုအားနည်းနေသည့် အခြေအနေနှင့် ဌာနဆိုင်ရာများက ပညာပေးကဏ္ဍများ ထပ်မံဆောင်ရွက်ရန်၊ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံလိုသောကဏ္ဍများ တင်ပြထားမှုများအတွက် တစ်နှစ်ကျော်ကာလအထိ အကြောင်းပြန်ကြားမှုမရှိသဖြင့် လုပ်ငန်းရှင်များဘက်မှ ရင်းနှီးမြှုပ်နှံလိုသော်လည်း နှောင့်နှေးကြန့်ကြာမှုများကြောင့် စိတ်ပျက်စေသည့် အခြေအနေများ စသည်တို့နှင့်ပတ်သက်၍ ဝန်ကြီးချုပ်က ဆက်လက်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဗဟို MSME အေဂျင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက ပြည်နယ်အတွင်း ဖော်ဆောင်နေသည့်လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်အောင် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးရမည့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကာ တက်ရောက်လာသည့် ဗဟို MSME အေဂျင်စီနှင့် ပြည်နယ် MSME အေဂျင်စီတို့မှ တာဝန်ရှိသူများက ကယားပြည်နယ်မှ SME လုပ်ငန်းများ ပိုမိုအောင်မြင်လာရေးအတွက် ကဏ္ဍအလိုက် ထပ်မံဆွေးနွေးခဲ့ကြသည်။

**ကိုစိုင်း(လွိုင်ကော်)**

# မုံရွာမြို့နှင့် စစ်ကိုင်းမြို့တွင် ဂျပန်-မြန်မာချစ်ကြည်ရေး ဖျော်ဖြေပွဲများ ကျင်းပမည်

**မုံရွာ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ဂျပန်-မြန်မာ ချစ်ကြည်ရေး ဖျော်ဖြေပွဲများ ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဂျပန်-မြန်မာချစ်ကြည်ရေးဖျော်ဖြေပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများတိုးတက်စေရန် ရည်ရွယ်ပြီး တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စီစဉ်ကျင်းပမည်ဖြစ်ကာ ဂျပန်နိုင်ငံမှ Manjushaka ယဉ်ကျေးမှုအဖွဲ့ကို ဖိတ်ကြားထားပြီးဖြစ်ကြောင်း၊ ချစ်ကြည်ရေး ဖျော်ဖြေပွဲများအဖြစ် Manjushaka ယဉ်ကျေးမှုအဖွဲ့သည် စစ်ကိုင်းမြို့၌ ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်းကောင်း၊ မုံရွာမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်းကောင်း ညနေ ၆ နာရီခွဲမှ ၈ နာရီအထိ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ကားမောင်းပွဲများ၊ ခရီးသွားရက်သတ္တပတ်လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ကာ တိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကသာ၊ ကလေးနှင့် ခန္တီးစသည့် ခရီးသွားဇုန် ခြောက်ခုတွင် ၂၀၁၈ ခုနှစ်အတွင်း ပြည်တွင်းပြည်ပ ခရီးသွားဝင်ရောက်မှုအနေဖြင့် ပြည်တွင်းခရီးသွား ၁၇၀၀၀၀ ကျော်နှင့် ပြည်ပခရီးသွား ၂၆၀၀၀ ကျော်၊ စုစုပေါင်း ၁၉၆၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# တာလေမြို့၌ ငလျင်ဘေးအန္တရာယ်အကြောင်း အသိပညာပေး

**တာလေ ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စန္ဒာရွှေနှင့် ဝန်ထမ်းများသည် တာလေမြို့နယ် မိုင်းလင်းကျေးရွာအုပ်စုအတွင်းရှိ ဝမ်ကောင်းကျေးရွာနှင့် ဝမ်ကန်ကျေးရွာတို့မှ ပြည်သူများအား ငလျင်ဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောမှုများကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲများတွင် ဦးစီးမှူးက ငလျင်ဘေးအန္တရာယ်ဖြစ်ပွားသည့် အကြောင်းရင်းများ၊ ငလျင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားရမည့်အချက်များ၊ ငလျင်ဘေးဖြစ်စဉ် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ဆောင်ရန် ရှောင်ရန်များကို ရှင်းလင်းဟောပြောပြီး ငလျင်ဘေးဖြစ်စဉ် လိုက်နာရမည့်အချက်များကို ဦးစီးမှူးနှင့် အငယ်တန်းစာရေး ဦးအောင်နိုင်ဝင်းတို့က လက်တွေ့သရုပ်ပြခဲ့သည်။ ထို့နောက် ဟောပြောပွဲတက်ရောက်သည့် ဒေသခံပြည်သူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ဦးစီးမှူးက ကျေးရွာများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ မီးဘေးနှင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးပိုစတာများကို ပေးအပ်ခဲ့ပြီး ဟောပြောပွဲတက်ရောက်သည့် ပြည်သူများထံသို့လည်း ဘေးအန္တရာယ်ရှစ်မျိုးအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **ရွှေကို (ပြန်/ဆက်)**



# မြေလတ်ရောဖလား ဘောလုံးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်း ဗိုလ်စွဲ

**ပခုက္ကူ ဖေဖော်ဝါရီ ၁၄**

ပခုက္ကူမြို့ဟိုတယ်ရိုးမက အဓိကကူညီပံ့ပိုးသော မြေလတ်ရော(ရောအနောက်)ဖလား ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် လူငယ်အသင်းက ရောအနောက်(ပခုက္ကူအသင်း)ကို



ဗိုလ်စွဲသွားသည့်အသင်းအား တိုင်းဒေသကြီးဝန်ကြီးက ဆုချီးမြှင့်စဉ်။

လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

ပခုက္ကူမြို့တွင် ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ ကျင်းပခဲ့သည့် မြေလတ်ရော(ရောအနောက်)ဘောလုံးပြိုင်ပွဲသည် ယခင် ၁၉၈၀ ကျော်ကာလမှစ၍ ကျင်းပခဲ့သည့် အဆင့်မြင့် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကြီးများကဲ့သို့ ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့သော ဘောလုံးပြိုင်ပွဲဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ရောအနောက် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအဖြစ် နောက်ဆုံးအကြိမ် ကျင်းပခဲ့ကာ ယခုအခါ အားကစားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဟိုတယ်ရိုးမ၏ အဓိက ကူညီပံ့ပိုးမှုဖြင့် ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း၊ နောက်နှစ်များတွင်လည်း ဆက်လက်ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပခုက္ကူမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲထွဋ်ထံမှ သိရသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်၊ ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘောလုံးဝါသနာရှင်ပြည်သူများ တက်ရောက်အားပေးခဲ့ကြပြီး ဆုပေးပွဲတွင် ပထမဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီး လူငယ်အသင်းအား မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့က တံခွန်စိုက်ဆုဖလားနှင့် ဆုကြေးငွေများ ချီးမြှင့်ကာ ဒုတိယဆုရရှိသော ရောအနောက် (ပခုက္ကူ) အသင်းနှင့် နေရာအလိုက် အကောင်းဆုံးရရှိသူများကိုလည်း တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**ကိုတမာ**

# ရောဝတီတံတား (ပခုက္ကူ) မှ တံတားအပေါက်ကို အမြန်ပြုပြင်ပေးရန်လိုအပ်နေ

**ပခုက္ကူ ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တို့ကြား ဆက်သွယ်ဆောက်လုပ်ထားသည့် ရောဝတီတံတား(ပခုက္ကူ)၏ တံတားအမှတ်အသား(RP 21) အောက်တည့်တည့် တံတားကြမ်းခင်းနေရာတွင် လွန်ခဲ့သည့် လေးရက်ခန့်မှစတင်ကာ ကတ္တရာသားနှင့် အောက်ခံကျောက်သားများ ကွာသွားပြီး တစ်ပေပတ်လည်ကျော်ရှိသည့် တွင်းပေါက်ကြီးဖြစ်ပေါ်နေ၍ တံတားပေါ်မှဖြတ်သွားသည့် ယာဉ်အမျိုးမျိုးအတွက် အန္တရာယ်ရှိနိုင်သဖြင့် တာဝန်ရှိသူများက အမြန်ပြုပြင်ပေးရန် လိုအပ်လျက်ရှိကြောင်း ယာဉ်မောင်းသူများထံမှ သိရသည်။

အဆိုပါ တံတားအပေါက်မှတစ်ဆင့် တံတားအောက်ရှိ ရက်မကြီးများနှင့် မြစ်ကြောင်းထဲရှိ သဲများကိုပါ မြင်နေရကြောင်း၊ ရောဝတီတံတား(ပခုက္ကူ)သည် ရောဝတီမြစ် အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းကို ဆက်သွယ်ထားကာ မော်တော်ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်ကြီးများအပါအဝင် အိမ်စီးကားငယ်များ၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်များ အချိန်ပြည့် ဖြတ်သန်းသွားလာနေကြ၍ အလွန်အချက်အချာကျသည့် တံတားဖြစ်ကြောင်း၊ ယခုအခါ RP-21 အောက်တည့်တည့်တွင် တစ်ပေပတ်လည်ကျော် အပေါက်ကြီးဖြစ်နေ၍ ယာဉ်များသွားလာမှုအတွက် အလွန်အန္တရာယ်များနေပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံးပြုပြင်ပေးရန်လိုအပ်ကြောင်း တံတားပေါ်တွင် မကြာခဏ ဖြတ်သန်းမောင်းနှင်နေရသည့် ကုန်တင်ကားသမားအချို့က ပြောသည်။

ပခုက္ကူတံတားတွင် တစ်ရက်လျှင် ကားမျိုးစုံ အစီးရေ ၂၇၀၀ ကျော်နှင့် ဆိုင်ကယ်အစီးရေ ၃၀၀ ခန့် ပုံမှန် ဖြတ်သန်းသွားလာလျက်ရှိကြောင်းနှင့် ပွဲတော်ရှိသည့် အခါကြီး ရက်ကြီးများတွင် မော်တော်ယာဉ်အစီးရေ ၃၂၀၀ ခန့်အထိ ဖြတ်သန်းလျက်ရှိကြောင်း ညောင်ဦးမြို့နယ်ဘက်ခြမ်းရှိ တံတားမောင်းတံဂိတ်မှ သိရသည်။


တံတားအောက်ဘက် မြစ်အတွင်းအထိ မြင်နေရသော တံတားအပေါက်

ပခုက္ကူတံတားပေါ်တွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအနေဖြင့် တစ်နာရီလျှင် မိုင် ၃၀ နှုန်းသာ မောင်းနှင်ကြရန် သတိပေးရေးထားသော်လည်း ယာဉ်မောင်းသူအများစုအနေဖြင့် လိုက်နာခြင်းမရှိဘဲ မြေပြန့်လမ်းများအတိုင်း အရှိန်မြှင့် မောင်းနှင်မှုများလည်း ရှိနေကြောင်း၊ ထိုသို့ မောင်းနှင်ကြသည့်အတွက် ရေရှည်တွင် တံတားကြီး၏ကြံ့ခိုင်မှုကို ထိခိုက်လာနိုင်သည့်အတွက် ယာဉ်မောင်းသူများအနေဖြင့်လည်း တစ်နာရီလျှင် မိုင် ၃၀ နှုန်းသာ လိုက်နာမောင်းနှင်ကြရန် လိုအပ်ကြောင်း ကျောက်ပန်းတောင်းမြို့မှ ကုန်တင်ယာဉ်မောင်းသူတစ်ဦးဖြစ်သူ ဦးဆန်းထွန်းက အကြံပြုပြောကြားသည်။ **မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# သရက်ခရိုင်အတွင်းမှ မြို့နယ်ခြောက်ခုတွင် ကျေးလက်ရေရရှိရေးလုပ်ငန်း ၃၂ ခု ဆောင်ရွက်နေ

**သရက် ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခုမှ ကျေးရွာပေါင်း ၃၂ ရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေ ကျပ် ၃၈၄ ဒသမ ၃သန်းနှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ် ၄၁ ဒသမ ၃၅၃ သန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများကို သရက်မြို့နယ်မှ ကျေးရွာ လေးရွာ၊ ကံမမြို့နယ်မှ လေးရွာ၊ မင်းတုန်းမြို့နယ်မှ တစ်ရွာ၊ မင်းလှမြို့နယ်မှ ရှစ်ရွာ၊ ဆင်ပေါင်ဝဲမြို့နယ်မှ ၁၀ ရွာနှင့် အောင်လံမြို့နယ်မှ ငါးရွာ စုစုပေါင်း ၃၂ ရွာတို့တွင် ဆောင်ရွက်မည်ဖြစ်ကာ လုပ်ငန်းများအနေဖြင့် စက်ရေတွင်းတူးဖော်ခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ မြေသားရေကန် တူးဖော်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကြီးက ပြောသည်။

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာများ၌ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန် ရည်မှန်းချက်နှင့်အညီ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်လည်း ခရိုင်အတွင်းမှ ကျေးလက်နေပြည်သူများအတွက် ရေရရှိရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးလုပ်ငန်းများ လျာထားသတ်မှတ်ကာ နှစ်စဉ်အကောင်အထည်ဖော်ပေးလျက်ရှိကြောင်း သိရသည်။ **ဆုဝေထွန်း(သရက်)**

# မိတ္ထီလာကန်သို့ လာရောက်ကျက်စားသည့် ငှက်များအား ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန် သတိပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၄**

မိတ္ထီလာကန်အတွင်း လာရောက်ကျက်စားသည့် ငှက်များအား ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန် သတိပေးတားမြစ်ခြင်းနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်ထားကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးစိုးလွင်သူထံက သိရသည်။



မိတ္ထီလာကန်အတွင်း လာရောက်ကျက်စားလေ့ရှိသော ငှက်များကိုတွေ့ရစဉ်။

"မိတ္ထီလာကန်ထဲမှာ ဆောင်းခိုငှက်တွေလည်း နှစ်စဉ်လာရောက် ကျက်စားတယ်။ ပြီးတော့ ရေဘဲမျိုးစိတ်ဝင်ငှက်တွေ၊ စစ္စလီ၊ ခရုစုပ်ငှက်၊ ဝမ်းဘဲ (ဟသာ်)၊ ရေကြက်ဒုံးမယ်ညို၊ ရေကြက်အော်ယာ၊ ငှက်တွေလည်း တော်တော်များများလာရောက် ကျက်စားတာမျိုး တွေ့ရတယ်။ အခုဆို မိတ္ထီလာကန်ထဲ (ပေါက်ချောင်းရပ်ကွက်အနီး)မှာ ရေဘဲအကောင်ရေ သုံးလေးရာလောက်ကို နေ့စဉ် တွေ့နေရတယ်။ ဥပဒေအရ တားမြစ်ကာကွယ်ထားတဲ့ ငှက်မျိုးစိတ်တွေကို မိတ္ထီလာကန် ပတ်ဝန်းကျင်မှာ လာရောက်ကျက်စားတာ တွေ့ရတယ်။ ဒီလိုရှားပါးငှက်တွေကို ဖမ်းဆီးသတ်ဖြတ်ခြင်းမျိုးမလုပ်ဖို့ မိတ္ထီလာတောင်ကန်နဲ့ မြောက်ကန်အနီးတွေမှာ ဆိုင်းဘုတ်တွေ စိုက်ထူပြီးတော့ တားမြစ်ထားတယ်။ မိတ္ထီလာဈေးကြီး၊ အောင်ဆန်းမြို့သစ်ဈေး၊ ပေါက်ချောင်းရပ်ကွက်ဈေးတို့မှာလည်း မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ ပေါင်းစပ်ပေးမှုနဲ့ မြို့နယ်စည်ပင်ဈေးဌာန စိတ်ကတာဝန်ရှိသူတွေ၊ သစ်တောဝန်ထမ်းတွေ ပါဝင်တဲ့ပူးပေါင်း အဖွဲ့က ကွင်းဆင်းပြီး တားမြစ်ပိတ်ပင်ထားတဲ့ ငှက်တွေ ဖမ်းဆီးသတ်ဖြတ် ရောင်းချတာမျိုး မရှိအောင် လိုက်လံစစ်ဆေးပြီး အသိပညာပေးဟောပြောတာမျိုးတွေလည်း ပြုလုပ်ပေးနေပါတယ်" ဟု ၎င်းက ပြောသည်။

မိတ္ထီလာကန်အပြင် မြို့နယ်အတွင်းရှိ မုန်တိုင်ဆည်၊ ရှမ်းမငယ်ဆည် ပတ်ဝန်းကျင်များတွင်လည်း ဆောင်းခိုငှက်များ၊ ရေဘဲမျိုးစိတ်ဝင် ငှက်များ အများအပြား လာရောက်ကျက်စား နေထိုင်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မိတ္ထီလာမြို့နယ် ဒီးဒုတ်တောင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ခဲ့ပြီ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၄**

မိတ္ထီလာမြို့နယ် ဆပ်ပြာကျင်းကျေးရွာအုပ်စု ဒီးဒုတ်တောင်ကျေးရွာ၌ ဆိုလာစနစ်သုံး အသေးစားလျှပ်စစ်ဓာတ်အားလိုင်းစနစ်ဖြင့် ၂၄ နာရီ မီးလင်းနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသောကျေးရွာများ၏ မီးလင်းရေးစနစ်အား အကြို လျှပ်စစ်မီးရရှိရေးနှင့် ပြည်သူအချိုးကျထည့်ဝင်သည့်စနစ်ဖြင့် ပိုမိုကောင်းမွန်သည့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရန် အစိုးရ၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၆၀ ရာခိုင်နှုန်း၊ လုပ်ငန်းရှင်မှ ၂၀ ရာခိုင်နှုန်း၊ ပြည်သူလူထုမှ ၂၀ ရာခိုင်နှုန်းထည့်ဝင်ငွေများဖြင့် ဆိုလာစနစ်သုံး အသေးစားလျှပ်စစ်ဓာတ်အားလိုင်းစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ Mandalay Yoma Co.,Ltd. မှ တာဝန်ယူ၍ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း ဆိုလာစနစ်သုံး အသေးစားဓာတ်အားလိုင်းစနစ်ကို ၂၀၁၈ ခုနှစ် ဧပြီ ၂၄ ရက် မှစတင်၍ အိမ်ခြေ ၁၇၄ အိမ် လူဦးရေ ၉၉၃ ဦးရှိသည့် ဒီးဒုတ်တောင်ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် လုပ်ငန်းများ ပြီးစီးပြီဖြစ်၍ လျှပ်စစ်မီး စတင်သုံးစွဲလျက်ရှိသည်။



ဒီးဒုတ်ကျေးရွာကို မီးလင်းပေးနေသော ဆိုလာစနစ်။

အဆိုပါ ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒီးဒုတ်တောင်ကျေးရွာသို့ ဖေဖော်ဝါရီ ၁၁ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်သည် ဆိုလာစနစ်ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာမီးလင်းရေးလုပ်ငန်းနှင့် ကျန်ရှိသည့် အိမ်ခြေများ မီးလင်းနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးဇော်မြင့်က ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဈေးမီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်

**လားရှိုး ဖေဖော်ဝါရီ ၁၄**

လားရှိုးမြို့ မြို့မဈေးကြီး၌ ယနေ့နံနက်က ဈေးမီးဘေးလုံခြုံရေးနှင့် ကြိုတင် ကာကွယ်ရေး လက်တွေ့သရုပ်ပြသသည်။

လားရှိုးခရိုင် မီးသတ်တပ်ဖွဲ့နှင့် လားရှိုးမြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ဈေးမီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ပြီး လားရှိုးမြို့မဈေးကြီးသည် ဆိုင်ခန်းပေါင်း ၂၆၂၃ ခန်း၊ မန်ဆူ ဈေးသည်ဆိုင်ခန်းပေါင်း ၃၀၆ ခန်းဖြင့် ဖွဲ့စည်းတည်ရှိသည်။

လားရှိုးခရိုင် မီးသတ်တပ်ဖွဲ့မှူး ဦးမျိုးထွဋ်ဦး ဦးစီးသော သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ မီးသတ်ယာဉ် လေးစီးတို့နှင့် မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့များ ပူးပေါင်းသရုပ်ပြကြသည်။



ဈေးမီးဘေးကာကွယ်ရေး သရုပ်ပြသစဉ်။

ဈေးသူဈေးသားများ မီးဘေးအန္တရာယ်ကျရောက်လာပါက ထိတ်လန့်ကြောက်ရွံ့မှုမဖြစ်နေဘဲ ကိုယ်တိုင်မီးငြိမ်းသတ်နိုင်ရေးကို ခရိုင်မီးသတ်ဦးစီးဌာနမှ လက်တွေ့သရုပ်ပြသပေးပြီး လားရှိုးမန်ဆူဈေးကြီး၌လည်း မီးဘေးအန္တရာယ်ကျရောက်လာပါက ဈေးသူ ဈေးသားများ ပါဝင်လျက် ကိုယ်တိုင်မီးငြိမ်းသတ်နိုင်ရေးကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**ဟန်ဌေး (လားရှိုး)**

# ခိုင်ကမ်းမြို့ နယ်မြေမီးသတ်စခန်း ဆောက်လုပ်မှု ၂၅ ရာခိုင်နှုန်းပြီးစီး

**ခိုင်ကမ်း ဖေဖော်ဝါရီ ၁၄**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၇၁ ဒသမ ၇၈ သန်းဖြင့် ဆောက်လုပ်နေသည့် ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့နယ်မြေမီးသတ်စခန်းမှာ ဖေဖော်ဝါရီ ၁၃ ရက်၌ လုပ်ငန်း၏ ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း တည်ဆောက်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နယ်မြေမီးသတ်စခန်းကို Zomi Land ကုမ္ပဏီက တင်ဒါအောင်မြင်ဆောင်ရွက်ခြင်းဖြစ်ပြီး အလျား ၄၅ ပေ၊ အနံ ၃၉ ပေ ၊ အမြင့် ၁၅ ပေ သံကူကွန်ကရစ်အမျိုးအစားဖြင့် ဆောက်လုပ်သွားမည် ဖြစ်သည်။

ခိုင်ကမ်းမြို့တွင် ၁၂ ဌာနရှိသည့်အနက် ရှစ်ဌာနကသာ ဌာနပိုင် အဆောက်အအုံရှိပြီး လေးဌာနမှာမူ ဌာနပိုင် အဆောက်အအုံမရှိသေးဘဲ ရုံးခန်းငှားရမ်းဖွင့်လှစ်လျက်ရှိရာ ခိုင်ကမ်းနယ်မြေ မီးသတ်စခန်းသည် ရုံးဖွင့်လှစ်ခြင်းမရှိသေးသော ဌာနတစ်ခုဖြစ်သဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်ကမ်းမြို့ ( ပြန် / ဆက် )**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၆၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ | ကျပ် | ၉၁၅/၉၂၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၅ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၃ · ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၂၇ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၈ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၆၈ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၈၁ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၉ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၆ · ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ · ၅၈၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၆ · ၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၆ · ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ · ၉၁၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm



# စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဆုဖလားတစ်လုံးအတွက် ခြေကုန်ထုတ်ကြမယ့် ချယ်လ်ဆီးနှင့်မန်ယူ

ဝေမိုးဆက်

**လာမယ့် ဖေဖော်ဝါရီလ ၁၆၊ ၁၇၊ ၁၉ ရက်နေ့တွေမှာတော့ ပရီမီယာလိဂ်ပွဲတွေကို ကျင်းပသွားမှာမဟုတ်ဘဲ အက်ဖ်အေဖလား ၁၆ သင်းအဆင့်ပွဲတွေကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း အဆိုပါပွဲစဉ်တွေမှာ ချယ်လ်ဆီးနဲ့မန်ယူ ဆုံတွေ့နေတဲ့ပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် အဆိုပါ နှစ်သင်းစလုံးဟာ ဒီပြိုင်ပွဲကိုအားစိုက်နေလို့ အကြိတ်အနယ်ရှိလာနိုင်ပါတယ်။**

## ဝင်ဘယ်ဒန် Vs မီလ်ဝေါလ်

နောက်ဆုံးဆုံတွေ့မှု - ဝင်ဘယ်ဒန် ၂-၂ မီလ်ဝေါလ်

ဝင်ဘယ်ဒန်က လိဂ်ဝမ်းပြိုင်ပွဲဝင်အသင်း ဖြစ်ပေမယ့် အက်ဖ်အေဖလားပြိုင်ပွဲမှာတော့ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ကစားပုံထက်မြက်ခဲ့ပြီး စတုတ္ထအဆင့်ပွဲစဉ်မှာဆိုရင် ဝက်စ်ဟမ်းကိုတောင် အိမ်ကွင်းမှာ လေးဂိုး-နှစ်ဂိုးနဲ့အနိုင်ယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ မီလ်ဝေါလ်ရဲ့အဝေးကွင်းခြေစွမ်းပိုင်းကတော့ အားနည်းပြီး လိဂ်ချန်ပီယံရှစ်မှာတောင် အဝေးကွင်းတစ်ပွဲသာ အနိုင်ရယူထားနိုင်ပါတယ်။ ဒီပွဲမှာတော့ ဝင်ဘယ်ဒန်ကိုနှစ်သက်တယ်။

## ဘရစ္စတိုးလ် Vs ဝုဖ်

နောက်ဆုံးဆုံတွေ့မှု - ဘရစ္စတိုးလ် ၁-၂ ဝုဖ်

ဝုဖ်က ခြေစွမ်းပိုင်းအရကောင်းမွန်မှုရှိတဲ့ အသင်းဖြစ်တယ်။ လီဗာပူးလိုအသင်းကြီးကိုတောင် နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တာကို မေ့လို့မဖြစ်ပါဘူး။ အထူးသဖြင့် အခုရင်ဆိုင်ရမယ့် ဘရစ္စတိုးလ်ကလည်း ခြေစွမ်းပိုင်းအရ သာမန်သာရှိပါတယ်။ ဘရစ္စတိုးလ်ဟာ လိဂ်ချန်ပီယံရှစ်မှာ တန်းတက်ခွင့်ရဖို့ရည်မှန်းနေတာကြောင့် ဒီပြိုင်ပွဲမှာထင်သလောက် အားစိုက်မှုမရှိတာကိုလည်းတွေ့ရပါတယ်။ ဒါကြောင့် ဝုဖ်ကသာနိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

## ဘရိုက်တန် Vs ဒါဘီ

နောက်ဆုံးဆုံတွေ့မှု - ဘရိုက်တန် ၃-၀ ဒါဘီ

ဒါဘီရဲ့ခြေစွမ်းပိုင်းက လျော့တွက်ဖို့ခက်ပါတယ်။ အောက်အဆင့်မှာ ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်ကို အဝေးကွင်းမှာရော အိမ်ကွင်းမှာပါ အကောင်းဆုံးတန်ပြန်ကစားနိုင်ခဲ့ပြီး နှစ်ပွဲစလုံး နှစ်ဂိုးစီသရေကျခဲ့ကာ ပယ်နယ်တီမှာ အနိုင်ယူနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဘရိုက်တန်ကတော့ အိမ်ကွင်းဖြစ်ပေမယ့် အောက်အဆင့်မှာ ဝက်စ်ဘရွန်းကိုတောင် နှစ်ပွဲကစားပြီး အချိန်ပိုမှသာအနိုင်ယူနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒါဘီကို ဘရိုက်တန် ခပ်လွယ်လွယ်မနိုင်ဘူး။

## နယူးပေါ့ Vs မန်စီးတီး

နောက်ဆုံးဆုံတွေ့မှု - မရှိ

မန်စီးတီးရဲ့ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိနေတယ်။ ဒါပေမယ့် မန်စီးတီးအနေနဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲစဉ် ရှိနေတာကြောင့် ဒီပွဲစဉ်မှာ လူစုံအသုံးပြုနိုင်ဖို့ခက်ပါတယ်။ လိဂ်တူးကလပ်ဖြစ်တဲ့ နယူးပေါ့ကတော့ ဒီပြိုင်ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတယ်လို့ဆိုရမှာဖြစ်ပါတယ်။ အောက်အဆင့်ပွဲစဉ်တွေမှာ မစ်ဒယ်ဘရော့၊ လက်စတာတို့ကိုတောင် အနိုင်ယူနိုင်ခဲ့ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့် မန်စီးတီးကိုတော့ ထိန်းချုပ်ဖို့ခက်ပြီး မန်စီးတီးကသာ နိုင်ပွဲရမယ်။

## ဒွန်ကက်စတာ Vs ပဲလေ့စ်

နောက်ဆုံးဆုံတွေ့မှု - ပဲလေ့စ် ၁-၁ ဒွန်ကက်စတာ

ပဲလေ့စ်ဟာ ဇာဟာလိုကစားသမားမျိုးကို ပိုင်ဆိုင်ထားသလို အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်လျင်မြန်တဲ့အသင်းဖြစ်ပါတယ်။ အောက်အဆင့်ပွဲစဉ်မှာ စပါးကိုတောင် နှစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ယူပြီး ဒီအဆင့်ကိုတက်ရောက်လာနိုင်ခဲ့တာဖြစ်ပါတယ်။ ဒွန်ကက်စတာက ဒီပြိုင်ပွဲမှာ ခြေစွမ်းပိုင်း သာမန်သာရှိပြီး ဒီအဆင့်ရောက်ဖို့ အိုလ်ဟမ်ကိုတောင် ခက်ခဲစွာအနိုင်ယူခဲ့ရပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် ပဲလေ့စ်ပဲအနိုင်ရမယ်။

## ဆွမ်ဆီး Vs ဘရန့်ဖို့ဒ်

နောက်ဆုံးဆုံတွေ့မှု - ဘရန့်ဖို့ဒ် ၂-၃ ဆွမ်ဆီး

ဘရန့်ဖို့ဒ်က ခြေစွမ်းပိုင်းသာမန်သာရှိတဲ့ အသင်းဖြစ်ပြီး လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲမှာတောင် အဆင့် ၁၈ နေရာမှာသာ ရပ်တည်နေတဲ့အသင်း ဖြစ်ပါတယ်။ အထူးသဖြင့် ဒီရာသီမှာ ဘရန့်ဖို့ဒ်ရဲ့ အဝေးကွင်းစွမ်းဆောင်ရည်အားနည်းမှုများပြီး လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ အဝေးကွင်းတစ်ပွဲသာ အနိုင်ရထားပါတယ်။ ဆွမ်ဆီးကလည်း ခြေစွမ်းပိုင်း သာမန်သာရှိပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးမှာဖြစ်ပါတယ်။ ဆွမ်ဆီးကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

## ချယ်လ်ဆီး Vs မန်ယူ

နောက်ဆုံးဆုံတွေ့မှု - ချယ်လ်ဆီး ၂-၂ မန်ယူ

ဒီနှစ်ရာသီ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ချယ်လ်ဆီးရဲ့အိမ်ကွင်းမှာ ဆုံခဲ့တုန်းကတော့ နှစ်ဂိုးစီ သရေကျခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ မန်ယူဟာဆိုးလ်ရှားရဲ့ ဦးဆောင်မှုနဲ့အတူ ခြေစွမ်းပိုင်းတိုးတက်မှုတွေရှိနေပါတယ်။ အထူးသဖြင့် နှစ်သင်းစလုံး ဆုဖလားလက်မဲ့မဖြစ်ရေးအတွက် ဒီပြိုင်ပွဲကို အားစိုက်လာမှာဖြစ်တာကြောင့် ဂိုးများနိုင်ပါတယ်။

## ကျူပီအာ Vs ဝက်ဖို့ဒ်

နောက်ဆုံးဆုံတွေ့မှု - ကျူပီအာ ၂-၀ ဝက်ဖို့ဒ်

ဒီနှစ်သင်းကပြိုင်ပွဲအဆင့်အတန်းကွာဟသလို ခြေစွမ်းလည်းကွာခြားနေပါတယ်။ ကျူပီအာက ပို့စ်မောက်လိုအသင်းကိုတောင် ပြန်ကန်ပွဲကစားပြီးမှ ဒီလိုအဆင့်ကို တက်ရောက်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဝက်ဖို့ဒ်ကတော့ ကာဆယ်လိုအသင်းကိုတောင် အဝေးကွင်းမှာအနိုင်ကစားပြီး ဒီအဆင့်ကို တက်ရောက်လာနိုင်တာဖြစ်ပြီး လက်ရှိအချိန်မှာ ခြေစွမ်းလည်း ကောင်းမွန်နေပါတယ်။ ဝက်ဖို့ဒ်အနေနဲ့ အဝေးကွင်းဖြစ်ပေမယ့်လည်း ကျူပီအာကို အနိုင်ကစားနိုင်မှာပါ။

## ကစားသမားတစ်ဦး အလိုက်ပေးကာ ဆာလက်အား ခေါ်ယူရန် ဂျူဗင်တပ်စ်အသင်း စီစဉ်နေ



ဂျူဗင်တပ်စ်အသင်းသည် လီဗာပူးအသင်းတိုက်စစ်ကစားသမား မိုဟာမက်ဆာလက်အား ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေးအပြင် အသင်းမှ ကစားသမားတစ်ဦး အလိုက်ပေးကမ်းလှမ်းရန် ပြင်ဆင်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီဂျစ်ကစားသမား ဆာလက်သည် ဂျူဗင်တပ်စ်အသင်း၏ တိုက်စစ်တွင် ခရစ္စတီယာနိုရော်နယ်ဒိုနှင့်အတူ တွဲဖက်ကစားရန် အကောင်းဆုံး ကစားသမားဖြစ်သည်ဟု ဂျူဗင်တပ်စ်အသင်း တာဝန်ရှိသူများက ယူဆထားကာ ဆာလက်အား ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် တိုက်စစ်ကစားသမား ဆာလက်အား ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ (ပေါင် ၄၃ ဒသမ ၉သန်း) အပြင် အသင်းတွင် စွမ်းဆောင်ရည်ကျဆင်းနေသည့် အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာကိုပါ အလိုက်ပေးကမ်းလှမ်းရန် စီစဉ်ထားခြင်းဖြစ်ကြောင်း အီတလီသတင်းစာများတွင် ရေးသားဖော်ပြထားသည်။ တိုက်စစ်မှူး ဒိုင်ဘာလာ (၂၅နှစ်) သည် ယခုနှစ်ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းအတွက် စုစုပေါင်း ၂၈ ပွဲ ပါဝင် ကစားပြီးချိန်တွင် ခုနစ်ဂိုးသာ သွင်းယူထားနိုင်သေးသူဖြစ်သည်။

အသက် (၂၆နှစ်)အရွယ်ရှိ တိုက်စစ်မှူး ဆာလက်သည် အီတလီကလပ်များဖြစ်သည့် ဖီယိုရင်တီးနား၊ ရိုးမား စသည့်အသင်းများတွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်ကာ စီးရီးအေပြိုင်ပွဲတွင် ၆၅ ပွဲ ပါဝင် ကစားခဲ့ပြီး ၂၉ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဆာလက်နှင့် လီဗာပူးအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၃ ခုနှစ် ဇွန်လတွင်မှ ကုန်ဆုံးမည်ဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီတွင် ဆာလက်သည် လီဗာပူးအသင်းအတွက် ၃၄ ပွဲ ပါဝင်ကစား ပြီးချိန်တွင် ဂိုး ၂၀ သွင်းယူနိုင်သည်အထိ ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်စ်အသင်းတာဝန်ရှိသူများက ဆာလက်အား အီတလီသို့ တစ်ကျော့ပြန်ခေါ်ယူရန် ရည်ရွယ်နေခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်း တိုက်စစ်မှူး ဒိုင်ဘာလာသည် ပရီမီယာလိဂ်ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် မန်ယူအသင်း၏ စိတ်ဝင်စားမှုကို ခံနေရသူလည်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ **ထက်အောင်**

## အက်ဖ်အေဖလား ၁၆ သင်းအဆင့်

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၅-၂-၁၉** |
| ကျူပီအာ | - | ဝက်ဖို့ဒ် | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၁၆-၂-၁၉** |
| ဘရိုက်တန် | - | ဒါဘီ | ည ၇း၀၀ |
| ဝင်ဘယ်ဒန် | - | မီလ်ဝေါလ် | ည ၉း၃၀ |
| နယူးပေါ့ | - | မန်စီးတီး | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၇-၂-၁၉** |
| ဘရစ္စတိုးလ် | - | ဝုဖ် | ည ၈း၀၀ |
| ဒွန်ကက်စတာ | - | ပဲလေ့စ် | ည ၁၀း၃၀ |
| ဆွမ်ဆီး | - | ဘရန့်ဖို့ဒ် | ည ၁၀း၃၀ |
| **တနင်္လာနေ့** | | | **၁၈-၂-၁၉** |
| ချယ်လ်ဆီး | - | မန်ယူ | နံနက် ၂း၀၀ |

## လာလီဂါပွဲစဉ် (၂၄)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၅-၂-၁၉** |
| အီဘာ | - | ဂီတာဖေး | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၁၆-၂-၁၉** |
| ဆယ်တာဗီဂို | - | လီဗန်တေး | ည ၆း၃၀ |
| ဗယ်လီကာနို | - | အက်သလက် | ည ၉း၄၅ |
| ဆိုစီဒက်စ် | - | လီဂါနက်စ် | နံနက် ၀၀း၀၀ |
| ဘာစီလိုနာ | - | ဗယ်လာဒိုးလစ် | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **၁၇-၂-၁၉** |
| ရီးရဲ | - | ဂျီရိုနာ | ည ၅း၃၀ |
| ဗလင်စီယာ | - | အက်စ်ပန်ညို | ည ၉း၄၅ |
| ဗီလာရီးရဲ | - | ဆီဗီးလ် | နံနက် ၀၀း၀၀ |
| ဘက်တစ် | - | အလာဗက်စ် | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | | **၁၈-၂-၁၉** |
| ဝက်စ်ကာ | - | ဘီဘာအို | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ် (၂၄)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၅-၂-၁၉** |
| ဂျူဗင်တပ်စ် | - | ဖရိုစီနိုနီ | နံနက် ၂း၀၀ |
| **စနေနေ့** | | | **၁၆-၂-၁၉** |
| ကယ်ဂလီယာရီ | - | ပါးမား | ည ၁၁း၃၀ |
| အတ္တလန္တာ | - | မီလန် | နံနက် ၂း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၇-၂-၁၉** |
| SPAL | - | ဖီအိုရင်တီးနား | ည ၆း၀၀ |
| အူဒီးနိစ် | - | ချီယေဗို | ည ၈း၃၀ |
| ဂျီနိုအာ | - | လာဇီယို | ည ၈း၃၀ |
| အမ်ပိုလီ | - | ဆက်ဆူအိုလို | ည ၈း၃၀ |
| အင်တာ | - | ဆမ်ဒိုးရီးယား | ည ၁၁း၃၀ |
| နာပိုလီ | - | တိုရီနို | နံနက် ၂း၀၀ |
| **တနင်္လာနေ့** | | | **၁၈-၂-၁၉** |
| ရိုးမား | - | ဘိုလော့ဂ်နာ | နံနက် ၂း၀၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၅)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၅-၂-၁၉** |
| လိုင်ယွန် | - | ဂူအင်ဂမ့် | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၁၆-၂-၁၉** |
| မာဆေး | - | အာမီယန် | ည ၁၀း၃၀ |
| အန်ဂျာစ် | - | နိုက်စ် | နံနက် ၁း၃၀ |

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပကျော့

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၁၉-၂-၁၉** |
| လိုင်ယွန် | - | ဘာစီလိုနာ | နံနက် ၂း၃၀ |
| လီဗာပူး | - | ဘိုင်ယန် | နံနက် ၂း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၂၀-၂-၁၉** |
| ရှော်လ်ကေး | - | မန်စီးတီး | နံနက် ၂း၃၀ |
| အက်သလက်တီကို | - | ဂျူဗင်တပ်စ် | နံနက် ၂း၃၀ |



### ဘင်ဖီကာလူငယ်ကစားသမား

# ဖီလစ်အား ခေါ်ယူရန် မန်ယူအသင်း စိတ်ဝင်စားနေ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လာမည့် နွေရာသီကစား သမားအပြောင်းအရွှေ့ဈေးကွက်ကာလအတွင်းတွင် ဘင်ဖီကာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဂျာအို ဖီလစ်အား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်ယူအသင်း၏ ကစားသမား စောင့်ကြည့်ရေးတာဝန်ရှိသူများသည် ပေါ်တူဂီကစားသမား ဖီလစ် (၁၉နှစ်) ၏ ခြေစွမ်းအား စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ပြီးနောက် ကျေနပ်အားရမှုရှိသောကြောင့် မန်ယူအသင်းထံ ထောက်ခံတင်ပြမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ဘင်ဖီကာအသင်းအနေဖြင့် ကွင်းလယ်တိုက်စစ်ကစားသမား ဖီလစ်အား ရောင်းချသွားရန် ဆန္ဒရှိသော်လည်း ဖီလစ်၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင် သန်း ၁၀၀ ဝန်းကျင် ရရှိရန် လိုလားမှုရှိနေသည်ဟုဆိုသည်။ ကွင်းလယ်တိုက်စစ်ကစားသမား ဖီလစ်သည် ၂၀၁၈ ခုနှစ်အတွင်းတွင် ဘင်ဖီကာအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် စတင်ချုပ်ဆိုခဲ့သူဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီ၌ ဘင်ဖီကာအသင်းအတွက် စုစုပေါင်း ၂၃ ပွဲ ပါဝင်ကစားထားကာ ကိုးဂိုး သွင်းယူထားသူ ဖြစ်သည်။ မန်ယူအသင်းနှင့် နီးစပ်သူတစ်ဦးက "မန်ယူအသင်းဟာ ဖီလစ်ရဲ့ခြေစွမ်းကို စောင့်ကြည့်လေ့လာခဲ့ပြီး လေ့လာမှုတိုင်းက စိတ်ကျေနပ်စရာတွေချည်းပါပဲ။ ဖီလစ်ဟာ တကယ့်ကို အရည်အသွေးကောင်းတွေ ရှိသူပါ။ ဖီလစ်က နာမည်ကျော် ပေါ်တူဂီကစားသမားဟောင်း ဒေကိုလို စွမ်းရည်မျိုးရှိတဲ့ ကစားသမားဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဖီလစ်အား ဘိုင်ယန်မြူးနစ်၊ ရီးရဲမက်ဒရစ်နှင့် ဂျူဗင်တပ်စ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟုဆိုသည်။ မန်ယူအသင်းသည် ၂၀၁၇ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် ဘင်ဖီကာအသင်းမှ ဆီွဒင်ခံစစ်မှူး လင်ဒီလော့ဖ်အား ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ခေါ်ယူခဲ့ဖူးသည်။ ထို့အပြင် မန်ယူအသင်းသည် ပေါ်တူဂီကလပ်များဖြစ်သည့် ပေါ်တို၊ စပို့တင်းလစ္စဘွန်းစသည့်အသင်းများမှလည်း ဒါလော့၊ ခရစ္စတီယာနိုရော်နယ်ဒို၊ နာနီ တို့ကဲ့သို့ ကစားသမားများကို ခေါ်ယူခဲ့ဖူးသည့်အသင်းဖြစ်သည်။ **ထက်အောင်**

## အဝါကတ်ပြသခံရရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်းကြောင့် ရာမို့စ်အား ယူအီးအက်ဖ်အေမှ အရေးယူဖွယ်ရှိနေ

ရီးရဲမက်ဒရစ်အသင်း ဗဟိုခံစစ်မှူး ဆာဂျီယိုရာမို့စ်က ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရီးရဲမက်ဒရစ်အသင်းက အဝေးကွင်း၌ အိုင်းယက်စ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်တွင် မိမိအနေဖြင့် အဝါကတ်အပြခံရရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့သည်ဟု ဝန်ခံပြောဆိုခဲ့ခြင်းကြောင့် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) မှ ရာမို့စ်အား ချန်ပီယံလိဂ် နှစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်အရေးယူဖွယ်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။



စပိန်ကစားသမား ရာမို့စ်သည် အိုင်းယက်စ်နှင့်ပွဲတွင် ပွဲချိန် ၈၉ မိနစ် ၌ အဝါကတ်ပြသခံခဲ့ရခြင်းဖြစ်သည်။ အဆိုပါ အဝါကတ်သည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခံစစ်မှူး ရာမို့စ် ပြသခံခဲ့ရသည့် တတိယမြောက် အဝါကတ်ဖြစ်ပြီး အဝါကတ်သုံးကြိမ် ပြသခံခဲ့ရခြင်းကြောင့် တစ်ပွဲပယ် ပြစ်ဒဏ် ကျခံရမည်ဖြစ်ရာ လာမည့် မတ်လ ၅ ရက်တွင် ရီးရဲအသင်းက အိုင်းယက်စ်အသင်းအား အိမ်ကွင်း၌ ပြန်လည်လက်ခံ ကစားရမည့်ပွဲအား ရာမို့စ် လွဲချော်ရမည် ဖြစ်သည်။ သို့သော်လည်း ရာမို့စ်အနေဖြင့် ပွဲပယ်ပြစ်ဒဏ်ကျခံရခြင်းကြောင့် ကျန်ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်များတွင် အဝါကတ်ပြစ်ဒဏ် ကင်းရှင်းသွားမည်ဖြစ်သည်။

ခံစစ်မှူး ရာမို့စ်က "ကျွန်တော်က အိုင်းယက်စ်နဲ့ပွဲမှာ အဝါကတ်ပြသခံရဖို့ အားစိုက်လုပ်ဆောင်ခဲ့ခြင်းမရှိဘူးလို့ ပြောရင် ဒါက လိမ်တာပါပဲ။ ဒီလိုလုပ်ဆောင်ခဲ့ခြင်းက ပြိုင်ဘက်ကို အထင်သေးလို့ ဒါမှမဟုတ် ရီးရဲအသင်းအနေနဲ့ နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့ သေချာနေပြီလို့ ယူဆထားတာမျိုးကြောင့်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဘောလုံးလောကမှာ တစ်ခါတစ်ရံ ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ဖို့ကြုံတွေ့ရတတ်ပါတယ်။ အခုလည်း ကျွန်တော် ဆုံးဖြတ်ပြီး လုပ်ဆောင်ခဲ့တာပါ" ဟု ပြောဆိုခဲ့သည်။ ယူအီးအက်ဖ်အေမှ ချမှတ်ထားသည့် စည်းမျဉ်းအရ ကစားသမား တစ်စုံတစ်ဦးသည် အဝါကတ်ပြသခံရရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်မည်ဆိုပါက နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်ဟု ပြဋ္ဌာန်းထားသည်။ **ထက်အောင်**

# ရမ်ဆေးရဲ့ဂျူဗင်တပ်စ်အရွေ့အပေါ် သုံးသပ်ကြည့်ခြင်း



**အောင်က**

ဝေလကွင်းလယ်ကစားသမား ရမ်ဆေး။ သူနဲ့ပတ်သက်ပြီး ထင်မြင်ချက်တွေကတော့ အမျိုးမျိုးကြားရမယ်။ ကောင်းတာတွေရှိသလို ဆိုးတာတွေလည်း ရှိမယ်။ သူဟာဒီရာသီကုန်မှာ အာဆင်နယ်အသင်းနဲ့စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်တာကြောင့် ဥရောပထိပ်တန်းအသင်းတော်တော်များများ ဖြစ်တဲ့ ရီးရဲ၊ ဘိုင်ယန်၊ ပီအက်စ်ဂျီနဲ့ အင်တာမီလန်အသင်းတို့က စိတ်ဝင်စားနေခဲ့ကြတယ်။ ဒါပေမယ့်အခုတော့ ဂျူဗင်တပ်စ်အသင်းက တစ်ပတ်လုပ်ခပေါင် ၄၀၀၀၀၀ နဲ့ ရာသီကုန်မှာ ပြောင်းရွှေ့ဖို့ သဘောတူညီထားခဲ့ပြီ ဖြစ်ပါတယ်။

အာဆင်နယ် အသင်းအနေနဲ့ ဘာကြောင့် အခုလို ကစားသမားမျိုးကို လက်လွှတ်ရတာလဲ။ ဘာကြောင့် သူ့လို ကစားသမားမျိုးကို ထိပ်တန်းအသင်းကြီးတွေက စိတ်ဝင်စားရတာလဲ။

### အာဆင်နယ်ရဲ့တန်ဖိုးမထားမှု

ရမ်ဆေးဟာ အသက် ၁၇ နှစ်အရွယ် ၂၀၀၈ ခုနှစ်က ကာဒစ်ဖ်အသင်းကနေ အာဆင်နယ်အသင်းကို ပြောင်းရွှေ့လာခဲ့တာ ဖြစ်တယ်။ သူ့ရဲ့ကစားသမားဘဝက ကျေနပ်ပျော်ရွှင်စရာတွေနဲ့အတူ အရည်အချင်းရှိရှိနဲ့ ရပ်တည်နိုင်ခဲ့တယ်။ သူ့ရဲ့အာဆင်နယ်ကစားသမားဘဝကိုကြည့်မယ်ဆိုရင်လည်း ၃၅၆ ပွဲမှာ ၆၁ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး ၂၀၁၄ အက်ဖ်အေဖလားဗိုလ်လုပွဲနဲ့ ၂၀၁၇ အက်ဖ်အေဖလားဗိုလ်လုပွဲတွေမှာ အသင်းနဲ့အတူပါဝင်ကစားပြီး ဆုဖလားတွေရယူနိုင်ခဲ့တယ်။ ဒါပေမယ့်အသင်းမှာ သူဟာ ဆယ်စုနှစ်တစ်ခုကျော်ကစားခဲ့ပေမယ့် အလေးထား နှစ်သက်မှု မခံရဘူးလို့ ပြောရမယ်။

> ဂျူဗင်တပ်စ်အသင်းအနေနဲ့ ရမ်ဆေးကိုခေါ်ယူဖို့ စိတ်ဝင်စားရတဲ့ အဓိကအချက်က ဘဏ္ဍာရေးလို့ပြောရမယ်။ ပြီးခဲ့တဲ့နွေရာသီက ရော်နယ်ဒိုကိုခေါ်ယူခဲ့မှုအတွက် ငွေကြေးအလွန်သုံးစွဲထားခဲ့ရတဲ့ ဂျူဗင်တပ်စ်အသင်းအတွက်တော့ ရမ်ဆေးကို အလွတ်နဲ့ ခေါ်ယူခွင့်ရတာဟာ အခွင့်ထူးတစ်ခုလို့ ပြောရမယ်။

ရမ်ဆေးနဲ့ပတ်သက်ပြီး အာဆင်နယ်တိုက်စစ်မှူးဟောင်းအီရန်ရိုက်က "ရမ်ဆေးဟာ အသင်းအနေနဲ့ အခြေအနေဆိုးနေတဲ့ အချိန်မှာတော့ ခြေစွမ်းကို ချန်မထားပဲ အသင်းအတွက်အစွမ်းကုန်ကစားပေးလေ့ရှိတဲ့ကစားသမားမျိုးပါ။ သူဟာ ဘောလုံးအတွက်အရာအားလုံးကို ပေးဆပ်ထားသူဆိုတာကိုလည်း အမြဲတမ်းပြသထားသူ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့အခုလို ထိပ်တန်းကစားသမားတစ်ဦးကို ဆုံးရှုံးရတာကတော့ ရှက်စရာပါပဲ" လို့လည်း ပြောဆိုခဲ့ပါသေးတယ်။

ရမ်ဆေးရဲ့အာဆင်နယ်အသင်း ကစားသမားဘဝကလည်း အနိမ့်အမြင့်တွေနဲ့အတူ စဉ်ဆက်မပြတ်တိုးတက်မှု မရှိတာကြောင့်လည်း ပရိသတ်တွေရဲ့ချစ်မြတ်နိုးကို မခံရတာလို့တော့ပြောလို့ရပါတယ်။ ဒါကြောင့်လည်း ရမ်ဆေးဟာ သူ့ကိုသိပ်တန်ဖိုးမထားတဲ့အသင်းကနေ စွန့်ခွာပြီး နယ်မြေသစ်မှာစိန်ခေါ်မှုသစ်တွေကို ရင်ဆိုင်ဖို့ကြိုးစားနေတယ်လို့တောင် ပြောရမှာပါ။

### ဂျူဗင်တပ်စ်အသင်းနဲ့ ရမ်ဆေး

ဂျူဗင်တပ်စ်အသင်းဟာ ရမ်ဆေးကို တစ်ပတ်လုပ်ခအနေနဲ့ ပေါင် ၄၀၀၀၀၀ ပေးမှာ ဖြစ်ပါတယ်။ ဒါဟာ ဗြိတိန်ကစားသမားတွေထဲမှာတော့ လုပ်ခအမြင့်ဆုံးလို့တောင်ဆိုရမှာ ဖြစ်ပါတယ်။ ရမ်ဆေးရဲ့ဝေလအသင်းဖော်ဖြစ်တဲ့ ဂါဘီဒမ်ကတော့ ရမ်ဆေးရဲ့ကစားပုံဟာ စီးရီးအေနဲ့ကိုက်ညီမှုရှိပြီး အလားအလာကောင်းတွေ ဖြစ်လာလိမ့်မယ်လို့တောင် ပြောဆိုထားခဲ့ပါတယ်။

ဒ့ါပြင်ဝေလတိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်တဲ့ တိုရှက်က "ပြည်ပထွက်ကစားဖို့ သဘောတူညီမှုရတာဟာ အလွန်ကောင်းပါတယ်။ ပြည်ပကိုထွက်ကစားတဲ့အခါ ဘောလုံးတစ်ခုတည်းသာမက အခြားအရာတွေအားလုံးကိုလည်း လေ့လာသင်ယူလို့ရပါတယ်။ အဲဒါဟာ လူတစ်ယောက်ကို အကောင်းဆုံးဖြစ်စေပါတယ်။ အခုအချိန်မှာ ရမ်ဆေးရဲ့အသက်ကလည်း အရာအားလုံးကိုရယူနိုင်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ပြောရမှာပါ။ ဂျူဗင်တပ်စ်ဟာထိပ်တန်းအသင်းကြီးဖြစ်ပြီး ချန်ပီယံလိဂ်အပါအဝင် အရာအားလုံးကိုရယူသွားဖို့ မျှော်လင့်ထားတာလည်း ဖြစ်ပါတယ်။ သူ့အတွက်တော့ အကောင်းဆုံးရာသီတွေလည်းဖြစ်လာသင့်ပါတယ်။ ဝေလလက်ရွေးစင်အသင်းအတွက်ကတော့ အခုလို သူ့ရဲ့ ပြောင်းရွှေ့မှုဟာ အကျိုးအမြတ်တွေဖြစ်လာစေဖို့ မျှော်လင့်မိပါတယ်သူ့အနေနဲ့ လွယ်လွယ်နဲ့အသားကျဖို့ကတော့မလွယ်ပါဘူး" ဟု ပြောဆိုခဲ့သည်။

### ဂျူဗင်တပ်စ်ရဲ့စိတ်ဝင်စားမှု

ရမ်ဆေးနဲ့ အာဆင်နယ်အသင်းတို့ရဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုဖို့ ဆွေးနွေးတာဟာ အောင်မြင်မှုမရရှိဘူးဆိုတဲ့ သတင်းတွေထွက်လာကတည်းက ဥရောပထိပ်တန်းအသင်း တော်တော်များများကတော့ စိတ်ဝင်စားခြင်းခံခဲ့ရတယ်။အဲဒီထဲမှာတော့ ဂျူဗင်တပ်စ်အသင်းက အပါအဝင်လို့ပြောရမယ်။

ဂျူဗင်တပ်စ်အသင်းအနေနဲ့ ရမ်ဆေးကိုခေါ်ယူဖို့ စိတ်ဝင်စားရတဲ့ အဓိကအချက်က ဘဏ္ဍာရေးလို့ပြောရမယ်။ ပြီးခဲ့တဲ့နွေရာသီက ရော်နယ်ဒိုကိုခေါ်ယူခဲ့မှုအတွက် ငွေကြေးအလွန်သုံးစွဲထားခဲ့ရတဲ့ ဂျူဗင်တပ်စ်အသင်းအတွက်တော့ ရမ်ဆေးကို အလွတ်နဲ့ခေါ်ယူခွင့်ရတာဟာ အခွင့်ထူးတစ်ခုလို့ပြောရမယ်။ အဲဒါနဲ့ပတ်သက်ပြီး ဝေလခံစစ်မှူး ဂါဘင်ဒမ်က "ဂျူဗင်တပ်စ်အသင်းကို ကြည့်မယ်ဆိုရင်တော့ သူတို့ဟာ ကွင်းလယ်အတွက်ခေါ်ယူမယ်ဆိုရင်လည်း သူတို့ဆီမှာ မရှိတဲ့ကစားသမားမျိုးကို ခေါ်ယူတာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းမှာက အမ်မရီချန်၊ ခီဒီယာ၊ ပီဂျာနစ်၊ မာတူဒီရှိနေတာကြောင့် သူတို့မှာမရှိတဲ့ ရမ်ဆေးလိုကစားသမားမျိုးကို အရခေါ်ယူတာဖြစ်ပါတယ်"လို့ပြောခဲ့ပါတယ်။

ဒါကြောင့်လည်းလာမယ့်ရာသီဟာ ဗြိတိန်မှာသာအခြေချကစားခဲ့ဖူးတဲ့ ရမ်ဆေးအတွက်ကတော့ စိန်ခေါ်မှုသစ်တွေကို စတင်ရင်ဆိုင်ရတော့မယ့်အချိန်လို့ပြောရမယ်။ ဝေလသားတစ်ယောက်ရဲ့စီးရီးအေကို ခြေဆန့်မှုဟာ ဘယ်လောက်အထိအောင်မြင်မှုရမလဲဆိုတာကိုတော့ လာမယ့်ရာသီသစ်နဲ့ အတူစောင့်မျှော်ရဦးမှာဖြစ်ပါတယ်။ ။

# ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာချိုဝင်း ပါမောက္ခ(ဌာနမှူး) သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုရာတွင် မှန်ကန်တိကျသော တွက်နည်းများနှင့် အဖြေများကို စနစ်တကျဖြေဆိုတတ်စေရန်၊ မှန်ကန်သော သင်္ချာသဘောတရား အတွေးအခေါ်အယူအဆများကို အခြေခံ၍ စနစ်တကျ တွက်ချက်ရေးသားဖြေဆိုတတ်စေရန်၊ မှားတတ်သော အမှားများကို သတိပြုရှောင်ကြဉ်နိုင်ကြစေရန်နှင့် ဖြေဆိုရာတွင် သတိပြုရမည့် အချက်အလက်များကို သိရှိကြစေရန် ရည်ရွယ်ရေးသား ဆွေးနွေးပါမည်။**

ယခုနှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများမေးခွန်းပုံစံသစ်နှင့် ဖြေဆိုကြရမည် ဖြစ်ပါသည်။ မေးခွန်းပုံစံသစ်သည် မေးခွန်းပုံစံအားလုံး အလုံးစုံပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ၏ သင်္ချာဘာသာရပ်အပေါ် စိတ်ဝင်စားမှု၊ ကိုယ်ပိုင်ဉာဏ်စွမ်းရှိမှု၊ ကျွမ်းကျင်တတ်မြောက်သိနားလည်မှုတို့ကို အခြေခံသောမေးခွန်းပုံစံအချို့ပြောင်းလဲခြင်းသာ ဖြစ်ပါသည်။ မေးထားသော မေးခွန်းများကို သေချာစွာနားမလည်ဘဲ အဖြေကိုမှန်းဆထည့်ခြင်း၊ အက္ခရာစဉ်ကို တန်းစီရေးချဖြေဆိုခြင်းများဖြင့် အမှတ်ရသော မေးခွန်းများ မပါဝင်ပါ။ ထို့ကြောင့် ယခုမေးခွန်းပုံစံသစ်တွင် စဉ်းစားတွေးခေါ်မှုကို အခြေခံသော လွယ်သင့်ခက်မျှတသော မေးခွန်းများ ပိုမိုပါဝင်လာပါမည်။ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဂုဏ်ထူးမှတ်လွန် အမှတ်ကောင်းရရှိရန် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးအပြင် သင်ခန်းစာတစ်ခုချင်းနှင့် ဆက်နွှယ်သော ဉာဏ်စမ်းပုစ္ဆာများကိုလည်း တွက်ချက်လေ့ကျင့်ထားရန် အကြံပြုလိုပါသည်။ သို့မှသာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သင်္ချာဘာသာရပ် အထူးပြုသင်တန်းများ၊ သင်္ချာဘာသာရပ်နှင့် နီးနွယ်သောသင်တန်းများ တက်ရောက်ရာတွင် အထောက်အကူများ ရရှိနိုင်မည် ဖြစ်ပါသည်။

ပထမဦးစွာ သင်္ချာဘာသာရပ် မေးခွန်းလွှာပုံစံသစ်ကို တင်ပြပါမည်။ ယခုမေးခွန်းပုံစံ အသစ်တွင် Multiple Choice မေးခွန်းများ မပါဝင်တော့ပါ။ Section (A), Section (B) နှင့် Section (C) အပိုင်း (၃)ပိုင်းပါဝင်ပြီး ဖြေဆိုချိန်မှာ (၃)နာရီဖြစ်ပါသည်။ မေးခွန်းအပိုင်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး သင်ခန်းစာအားလုံးလွှမ်းခြုံအောင် မေးထားသည့် မေးခွန်းဖြစ်ပါသည်။ Sectionတစ်ခုချင်း အလိုက် ရှင်းပြပါမည်။

Section (A) တွင် မေးခွန်း(၅)ပုဒ် မေးထားပြီး မေးခွန်းအားလုံးဖြေဆိုရပါမည်။ အပုဒ်တိုင်းမှာ အပုဒ်ခွဲ(a)နှင့်(b)ခွဲ၍ မေးထားပြီး အပုဒ်ခွဲတစ်ပုဒ်လျှင် (၃) မှတ်ပေးထားပါသည်။ စုစုပေါင်း(၃၀)မှတ်ဖြစ်သည်။ Chapter 1 to 7 မှ အပုဒ်ခွဲ(၆) ပုဒ်နှင့် Chapter 8 to 12 မှ အပုဒ်ခွဲ(၄)ပုဒ် မေးမှာဖြစ်ပြီး စုစုပေါင်းအပုဒ်ခွဲ (၁၀) ပုဒ်ပါဝင်မှာ ဖြစ်သည်။ အပုဒ်ခွဲ(၁၀)ပုဒ်တွင် Chapter (4) နှင့် Chapter (9) အခန်းများမှ မေးခွန်းများ ပါဝင်ပါက ကျန်သော Section များတွင် မေးမည် မဟုတ်ပါ။

Section (B) တွင် Chapter 1 to 7 မှ မေးခွန်း(၅)ပုဒ် မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ်ကိုသာ ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ(a)နှင့်(b)ခွဲ၍ မေးမည်ဖြစ်ပြီး မေးခွန်းတစ်ပုဒ်လျှင် (၁၀)မှတ်ပေးထားပါသည်။ စုစုပေါင်း (၄၀)မှတ် ဖြစ်သည်။ Section(B) အတွက် ကန့်သတ်ချက်များမှာ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ(a)နှင့် (b) ကို Chapter တစ်ခုတည်းမှ တွဲ၍ မေးမည်မဟုတ်ပါ။ သို့သော် Chapter 1 to 7 မှ ပုစ္ဆာများကိုသာ တွဲမေးမည်ဖြစ်ပြီး ဘာသာရပ်အခြေခံ အနည်းငယ်ရှိရုံမျှဖြင့် ဖြေဆိုနိုင်သော မေးခွန်းများ ပါဝင်ပါမည်။ မေးခွန်းတစ်ခုစီတွင် ပါဝင်သော အပုဒ်ခွဲ (a) နှင့်(b)အတွဲတိုင်းသည် မတူညီသော အတွဲများဖြင့် တွဲ၍မေးမည်ဖြစ်သော်လည်း စဉ်းစားတွေးခေါ်မှု အနည်းငယ်သာ ပါဝင်သော မေးခွန်းများပါဝင်ပါမည်။ Chapter 1 to 7 မှ အခန်းအားလုံး ကျွမ်းကျင်တတ်မြောက်မှုကို စစ်မေးသောမေးခွန်းများသာဖြစ်သည်။

Section (C) တွင် Chapter 8 to 12 မှ မေးခွန်း(၄)ပုဒ် မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း(၃)ပုဒ်ကိုသာ ဖြေဆိုရမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ(a)နှင့်(b)ခွဲ၍ မေးမည်ဖြစ်ပြီး မေးခွန်း တစ်ပုဒ်လျှင် (၁၀)မှတ် ပေးထားပါသည်။ စုစုပေါင်း (၃၀)မှတ်ဖြစ်သည်။မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ(a) နှင့်(b)ကို Chapter တစ်ခုတည်းမှ တွဲ၍မေးမည် မဟုတ်ပါ။ မေးခွန်းတစ်ပုဒ်စီတွင် ပါဝင်သော အပုဒ်ခွဲ (a) နှင့်(b) အတွဲတိုင်းသည် မတူညီသော အတွဲများဖြင့် မေးမည်ဖြစ်ပါသည်။ သို့သော် သာမန်ရိုးစင်းရှင်းလင်း လွယ်ကူသော မေးခွန်းများနှင့် စဉ်းစားတွေးခေါ်မှုကို အားပေးသော မေးခွန်းများ ပါဝင်ပါမည်။ ဖြေဆိုသူ ကျောင်းသား ကျောင်းသူများ အတွက် ဖြေဆိုမှုအခက်တွေ့စေမည့် ပညာပြမေးခွန်းများ မပါဝင်ပါ။ ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ်ကိုကျေညက်ပြီး စဉ်းစားတွေးခေါ်တတ်အောင် လေ့ကျင့်ပေးသည့် မေးခွန်းများသာ ပါဝင်ပါမည်။

ဖြေဆိုချိန်များကို အကြံပြုလိုသည်မှာ Section(A)ကို မိနစ်(၅၀)ခန့် အများဆုံးထား၍ လည်းကောင်း၊ Section (B)ကို မိနစ် (၆၀)ခန့် အများဆုံးထား၍ လည်းကောင်း၊ Section (C)ကို မိနစ် (၅၀)ခန့် အများဆုံးထား၍ လည်းကောင်း ပြီးအောင် ဖြေဆိုလေ့ကျင့်သင့်ပါသည်။ အကြမ်းအားဖြင့် ထိုသို့ဖြေဆိုနိုင်မှသာ ဖြေဆိုပြီးသားအဖြေများကို ပြန်လည်စစ်ဆေးရန် အနည်းဆုံးမိနစ်(၂၀)ခန့် အချိန်ရပါမည်။ ဂုဏ်ထူးမှတ်လွန် အမှတ်ကောင်းကောင်းရရှိရန် မေးခွန်းလွှာများကို အချိန်နှင့် လေ့ကျင့်ဖြေဆိုသင့်ပါသည်။ မေးခွန်းလွှာကို ဖြေဆိုရာ၌ မေးခွန်းတစ်ပုဒ်စီတွင်ပါဝင်သော အပုဒ်ခွဲ(a)နှင့်(b)ကို ဆက်တိုက်ဖြေဆိုရန် မလိုအပ်ပါ။ ဖြေဆိုချိန်ကန့်သတ်ချက်အရ ဖြေဆိုရခြင်းကြောင့် ချက်ချင်းမဖြေဆိုနိုင်သေးသည့် ပုစ္ဆာများကို အချိန်ကုန်ခံမစဉ်းစားဘဲ ရနိုင်သည့်ပုစ္ဆာများကို ဦးစွာဖြေဆိုသင့်ပါသည်။ သို့သော် အပုဒ်ခွဲ(b) ဖြေဆိုတိုင်း (b)တစ်ခုတည်း မရေးသင့်ပါ။ မေးခွန်းနံပါတ်နှင့်(b)ကို တွဲရေးရန် လိုအပ်ပါသည်။ ဖြေဆိုခွင့်ရှိသော ကြိုက်နှစ်သက်ရာ ပုဒ်ရေထက် ပိုဖြေသော်လည်း အမှတ်ပိုရမည်မဟုတ်ပါ။ ပုဒ်ရေ ပိုဖြေထားခြင်း မရှိစေရန် ဖြေဆိုပြီးတိုင်း ပြန်လည်စစ်ဆေးသင့်ပါသည်။ ဖြေဆိုရာတွင် Section(A) ပြီးမှ Section(B)၊ Section(B) ပြီးမှ Section (C) အစဉ်လိုက်ဖြေဆိုရန် မလိုအပ်ပါ။ မိမိဖြေဆိုလိုသည့် မေးခွန်းကို နံပါတ်တပ်၍ ဖြေဆိုနိုင်ပါသည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆောင်ရန်၊ ရှောင်ရန်၊ သတိပြုရန်အချက်များကို ဆွေးနွေးရှင်းလင်းပါမည်။

**Chapter(1) Functions** အခန်းတွင် ဖန်ရှင်တစ်ခု၏ image, range, composition of functions, inverse function နှင့် binary operation တို့နှင့် ပတ်သက်သော အဓိပ္ပာယ်သတ်မှတ်ချက်များကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာထားရန် လိုအပ်ပါသည်။ ဖန်ရှင်ဆိုင်ရာ သင်္ကေတများ မှန်ကန်စွာ အသုံးပြုတတ်ရန် လိုအပ်ပါသည်။ f နှင့် g ဖန်ရှင်နှစ်ခု ပေါင်းစပ်၍ ရသောဖန်ရှင်ဖြစ်သည့် composite of f and g ကို သင်္ကေတဖြင့် g . f ဟုရေးပြီး g .f ၏ formula ကို $(g.f)(x) = g(f(x))$ ဟု မှန်ကန်စွာ ရေးတတ်ရမည်။

သို့သော်

$(g . f)(x) = g(f(x)$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ်ဝိုက်ကွင်းတစ်ခု ကျန်နေခြင်း)

(သို့မဟုတ်)

$(g . f)(x) = g(f(x)))$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ်ဝိုက်ကွင်းတစ်ခု ပိုနေခြင်း)

(သို့မဟုတ်)

$g.f(x) = g(f(x))$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် ကွင်းပိတ်ဝိုက်ကွင်းနှစ်ခု ကျန်နေခြင်း)

(သို့မဟုတ်)

$(g.f)(x) = g . (f(x))$ (ညီမျှခြင်း၏ လက်ယာဘက်တွင် . ပိုနေခြင်း) စသည်တို့ မဖြစ်စေရန် သတိပြုရပါမည်။

အစုနှစ်ခုကြား ဆက်သွယ်နေသော ဖန်ရှင်တစ်ခု f သည် one to one correspondence ဖြစ်လျှင်နှင့် ဖြစ်မှသာလျှင် ၎င်း၏ inverse function တည်ရှိပြီး inverse function သင်္ကေတကို $f^{-1}$ ဟု ရေးသည်။ ကျောင်းသားကျောင်းသူအများစု မှားတတ်သောအမှားမှာ $f^{-1}$ အစား $f'$ (သို့မဟုတ်) $f^{-}$ သင်္ကေတများ မှားယွင်းရေးသားခြင်းဖြစ်သည်။ ထိုသို့မဖြစ်စေရန် သတိပြုရပါမည်။

A သည် အစုတစ်ခုဖြစ်ပြီး product set A×A ၏ အစုဝင်တစ်ခု (x, y) အား ဖန်ရှင်တစ်ခု ⊙ ဖြင့် ဆက်သွယ်၍ရရှိသော image ကို သင်္ကေတ x⊙y ဖြင့်ပြလေ့ရှိသည်။ image ဖြစ်သော x ⊙y တိုင်း codomain A ထဲတွင်ရှိလျှင် ⊙ ကို binary operation ဟုခေါ်သည်။ image ဖြစ်သော x⊙y တိုင်း codomain A ထဲတွင်ရှိခြင်းကို closure law ပြေလည်သည်ဟု ခေါ်သည်။ ဖြေဆိုသူများအတွက် နားလည်အောင်ပြောလိုသည်မှာ binary operation ဖြစ်ကြောင်း ပြတိုင်း ကိန်းရှင် x, y, . . . စသည်တို့ကို အသုံးပြု ၍ element နှစ်ခု၏ operation ကို closure ဖြစ်ကြောင်း သက်သေပြရမည်။ Binary operation မဖြစ်ကြောင်း သက်သေပြတိုင်း ကိန်းသေ 1, 2, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure မဖြစ်ကြောင်း သက်သေပြရမည်။ အလားတူ ဖလှယ်ရ ဥပဒေသ (commutative law)နှင့် ဖက်စပ်ရဥပဒေသ (associative law) များ မှန်ကြောင်း သက်သေပြလို လျှင် မည်သည့် အစုဝင်တိုင်းအတွက်မဆို ဥပဒေသများမှန်ကြောင်း သက်သေပြရန် လိုအပ်သည်။ အစုဝင်အချို့အတွက်သာ ဆင်ခြင်ပြီး ဥပဒေသမှန်ကြောင်း သက်သေ ပြချက်သည် ပြီးပြည့်စုံသော အဖြေမဟုတ်ကြောင်း သတိပြုရမည်။

**Chapter (2) The Remainder Theorem and The Factor Theorem** အခန်းတွင် Remainder Theorem နှင့် Factor Theorem ပါဝင်ပြီး x ပါဝင်သော polynomial များကို $f(x), g(x), h(x), \ldots$ စသည့် သင်္ကေတများဖြင့် ဖော်ပြလေ့ရှိသည်။ ဖြေဆိုသူအချို့သည် Remainder Theorem နှင့် Factor Theorem ဆိုင်ရာ ပုစ္ဆာများကို ဖြေဆိုရာတွင် မေးထားသောမေးခွန်းကို သေချာစွာ မဖတ်ဘဲဖြေဆိုခြင်းကြောင့် အဖြေများ လိုနေခြင်း၊ ပိုနေခြင်းများ တွေ့ရပါသည်။

ဥပမာ။ Find the remainder when the polynomial $x^3 + 2x - 3$ is divided by $x - 1$.

အထက်ပါ ပုစ္ဆာ၏အဖြေမှာ

Let $f(x) = x^3 + 2x - 3$

When $f(x)$ is divided by $x - 1$, the remainder $= f(1)$

$= 1 + 2 - 3 = 0$

အထက်ပါဖြေဆိုခြင်းအတွက် ရှင်းပြလိုသည်မှာ မေးထားသော မေးခွန်းတွင် Find the remainder ဟု မေးထားသောကြောင့် အဖြေတွင် the remainder = f(1) အချက်သည် ပါဝင်ရမည် ဖြစ်ပါသည်။ အလားတူ find the factors, find the other factors, solve the equation နှင့် factorize the polynomial completely စသည့် မေးခွန်းများကိုလည်း ဖြေဆိုမှု မှန်ကန်အောင် သေချာစွာ နားလည်အောင် လေ့ကျင့်သင့်ပါသည်။ ဥပမာ factorize the polynomial completely ဆိုသည့် မေးခွန်းကို ဖြေဆိုရာတွင်ရလာသော factor များ၏ မြှောက်ခြင်း၌သာ ဖြေဆိုမှုကို အဆုံးသတ်ရမည်ဖြစ်ပြီး ဆက်လက်ဖြေဆိုခြင်းသည် မေးထားသောမေးခွန်းကို နားမလည်ရာ ရောက်ပါသည်။ အလားတူ find the other factors ဟု မေးထားသော မေးခွန်းကို ဖြေဆိုရာတွင်လည်း ကျန်သော factor များကိုသာ ဖော်ပြရေးသားရမှာဖြစ်ပြီး factor အားလုံးကို ဖော်ပြရေးသားရန်မလိုအပ်ပါ။

**Chapter (3) The Binomial Theorem** အခန်းမှာ **Binomial Expansion** ကို ကျွမ်းကျင်ရန် လိုအပ်ပါသည်။ Binomial Theorem အရ ကောင်းစွာအကျယ်ဖွင့်တတ်ရမှာဖြစ်ပြီး the general term (သို့မဟုတ်) $(r + 1)^{th}$ term formula ကို သိထားရပါမည်။ ဥပမာ $(2x - y)^{13}$ အကျယ်ဖွင့်မှ $(r + 1)$ အကြိမ်မြောက်ကိန်းကို ရေးသားရာတွင်

$(r + 1)^{th}$ term = $\mathbf{{}^{13}Cr\,(2x)^{13-r}\,(-y)^r}$ ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရန် လိုအပ်သည်။ သို့သော် $(r + 1)^{th}$ term ဆိုသည့် စကားလုံးမပါဘဲ

$\mathbf{(2x - y)^{13} = {}^{13}Cr\,(2x)^{13-r}\,(-y)^r}$ ဟု ရေးသားခြင်း (သို့မဟုတ်)

$\mathbf{(r + 1)^{th}\ term = {}^{13}Cr\,(2x)^{13-r}\,-y^r}$ ဟု ညီမျှခြင်း လက်ယာဘက်တွင် "– y" ကို ဝိုက်ကွင်း မခတ်ဘဲ ရေးသားခြင်းများ မဖြစ်စေရန် ဂရုပြုရပါမည်။ အကယ်၍ $(2x - y)^{13}$ ကို ပထမကိန်းသုံးလုံး အကျယ်ဖွင့် ပုံစံဖြင့် ရေးမည်ဆိုလျှင်

$(2x - y)^{13} = \mathbf{{}^{13}C_0\,(2x)^{13} + {}^{13}C_1\,(2x)^{12}(-y) + {}^{13}C_2\,(2x)^{11}\,(-y)^2 + \ldots}$

ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရမည်။ သို့သော် $(2x - y)^{13}$ ၏ ပထမကိန်းသုံးလုံး အကျယ်ဖွင့်ကို

$(2x - y)^{13} = \mathbf{{}^{13}C_0\,(2x)^{13} + {}^{13}C_1\,(2x)^{12}(-y) + {}^{13}C_2\,(2x)^{11}\,-y^2}$ ဟု ရေးသားခြင်းသည် ကိန်းသုံးလုံးတည်းကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် ပြည့်စုံလုံလောက်မှု မရှိပါ။ အကျယ်ဖွင့်တွင် ပါဝင်သော " ... " ၏သဘောမှာ ပထမကိန်းသုံးလုံး၏ နောက်တွင် လက်ကျန်ကိန်းများရှိနေသေးသည့် သဘောကို ဆောင်ပါသည်။ ထို့အပြင် find the coefficient of $x^2$ ဟု မေးထားသောမေးခွန်းကို ဖြေဆိုမည်ဆိုလျှင် မြှောက်ဖော်ကိန်းဆိုသည့်စကား ပါဝင်ခြင်းကြောင့် အဖြေတွင် $x^2$ မပါဝင်ရန် လိုအပ်ပါသည်။ အလားတူ find the term independent of x, find the constant term, find the coefficient of $x^0$ စသည့် မေးခွန်းများကို ဖြေဆိုရာတွင်လည်း အဖြေ၌ ကိန်းရှင် "x" မပါဝင်ရန် လိုအပ်ပါသည်။

ဥပမာ။ Find the term in $x^2$ and the term independent of x in the expansion of (2 + 3x)5.

ပထမဦးစွာ (2 + 3x)5 ကို $x^2$ ပါဝင်သော ကိန်းတန်းရသည်အထိ အောက်ပါအတိုင်း အကျယ်ဖွင့် ပါမည်။

$(2 + 3x)^5 = 2^5 + 5.2^4(3x) + 10.2^3(3x)^2 + \ldots$

$= 32 + 240\,x + 720\,x^2 + \ldots$

the term in $x^2$ = $720\,x^2$ (အဖြေတွင် $x^2$ ပါဝင်ရန် လိုအပ်ပါသည်။)

the term independent of x = 32 (အဖြေတွင် x မပါဝင်ရန် လိုအပ်ပါသည်။)

**Chapter (4) Inequations** အခန်းမှာ x ပါဝင်သော နှစ်ထပ်ကိန်းမညီမျှခြင်း(quadratic inequation) များ၏ solution set ကို method နှစ်ခုဖြင့် ဖြေရှင်းခြင်းဖြစ်သည်။ မေးခွန်းတွင် သတ်မှတ်ထားသော method ဖြင့်သာ ဖြေရှင်းရမည်ဖြစ်သည်။ algebraic method ကိုအသုံးပြု၍ တွက်ပါဟု မေးလျှင် algebraic method ကိုသာ အသုံးပြု၍ တွက်ရပါမည်။ graphical method ကို အသုံးပြု၍ တွက်ပါဟုမေးလျှင် graphical method ကိုသာ အသုံးပြု၍ တွက်ရပါမည်။ algebraic method ကို အသုံးပြု၍ တွက်ပါဟု မေးထားသော မေးခွန်းကို graphical method ကိုအသုံးပြု၍တွက်လျှင် မေးခွန်းတွင် ပါဝင်သော သတ်မှတ်ချက်ကို ဆန့်ကျင်ရာရောက်ပါသည်။ မည်သည့် method ကို အသုံးပြု၍ တွက်ပါဆိုသည့် သတ်မှတ်ချက်မပါလျှင် ကြိုက်နှစ်သက်ရာ method ကို အသုံးပြု၍ တွက်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် method နှစ်ခုလုံးဖြင့် တွက်တတ်အောင် လေ့ကျင့်ထားသင့်သည်။ algebraic method ကို အသုံးပြု၍ ပုစ္ဆာများဖြေရှင်းရာတွင် and နှင့် or ကိုသူ့နေရာနှင့်သူ သေချာစွာ အသုံးပြုတတ်ရန် လိုအပ်ပါသည်။ graphical method ကို အသုံးပြု၍ ပုစ္ဆာများ ဖြေရှင်းရာတွင် မျဉ်းကွေးပုံကို သတ်မှတ်ချက်ပြည့်စုံအောင် ဆွဲသားရန် လိုအပ်ပါသည်။

**Chapter (5) Sequences and Series** အခန်းမှာ A.P., G.P. တို့နှင့် ပတ်သက်သော $n^{th}$ term formula, A.M. formula, G.M. formula, sum of the first n terms formula နှင့် G.P. တစ်ခု၏ sum to infinity formula များ သိထားရန် လိုအပ်ပါသည်။ ဖြေဆိုသူအများစုမှာ ပုံသေနည်းများကို သေချာစွာမသိဘဲ မှားယွင်းစွာ အသုံးပြုတတ်ပါသည်။ သင်္ကေတများကိုလည်း ကိုယ့်သဘောနှင့်ကိုယ် ပြုပြင်မရေးမိစေရန် သတိထားရပါမည်။

ဥပမာ the sum of the first 8 terms of the A.P. ကို ပထမဦးစွာ ပေါင်းလဒ်ပုံသေနည်း

$S_n = \frac{n}{2}\{2a + (n-1)d\}$ ဟု ရေးပြီး နောက်တစ်ကြောင်းတွင်

$= \frac{8}{2}\{2a + (8-1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် " $S_8$ "မပါဘဲ ရေးခြင်း) (သို့မဟုတ်)

$S_n = \frac{8}{2}\{2a + (8-1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင်" $S_8$ "အစား" $S_n$ "ဟုရေးခြင်း) စသည်တို့ မပြုလုပ်မိအောင် ဂရုစိုက်ရမည်။

*စာမျက်နှာ ၂၁ သို့*

**စာမျက်နှာ (၂၀) မှ**

**Chapter (6) Matrices** အခန်းတွင် matrix နှစ်ခုတူညီခြင်း၊ အခြေခံလုပ်ထုံးများဖြစ်သော matrix နှစ်ခု ပေါင်းခြင်း၊ နုတ်ခြင်း၊ matrix တစ်ခုကို scalar ဖြင့် မြှောက်ခြင်း၊ matrix နှစ်ခုမြှောက်ခြင်း စသည်တို့ကို ကျွမ်းကျင်စွာ တတ်ထားရပါမည်။ order 2 × 2 ရှိသော matrix တစ်ခု A ၏ determinant of A = 0 ဖြစ်လျှင် A ကို singular matrix ဟုခေါ်ပြီး $A^{-1}$ မရှိပါ။ အကယ်၍ determinant of A ≠ 0 ဖြစ်လျှင် A ကို nonsingular matrix ဟုခေါ်ပြီး A-1 ရှိသည်ဟု သိထားရမည်။ သို့မှသာ order 2 × 2 ရှိသော matrix တစ်ခု၏ inverse ကို ရှာတတ်ရမှာဖြစ်ပြီး inverse matrix ကိုအသုံးပြုပြီး မသိကိန်းနှစ်ခုပါ တစ်ပြိုင်နက်ညီမျှခြင်းစနစ်ကို ဖြေရှင်းတတ်မှာ ဖြစ်ပါသည်။ ထို့အပြင် transpose matrix of A ကို "A' " နှင့် inverse matrix of A ကို " A-1 " ဟု မှန်ကန်စွာ ရေးသားရမည်။

**Chapter(7) Introduction to Probability** အခန်းတွင် ဖြစ်ရပ်တစ်ခု၏ ဖြစ်နိုင်ခြေ (probability of an event) ကိုတွက်ချက်နိုင်ရန် random experiment ၏ possible outcomes အရေအတွက်ကို ရှာတတ်ရမှာဖြစ်ပြီး မေးထားသော event တစ်ခု၏ favourable outcomes အရေအတွက်ကိုလည်း ရှာတတ်ရမည်။ မည်သည့်ဖြစ်ရပ် A အတွက်မဆို ဖြစ်နိုင်ခြေတန်ဖိုး P(A) သည် 0≤ P(A) ≤1 ဖြစ်သည်ကို မှတ်သားထားရမည်။ ထို့ပြင် ဖြစ်ရပ် A မဖြစ်သော ဖြစ်နိုင်ခြေ P (not A) = 1 – P(A) ဖြစ်ကြောင်းကိုလည်း သိထားရမည်။ Random experiment တစ်ခု၏ possible outcomes များကို tree diagram ဆွဲ၍သော်လည်းကောင်း၊ table (ဇယား) တည်ဆောက်၍သော်လည်းကောင်း ရှာယူတတ်ရမည်။ tree diagram ဆွဲသားခြင်းနှင့် table (ဇယား) တည်ဆောက်ခြင်းတို့တွင် heading ပါရန် လိုအပ်ပါသည်။ Mutually exclusive events နှင့် independent events များ အကြောင်း ဆက်လက်ဆွေးနွေးပါမည်။ Random experiment တစ်ခုရှိ ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့အနက် ဖြစ်ရပ်နှစ်ခုလုံး တစ်ပြိုင်နက်မဖြစ်နိုင်သော ဖြစ်ရပ်များဖြစ်လျှင် တစ်နည်းအားဖြင့် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တွင် ဘုံပါဝင်သော outcomes မရှိလျှင် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့ကို mutually exclusive events ဟုခေါ်ပြီး P(A or B) = P(A) + P(B) ဟုရေးသည်။ Random experiment တစ်ခုရှိ ဖြစ်ရပ် A နှင့် ဖြစ်ရပ် B နှစ်ခုလုံးဖြစ်နိုင်သော ဖြစ်ရပ်များဖြစ်လျှင် တစ်နည်းအားဖြင့် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့သည် တစ်ခုနှင့်တစ်ခု မမှီခိုသော ဖြစ်ရပ်များဖြစ်လျှင် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့ကို independent events ဟုခေါ်ပြီး P(A and B) = P(A) × P(B) ဟု ရေးသည်။ အထူးသဖြင့် ကျောင်းသားကျောင်းသူအများစုမှာ မေးထားသော probability ပုစ္ဆာများ၏ အဖြေကို စဉ်းစားရာတွင် mutually exclusive events နှင့် independent events တို့ကို မှားယွင်းစွာ ဖြေဆိုတတ်ကြသည်။ အကြံပြုလိုသည်မှာ probability ပုစ္ဆာများကို မေးခွန်း နားလည်အောင်ဖတ်ပြီးမှ တွက်ချက်စေလိုပါသည်။

**Chapter (8) Circles** အခန်းတွင် အပိုင်းသုံးပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် စက်ဝိုင်းတစ်ခု၏ အဝန်းခံထောင့်များနှင့် ပတ်သက်သောသီအိုရမ်များ (Theorem 1 မှ Theorem 4 ထိ)၊ ဒုတိယအပိုင်းတွင် chord, tangent နှင့် secant segment တို့၏ product property များကို ဖော်ပြသော သီအိုရမ်များ (Theorem 5 မှ Theorem 6 ထိ)၊ တတိယအပိုင်းတွင် concyclic points နှင့် concyclic သီအိုရမ်များ (Theorem 7, Theorem 9, Theorem 10) ဖြစ်သည်။ geometry ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောပုံပါရမည်ဖြစ်ပြီး ဆွဲသားထားသောပုံသည် မှန်ကန်ရန်လိုအပ်ပါသည်။ အသုံးပြုသောထောင့် သင်္ကေတများကိုလည်း ဆွဲသားသောပုံတွင် ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ သက်သေပြရာတွင် သင်ကြားပေးထားသည့်အတိုင်း အလွတ်ကျက်မှတ်ဖြေဆိုခြင်းများကို ရှောင်သင့်ပါသည်။ မေးထားသော ပုစ္ဆာ၏အဖြေအား စဉ်းစားသည့်အခါ မည်သည့် သီအိုရမ်ကို အသုံးပြု၍ ဖြေရှင်းနိုင်သည်ဟု ကြံဆတွေးတောနိုင်ရမည်။ သို့မှသာ geometry ပုစ္ဆာများကို ကြောက်ရွံ့မှုမရှိစွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

**Chapter (9) Areas of Similar Triangles** အခန်းတွင် နဝမတန်းတွင် သင်ကြားခဲ့ရသည့် တြိဂံနှစ်ခုသဏ္ဌာန်တူခြင်းဆိုင်ရာ သီအိုရမ်များကို ပြန်လည်သိထားရန် လိုအပ်ပါသည်။ ယခုအတန်းတွင် သဏ္ဌာန်တူ တြိဂံနှစ်ခု၏ ဧရိယာများအချိုးသည် လိုက်ဖက်အနားများ (သို့မဟုတ်) လိုက်ဖက်အမြင့်မျဉ်းများ (သို့မဟုတ်) လိုက်ဖက်အလယ်မျဉ်းများ (သို့မဟုတ်) လိုက်ဖက်ထောင့် ထက်ဝက်ပိုင်းမျဉ်းများ၏ နှစ်ထပ်ကိန်းများနှင့် အချိုးတူသည်ဟူသောအချက်များ သိထားရပါမည်။ ထို့အပြင် သဏ္ဌာန်တူ တြိဂံနှစ်ခု၏ ဧရိယာများအချိုးသည် ပတ်လည်အနားများ၏ နှစ်ထပ်ကိန်းများနှင့် အချိုးတူသည်ဟူသောအချက်ကိုလည်း သိထားရပါမည်။ တြိဂံနှစ်ခု သဏ္ဌာန်တူကြောင်း သက်သေပြပြီးတိုင်း မည်သည့်သီအိုရမ် မည်သည့်ကော်ရော်လာရီအရ သဏ္ဌာန်တူသည်ကို ထည့်သွင်းဖော်ပြပေးရန် လိုအပ်ပါသည်။ သဏ္ဌာန်တူခြင်း သင်္ကေတ " ~ " နှင့် ထပ်တူညီခြင်းသင်္ကေတ " ≅ " များ မှားယွင်းစွာ ဖော်ပြခြင်း မပြုမိစေရန် သတိပြုရပါမည်။

**Chapter (10) Introduction to Vectors and Transformation Geometry** အခန်းတွင် geometric vector များ၏ ပေါင်းခြင်း၊နုတ်ခြင်းနှင့် စကေလာဖြင့်မြှောက်ခြင်းစသည့် အခြေခံလုပ်ထုံးများအပြင် parallel vectors ဂုဏ်သတ္တိ၊ collinear ဂုဏ်သတ္တိများကိုလည်း သိထားရမည်။ ထို့ပြင် position vector, section formula နှင့် two dimensional များအကြောင်းကိုလည်း သိထားသင့်ပါသည်။ Transformation geometry ဆိုင်ရာ matrix များဖြစ်သည့် reflection matrix, rotation matrix နှင့် translation matrix များကိုလည်း မှတ်သားထားရန်လိုအပ်ပါသည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် ဗက်တာ သင်္ကေတ မြား " → " မကျန်စေရန် သတိပြုရမည်။

**Chapter (11) Trigonometry** အခန်းတွင် နဝမတန်းတွင် သင်ကြားခဲ့ရသည့် ထောင့်မှန်တြိဂံတစ်ခုအတွင်းရှိ ထောင့်ကျဉ်းတစ်ခုမှရသော အခြေခံအချိုး(၆) ချိုးနှင့် အထူးထောင့်များဖြစ်သော 30°, 45°, 60° စသည်တို့၏ trigonometric ratio များကိုလည်း မှတ်ထားရမည်။ ထို့ပြင် general angle formula, compound angle formula, double angle formula, half angle formula, factor formula စသည်များကိုလည်း သိထားသင့်ပါသည်။ သို့မှသာ ၎င်း formula ကို အသုံးပြု၍ trigonometric equation, trigonometric identity များကို ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ law of sines နှင့် law of cosines တို့ကို အသုံးပြု၍ တြိဂံတစ်ခု၏လိုအပ်သောထောင့်နှင့် လိုအပ်သောအနားများကို ရှာတတ်ရန်လည်း လိုအပ်ပါသည်။ အကြံပြုလိုသည်မှာ law of sines ကိုအသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သော ထောင့်များရှာရာတွင် အငယ်ဆုံးထောင့်မှစ၍ ရှာသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှာသောထောင့်သည် ထောင့်ကျယ်ဖြစ်နေသော်လည်း law of sines ကို အသုံးပြု၍ တွက်ချက်လျှင် ထောင့်ကျဉ်းသာရလာပြီး ဖြေဆိုသူအနေဖြင့် အမှန်ဟု ယူဆတတ်ပါသည်။ ညွှန်ထောင့်ပါသော ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သော ပုံပါရမည်ဖြစ်ပြီး ဆွဲသားသောပုံသည် မှန်ကန်ရမည့်အပြင် logarithm tables ဖြင့်တွက်ချက်သောဇယားကို ထည့်သွင်းဖြေဆိုရန် လိုအပ်ပါသည်။ ထောင့်များ၏ ဒီဂရီနှင့် မိနစ်သင်္ကေတများ မကျန်စေရန် သတိပြုပါ။

**Chapter (12) Calculus** အခန်းမှာ ပထမဦးစွာ ကျောင်းသားကျောင်းသူအများစု limit ရှာသော ပုစ္ဆာများ တွက်ချက်ရာတွင် ဖြေဆိုပုံလိုအပ်ချက်ကို တင်ပြပါမည်။ ဥပမာ Calculate $\lim_{x\to\infty}\frac{2x}{3x+4}$ ပုစ္ဆာကို တွက်ချက်ရာတွင်

$$\lim_{x\to\infty}\frac{2x}{3x+4}=\lim_{x\to\infty}\frac{2}{3+\frac{4}{x}}$$

$$=\frac{2}{3+0}\quad .......(*)$$

$$=\frac{2}{3}$$

ဟု မှန်ကန်စွာ ဖြေဆိုရမည်။ (*) ပြထားသော အဆင့်တွင် ပိုင်းခြေ၌ ပါဝင်နေသော " 0 " သည် $\lim_{x\to\infty}\frac{4}{x}=0$ ဆိုသည့် အဓိပ္ပာယ် ကို ဆောင်သည်။ ထို့ကြောင့် $\lim_{x\to\infty}\frac{2x}{3x+4}=\lim_{x\to\infty}\frac{2}{3+\frac{4}{x}}=\frac{2}{3}$ ဟု ဖြေဆိုခြင်း နှင့် $\lim_{x\to\infty}\frac{2x}{3x+4}=\lim_{x\to\infty}\frac{2}{3+\frac{4}{x}}=\lim_{x\to\infty}\frac{2}{3}$ ဟု ဖြေဆိုခြင်းများ မရှိစေရန် သတိထားရမည်။ ကိန်းရှင် x ၏ တန်ဖိုးသေးငယ်သော ပြောင်းလဲမှုပမာဏ ကို ဖော်ပြသည့် " δx " ကို δ နှင့် x မြှောက်ထားခြင်းဟု ယူဆပြီး $(\delta x)^2=\delta^2x^2$ နှင့် $2x\,\delta x=2x^2\delta$ ဟူ၍ မှားယွင်းဖြေဆိုခြင်းများ ပြုလုပ်တတ်ပါသည်။ ဖြေဆိုသူများ အနေဖြင့် some particular derived function, trigonometric functions, logarithm function နှင့် exponential function တို့၏ derivative formula များကိုလည်း သိထားသင့်ပါသည်။ ထို့ပြင် tangent line equation, normal line equation, maximum, minimum နှင့် point of inflexion တို့နှင့် ဆိုင်သော ပုစ္ဆာများကိုလည်း လေ့ကျင့်ထားသင့်ပါသည်။

ဖြေဆိုသူအားလုံးအတွက် မှာကြားလိုသည့် အချက်များမှာ

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးရန်
- ပြန်လည်စစ်ဆေးချိန် ပိုမိုရရှိအောင် မေးခွန်းလွှာများကို အကြိမ်ကြိမ် လေ့ကျင့်ဖြေဆိုရန်
- သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုရန်
- ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောအဆင့်၊ အရေးကြီးသော အဆင့်များ မကျန်ရန်
- မေးခွန်းတွင် အသုံးပြုရမည့်တွက်နည်း သတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုရန်
- ခန့်မှန်းမေးခွန်းများကိုသာ ရွေးချယ်လေ့ကျင့်ဖြေဆိုခြင်းများမပြုရန်
- သတ်မှတ်ထားသော ပုဒ်ရေထက် ပို၍ မဖြေဆိုမိစေရန်
- အခန်းတစ်ခုချင်းစီတွင် ပါဝင်သော အဓိပ္ပာယ်သတ်မှတ်ချက်များ၊ မှန်ကန်ချက်များ၊ ပုံသေနည်းများနှင့် သင်္ချာသဘောတရားများကို ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်အောင် လေ့ကျင့်ထားရန်တို့ ဖြစ်ပါသည်။

ယခုဆွေးနွေးခဲ့သော သိကောင်းစရာများနှင့် အကြံပြုချက်များသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက် အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူအားလုံး မိမိတို့၏ ကြိုးစားအားထုတ်မှုနှင့်အတူ ဂုဏ်ထူးမှတ်၊ ရာပြည့်မှတ်များဖြင့် အောင်မြင်မှုများရရှိပါစေဟု ဆန္ဒပြုရင်း သင်္ချာဘာသာရပ်သိကောင်းစရာများ ဆွေးနွေးပို့ချခြင်းကို ရပ်နားအပ်ပါသည်။

# ဝါနှင့် လျှော်မျှင်ထွက်သီးနှံများအတွက် မြေဆီလွှာထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဝါနှင့် လျှော်မျှင်ထွက် စိုက်ပျိုးမြေများတွင် မြေဆီလွှာထိန်းသိမ်းနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဝါနှင့် လျှော် စိုက်ပျိုး ထုတ်လုပ်သူများ၏ ဝင်ငွေအကျိုးအမြတ် တိုးတက်စေရန်တို့ကို ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက် သီးနှံဌာနခွဲမှ ဝါနှင့် လျှော်မျှင်ထွက် သီးနှံများအတွက် မြေဆီလွှာ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ရုံးအမှတ် ၄၃ ၌ ပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ခြံတာဝန်ခံများ၊ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများ တက်ရောက် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြေဆီလွှာ၊ မျိုးစေ့နှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်း တိုးမြှင့်ရန် သုတေသနလုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ ကုန်ကြမ်းထုတ်လုပ်မှုမှ ကုန်ချောထုတ်လုပ်နိုင်ရေး ဆက်စပ်ဖော်ဆောင်ပေးရန် လိုအပ်ချက်များ၊ မြေဆီလွှာစီမံခန့်ခွဲခြင်း၊ သီးနှံပင်မ အာဟာရဓာတ်ရယူမှုနှင့် မြေသြဇာထည့်သွင်းမှုစနစ်များ၊ မြေဆီလွှာပြဿနာများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မြေဆီလွှာ အခြေခံသဘောတရားများနှင့် ရေစီမံခန့်ခွဲခြင်းဆိုင်ရာများ၊ ဝါသီးနှံ၏ ဇီဝကမ္မဗေဒနှင့် အာဟာရဓာတ် စီမံခန့်ခွဲမှုဆိုင်ရာများကို ဆွေးနွေးကြသည်။



မြေဆီလွှာထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

မြန်မာနိုင်ငံတွင် ဂုန်လျှော်ကို ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ ဝါကို စစ်ကိုင်း၊ မကွေး၊ မန္တလေး တိုင်းဒေသကြီး၊ ရှမ်းနှင့် ကယားပြည်နယ်တို့တွင် လည်းကောင်း အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ဝါသီးနှံဆိုင်ရာ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးကို ကျောက်ဆည်နှင့် ဝမ်းတွင်းမြို့နယ်များတွင် လည်းကောင်း၊ ဂုန်လျှော်နှင့် လျှော်မျှင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးကို ဝါးခယ်မ၊ မြောင်းမြ၊ ရေတာရှည်မြို့နယ်တို့တွင်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ဒလမြို့နယ် ရေပေးဝေရေးရုံးရှိ သောက်ရေသန့်စက်မှ သောက်ရေသန့်များ အခမဲ့ လာရောက်ယူနိုင်

**ဒလ ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ရေပေးဝေရေးရုံးအတွင်းတွင် သောက်ရေသန့်စက်ရုံ တည်ဆောက်ထားပြီး ယင်းစက်ရုံမှထွက်ရှိသော သောက်ရေသန့်များကို မည်သူမဆို အခမဲ့လာယူနိုင်ကြောင်း သိရသည်။

အဆိုပါ သောက်ရေသန့်စက်ရုံသည် တစ်ရက်လျှင် သောက်ရေသန့်ဂါလန် ၅၀၀၀ ထွက်ရှိကြောင်း၊ သိရှိသူများမှ အခမဲ့လာရောက် ယူဆောင်ကြသော်လည်း သိရှိမှုနည်းပါးနေသည့်အတွက် လာရောက်ယူမည့်သူ အနည်းငယ်သာရှိသဖြင့် မည်သူမဆို သောက်ရေသန့်များအား အခမဲ့ လာယူနိုင်ကြောင်း ရေသန့်တာဝန်ခံ ဦးတိုးတိုးအောင်က ပြောသည်။

ထွက်ရှိသည့် သောက်ရေသန့်များအား မူလကပင် သောက်သုံးနိုင်သည့် ရေသန့်အဖြစ်ရောက်ရှိအောင် စီမံဆောင်ရွက်ထားပြီး တစ်လတစ်ခါ စစ်ဆေးမှုများလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

" ဒလရေသန့်စက်ရုံက ထွက်တဲ့သောက်ရေသန့်က အရည်အသွေးမီပါတယ်။ ကျွန်တော်တို့ အိမ်မှာဆို အိမ်သုံးအပြင် သောက်ရေအဖြစ်လည်း သုံးပါတယ်။ အဲ့ဒီရေသန့်စက်ရုံက ထွက်ရှိတဲ့ သောက်ရေသန့်ကို လစဉ်အခမဲ့ သွားရောက် ယူဆောင်နေပါတယ် " ဟု ပြည်သူတစ်ဦးက ပြောသည်။

ရန်ကုန် ပေါက်ရေပေးဝေရေးစခန်းမှ ပိုက်လိုင်းသွယ်ယူကာ ဒလမြို့တွင်း သုံးရေဖြန့်ဝေပေးနေမှုနှင့် ပတ်သက်၍လည်း ရပ်ကွက်အစွန် အဖျားရှိ ပြည်သူများနှင့် ရပ်ကွက်နေပြည်သူများ သုံးရေဖူလုံစွာ ရရှိနိုင်ရန်လည်း စီမံဆောင်ရွက်လျက် ရှိကြောင်း အဆိုပါ ၎င်းက ပြောကြားသည်။

**မောင်ယဉ်ဦး (ဒလ)**

# ဦးခိုက်ပူဇော် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ် မော်တင်စေတီတော်

မောင်တင်လှိုင် (ဟိုတယ်/ခရီး)

**လူတို့ဖူးတွေ့ခွင့်မရနိုင်သည့် စေတီ သုံးဆူရှိလေသည်။ "တာဝတိံသာနတ်ပြည်" တွင် ဘုရားလောင်း၏ ဆံတော်ကို ဌာပနာ၍ တည်ထားသော စူဠာမဏိစေတီတော်။ "ပြဟ္မာပြည်" တွင် ဘုရားလောင်း၏ အဝတ်အထည်ကို ဌာပနာ၍ တည်ထားသော ဒုဿစေတီတော်။ "ဟိမဝန္တာတော" တွင် မြတ်စွာဘုရားနှင့် မဟေသာရပညာချင်းယှဉ်ရာတွင် မြတ်စွာဘုရားက အောင်နိုင်တော်မူရာ မဟေသာရက မြတ်စွာဘုရားကို ဝတ်ကြီးဝတ်ငယ်ပြုစုခွင့် တောင်းသောအခါ မြတ်စွာဘုရားက သတ္တဝါတွေကို ကယ်တင်ရန်ရှိသဖြင့် သူ၏ကိုယ်စား ရုပ်ပွားတော်ကို ဖန်ဆင်းပေးခဲ့သော မဟေသာရ ဗုဒ္ဓရုပ်ပွားတော်စေတီတို့ ဖြစ်ပါသည်။**



ဆံတော်ရှင် မော်တင်စွန်းစေတီကို ဖူးတွေ့ရစဉ်။ ဓာတ်ပုံ- လှမင်းထွဋ် (ပြန်/ဆက်)

### ဇေယျသေနနဂါးမင်းအား ကျေးဇူးတင်ရခြင်း

ဇေယျသေနနဂါးမင်းသည် ဆံတော်ဓာတ် နှစ်ဆူအား နဂါးပြည်သို့ ယူဆောင်ပြီး စေတီတည်ထားခဲ့သော် လူတို့ဖူးမြော်နိုင်ရန် ခက်ခဲမည်။ ယခုဆံတော်ဓာတ် နှစ်ဆူကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကုသိမနာဂရ (ပုသိမ်) တောင်ပိုင်း နဂါးရစ်မှော် ခေါ် သရနတောင်စွန်း (ဝါ) မော်တင်စွန်းတွင် မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် တည်ထားကိုးကွယ်ခဲ့သဖြင့် လူများဖူးမြော်ခွင့်ရရှိသောကြောင့် ဇေယျသေန နဂါးမင်းကြီးအား ကျေးဇူးတင်ရပါ သည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားရာနိုင်ငံဖြစ်ပြီး ဘုရားပုထိုးစေတီများ တည်ထားကိုးကွယ်ကာ ဘုရားပွဲတော်များကို ကျင်းပလျက်ရှိပါသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် တန်ခိုးကြီးဘုရားများရှိသည့်အနက် ဆံတော်ရှင်မြတ်မော်တင်သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး သာသနာတော်အတွင်း ဆံတော်မွေတော်ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်အဆူဆူတွင် မြန်မာနိုင်ငံ၌ ပထမဆုံးတည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျင်းပပေးသော ဘုရားပွဲတော်ဖြစ်သည်။

ဘုရားပွဲတော်ကို တစ်နှစ်လျှင်တစ်ကြိမ် တစ်လတိတိသာ ကျင်းပသည်။ ရှေးယခင်က ပွင့်ခဲ့သောဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ တည်ရှိကိန်းဝပ်တော်မူကြောင်းကို ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့ပြီး ဂေါတမမြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် ပေးခဲ့သောဆံတော်များ တည်နေကိန်းဝပ်တော်မူရာ စေတီတော်မြတ်ဖြစ်ပါသည်။ မြတ်မော်တင်စေတီတော်သို့ ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် နှစ်ကြိမ်တိုင်တိုင် ကြွရောက်တော်မူရာဌာနဖြစ်ကြောင်း သမိုင်းအစဉ်အလာရှိသဖြင့် မြတ်မော်တင်စေတီတော်သည် မြန်မာနိုင်ငံတော်၏ အထင်ကရ ထင်ရှားသောစေတီတော်တစ်ဆူ ဖြစ်ပါသည်။

မဟာမကုဋရုံသီမှာ "ကြီးမြတ်တော်မူသော မော်တင်အစွန်း၌ တောက်ပသော ရောင်ခြည်ဖြင့် ကြည်ညိုဖွယ်အဆင်းရှိသောစေတီ" ဆံတော်ရှင်မှာ ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ပေးသနားတော်မူခဲ့သော ဆံတော်ရှစ်ဆူအနက် ဆံတော်နှစ်ဆူကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။

### စေတီတော် တည်ထားကိုးကွယ်

မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သုံးလောကထွတ်ထားရှင်တော်ဂေါတမမြတ်စွာဘုရား၊ ဘုရားအဖြစ်သို့ ရောက်ရှိသည့်အခါက မြန်မာနိုင်ငံ ဥက္ကလာပတိုင်း အသိကဉ္စနမြို့သား တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ကုန်ရောင်းကုန်ဝယ်သွားရာမှ ဘုရားပွင့်တော်မူခိုက်နှင့် ကြုံတွေ့သဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဖူးမြော်ခွင့်ရရှိပြီး မုန့်ကြွပ်ကျစ်တို့ကို လှူဒါန်းကာ "ဒေဝဓိက သရဏဂုံ" ဆောက်တည်ခဲ့ကြလေသည်။ ထိုအခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အား နောင်အစဉ်သဖြင့် ကိုးကွယ်ပူဇော်နိုင်ရန်အလို့ငှာ မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် ဆံတော်မြတ် ရှစ်ဆူ စွန့်ကြဲပေးအပ်ခဲ့ပါသည်။ တဖုဿနှင့် ဘလ္လိက ညီနောင်တို့ ပင့်ဆောင်လာသော ဗုဒ္ဓဆံတော်ရှစ်ဆူအနက်မှ ဆံတော် နှစ်ဆူကို ဇေယျသေန နဂါးမင်းက တန်ခိုးဖြင့် ရယူခဲ့ပြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကုသိမနာဂရ (ပုသိမ်)တောင်ပိုင်း နဂါးရစ်မှော် ခေါ် သရနတောင်စွန်း (ဝါ) မော်တင်စွန်းတွင် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပင်လယ်တွင်းမှ ရရှိလာသော မြသားဖြင့် စိုင်တမော့အရွယ်စေတီကို တည်ထားကိုးကွယ်ခဲ့သည်။

### တစ်လတိုင်တိုင်ကျင်းပ

မဟာမကုဋရုံသီ ဆံတော်ရှင်မြတ် မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူဒါန်းပူဇော်ပွဲကို ၁၉-၂-၂၀၁၉ ရက် (၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့) မှ ၂၀-၃-၂၀၁၉ ရက် (၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်နေ့အထိ) တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဘုရားပွဲတော်၌ ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်ခြင်း၊ ဆရာတော် သံဃာတော်များက အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ပင့်သံဃာများအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်း၊ ဇာတ်သဘင်ပွဲများ၊ စင်တင်တေးဂီတများ၊ ပျော်ပွဲရွှင်ပွဲအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

### ဒေဝါဝင်း ရာဇာဝင်းများဖြင့် ပူဇော်

ဖွင့်ပွဲနေ့ နံနက်ပိုင်းတွင် နတ်တောင်တောင်ခြေမှ ကမ်းနားသဲသောင်ပြင်တစ်လျှောက် ဖောင်တော်ဆိပ်ဘုရားအထိ ဒေဝါဝင်း ရာဇဝင်းများဖြင့် မြတ်မော်တင်ဘုရားအား ပူဇော်ကန်တော့သည့်မြင်ကွင်းမှာ များစွာမင်္ဂလာရှိလှသည်။ မင်္ဂလာအချိန်တွင် သက်ဆိုင်ရာများက မုခ်ဦးရှေ့တွင် ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။ သမာဓိစောင်းတန်းမှ ဆံတော်ရှင်မြတ်မော်တင်ဘုရားရင်ပြင်ပေါ်သို့ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ တက်ရောက်ပြီး ဆံတော်ရှင်မြတ်မော်တင်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်၍ စေတီတော်မြတ်ကြီး၏ အင်္ဂါထောင့်တွင် ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ သစ်သီးကိုးမျိုး၊ ယိုကိုးမျိုးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြမည်ကို ကုသိုလ်ယူနိုင်ကြသည်။ ဆရာတော် သံဃာတော်များက မြတ်မော်တင်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူခြင်း၊ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေသည့်အတွက် သာဓု အနုမောဒနာ ခေါ်ဆိုရမည်။

မြတ်မော်တင်စေတီတော်မြတ်ကို သီရိမွှာ သောကမင်းကြီးကလည်းကောင်း၊ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးကလည်းကောင်း ထပ်မံပြုပြင်မွမ်းမံပြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခဲ့သည်။

### ဘုရားဖူးများစည်ကား

ဘုရားပွဲတော်သို့ သွားရောက်သည့် သင်္ဘောများ၏ ခေါင်မိုးများတွင် သာသနာ့အလံများ၊ ပလတ်စတစ်ပူးဖောင်းများကို ဝါးခက်များဖြင့် တင့်တယ်လှပစွာ ပန်းဖွားဆင်ထားတတ်သည်ကို တွေ့ရသူများသည် မြတ်မော်တင်ဘုရားပွဲတော်သို့ သွားလိုစိတ်များ ပေါ်ပေါက်မိတတ်သည်။ ကျေးရွာခလေ့ တေးသံသာများဖြင့် လွှင့်ထုတ်ပေးနေသည်မှာ ကြားရသူများအဖို့ ဘုရားပွဲတော်သို့ သွားလိုစိတ်များ ထပ်မံဖြစ်ပေါ်စေပါသည်။

ရန်ကုန်မြို့မှ ၂၅၈ မိုင် ကွာဝေးသော ခမောက်မှော်သို့ စက်တပ်ရေယာဉ်ကြီးများဖြင့် လည်းကောင်း၊ ပုသိမ်မြို့မှ မော်တင်စွန်းဘုရားအထိ ၁၀၁ မိုင် သုံးဖာလုံရှိရာသို့ မော်တော်ကားများဖြင့်လည်းကောင်း အလွယ်တကူသွားလာနိုင်ပြီး ပုသိမ်မြို့မှ ၈၆ မိုင်ကွာဝေးသော ခမောက်မှော်သို့ ရေယာဉ်ကြီးများဖြင့် သွားလာနိုင်သည်။

တစ်ညအိပ်ဘုရားဖူးပြီး ပြန်လာနိုင်မည်ဖြစ်ရာ သွားရေးလာရေး အလွန်လွယ်ကူလှပါသည်။ အပြန်ခရီးတွင် ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ မအူပင်မြို့များသို့ ဝင်ရောက်ဘုရားဖူးနိုင်သည်။ သမိုင်းဝင်ဟိုင်းကြီးကျွန်းမြို့ကို ဝင်ရောက်လေ့လာနိုင်သည်။ ကျိုက်တီစေတီကိုလည်း ဖူးမြော်နိုင်ပါသည်။ ကျောက်ကလပ်သို့ စက်လှေဖြင့်လည်းကောင်း၊ ငွေတောင်ခေါ် (မြွေတောင်) သို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ နွားလှည်းများ၊ မော်တော်ဆိုင်ကယ်များ၊ ခြေကျင်လျှောက်၍လည်းကောင်း၊ ရှုမျှော်၍မဆုံး ခရီးလမ်းတွင် ရေဝေကုန်းတန်းတစ်လျှောက် ကျောက်ဆောင်ကျောက်ကမ်းပါးများသည် လှပစွာစီခြယ်ထားသည့်အလား မိုးကောင်းကင်၏ ပြာလဲ့သောအရောင်၊ စိမ်းမြမြပင်လယ်ရေပြင်များ၊ လှိုင်းကြက်ခွပ်သံများ၊ လှိုင်းဖြူဖြူဖွေးများ ကမ်းစပ်သို့ တလိမ့်လိမ့် တက်လာပုံများ၊ လေပြေလေအေးများနှင့် သဘာဝရှုခင်းများကို ကြည့်ရှုခံစားနိုင်ကာ သွားရောက်လေ့လာနိုင်သည်။ ငွေတောင်ရေချိုးဆိပ်တွင် ရေချိုးရသည်များမှာ အလွန်ပျော်စရာကောင်းလှသည်။ သန့်ရှင်းလတ်ဆတ်သော ပင်လယ်အစားအစာများကို စားသောက်နိုင်သည်။ အုန်းရည်ချိုချိုလေးများ သောက်သုံးနိုင်သည်။ ပွဲတော်စျေးခင်းမှာ သဲသောင်ပြင်တွင်ရှိ၍ ပင်လယ်ရေ၏ အလှသဘာဝနှင့် ပနံရ တင့်တယ်လျက်ရှိသည်။

### အံ့ဖွယ်များ

မြတ်မော်တင်စေတီတော်မြတ်ကြီးတွင် အံ့ဖွယ် ၁၈ ပါး ရှိလေသည် -

- ညအခါ စေတီတော်အား တစ်ယောက်တည်း အဓိဋ္ဌာန်၍ ခုနစ်ပတ်ရစ်ပတ်ပါက ရွှေသံငွေသံကြားရခြင်း
- ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်များ အမြောက်မိုး၊ လက်နက်မိုး၊ ဗုံးမိုး ရွာသော်လည်း ကျည်ဆန်တစ်ခုမျှ မခခြင်း။
- လပြည့် လကွယ်နေ့များတွင် ရောင်ခြည်တော်လွှတ်လေ့ရှိခြင်း။
- စေတီကုန်းနှင့် ပရိဝုဏ်တစ်ဝိုက်တွင် ရာသီပန်းများ မပြတ်ပွင့်ခြင်း။
- ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့လှိုင်ခြင်း။
- ခေါင်းလောင်းများ လူမတီးဘဲ မြည်တတ်ခြင်း။
- ယခုထက်တိုင်ပင် ရံဖန်ရံခါ ဆွမ်းများ ဦးအောင်မတင်နိုင်ခြင်း။
- နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ဖြစ်သော်လည်း အန္တရာယ်မရှိခြင်း။
- နတ်ကျား၊ နဂါးတို့ ဘုရားဖူးလာသော်လည်း လူတို့အား ဒုက္ခမပေးခြင်း။
- လပြည့်လကွယ်တွင် စေတီကုန်းမှ မောင်းသံ၊ ဗုံသံ စသော တူရိယာအမျိုးမျိုးတို့၏ အသံကို အရုဏ်ဦးယံတွင် ကြားရတတ်ခြင်း။
- ဘေးအန္တရာယ်များ ကျရောက်ပါက စေတီတော်ကြီးအား အာရုံပြု၍ ရှိခိုးဆုတောင်းလိုက်သည်ရှိသော် ဘေးအန္တရာယ်မှ ကင်းဝေးခြင်း။
- တပေါင်းလ ဘုရားပွဲတော်ကြီးဖြစ်ခါနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည်မသိသော ငှက်အုပ်ကြီးများ၊ တောင်တော်နှင့် စေတီတော်အား ရစ်ပတ်ပျံ့ဝဲတတ်ခြင်း။
- ဘုရားပွဲတော်ကြီးတွင် လူသိန်းသန်းချီ၍ လာရောက်သော်လည်း သောက်ရေကန်မှ ရေများ မလျော့ခြင်း။
- ဘုရားပွဲတော်တွင် ဆွမ်းတော်တင် တောင်ပုံရာပုံစွန့်ပစ်ထားသော်လည်း ကျီးတစ်ကောင်မျှ လာရောက်စားသောက်မှု မရှိခြင်း။
- ဘုရားပွဲတော်တွင် လူပေါင်းသိန်းချီ၍ ရောက်လာသော်လည်း တောင်တော်တွင် လူပြည့်သည်ဟု မရှိခြင်း။
- ယုံကြည်စွာဖြင့် စေတီတော်ကြီး ရင်ပြင်တော်တွင် သစ္စာအဓိဋ္ဌာန်ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟည်းသံကြားရတတ်ခြင်း။
- နှစ်စဉ် တပေါင်းလတိုင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဘုရားပွဲတော် မကျင်းပနိုင်ပါက တောင်တော် မြည်ဟည်းခြင်း။
- စေတီတော်ကို အဝေးမှမြင်ရလျှင် သော်လည်းကောင်း၊ စေတီတော်ပရိဝုဏ်သို့ ကြည်ညိုစိတ်နှင့် ရောက်လာသည်နှင့်လည်းကောင်း၊ ဖူးမြော်ဦးတိုက်လျှင်သော်လည်းကောင်း ကာယသုခ၊ စိတ္တသုခနှစ်ပါး ချမ်းမြေ့ရခြင်း။

စသည့် အံ့ဖွယ် ၁၈ ပါးနှင့် ပြည့်စုံတော်မူသော စေတီတော်မြတ်ဖြစ်ခြင်းကြောင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ သွားရောက်ဖူးမြော်စေချင်ပါသည်။

### ဒေသန္တရ ဗဟုသုတရရှိ

မြတ်မော်တင်စေတီကို ဖူးမြော်ရင်း ဧရာဝတီတိုင်းဒေသကြီး၏ သာယာတိုးတက်ဖွံ့ဖြိုးနေသော လုပ်ငန်းများ၊ ရေမြေတောတောင်များ၏ အလှသဘာဝရှုခင်းများ၊ အုန်းပင်များ၊ ဓနိပင်များ၊ စပါးပင်များ စသည့် စိုက်ခင်းများကို ကြည့်ရှုခံစားရင်း ဧရာဝတီမြစ်ကူးတံတားများ၊ မြန်မာနိုင်ငံ၏ အထူးစီမံကိန်းများ၊ ဟိုင်းကြီးကျွန်းဆိပ်ကမ်းရှိ များပြားလှသော ငါးဖမ်းရေယာဉ်များ၊ သာယာလှပသည့် သမိုင်းဝင်ဟိုင်းကြီးကျွန်းနှင့် စံပြရွာ၊ အဏ္ဏဝါ၊ ကျောက်ချောင်း၊ ခမောက်မှော်နှင့် ကံချိုင်ရွာ၊ ဆီးချိုင်ရွာတို့၏ သဘာဝအလှအပများကို တွေ့မြင်ရမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပျူငှာနွေးထွေးစွာဆက်ဆံမှုများကိုလည်း ထိတွေ့ခံစားရမည့်အပြင် ဒေသန္တရဗဟုသုတများစွာ ရရှိမည်ဖြစ်ပါသည်။

စိတ်ရွှင်လန်းမှုကို ဖြစ်ရခြင်း၊ ကျန်းမာရေးကို အထောက်အပံ့ပေးသော ပင်လယ်လေကောင်းလေသန့်များကို ရှူရှိုက်ရခြင်း၊ သဲသောင်ကမ်းစပ်များပေါ်တွင် လမ်းလျှောက်ရခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရဝယ်ယူရရှိနိုင်ခြင်းတို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှု၊ ရိုးသားမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကိုလည်း ထိတွေ့ခံစားနိုင်ပေသည်။

### ရွှေတိဂုံစေတီတော်မြတ်ကြီး ပုံတူ

မြတ်မော်တင်စေတီတော်မြတ်ကြီးအား ရွှေတိဂုံစေတီတော်မြတ်ကြီး ပုံတူအဖြစ် ရွှေရောင်စတီးပြားများငုံကာ ပြန်လည်ဆောင်ရွက်ထားပြီး စေတီတော်၏ ရင်ပြင်တော်အား ထမ်းထားသော မြေထိန်းနံရံများကို ခြုံငုံကာ အဆိုပါနေရာများတွင် မြတ်မော်တင်စေတီမြတ်ကြီး၏ သမိုင်းကြောင်းများကို လူအများ လာရောက်ကြည့်ရှုလေ့လာနိုင်မည့် ပြခန်းငယ်များကိုလည်း ဆောင်ရွက်ထားပါသည်။

အလှူရှင် ဒေါက်တာခင်ရွှေမိသားစုက စေတီတော်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်သစ် တင်လှူပူဇော်ခဲ့သည်။ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ ဆင့်များအား ကျိုက်ထီးဆောင်းဆရာတော် ဦးဆောင်၍ ပြုပြင်မွမ်းမံထားသည့်အတွက် သပ္ပာယ်စွာ ဖူးမြော်နိုင်သည်။ ရင်ပြင်ပေါ်ရှိ အရံစေတီ ၁၆ ဆူနှင့် အပြင်တွင်ရှိသော အရံစေတီများအား အလှူရှင်များက ရွှေသင်္ကန်းကပ်လှူထားကာ သာသနိကအဆောက်အအုံများကိုလည်း ပြန်လည်ပြုပြင်ထားသည့်အတွက် ဆံတော်ရှင်မြတ်မော်တင်စေတီမှာ အလွန်သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်ပါသည်။

ဘုရားဖူးများ စိတ်အေးချမ်းသာ ကြည်ညိုစွာ ဘုရားဖူးမြော်နိုင်ရန်အတွက် အဘက်ဘက်မှ ပြည့်စုံစွာ စီစဉ်ထားရှိပြီးဖြစ်ရာ ကြုံတောင့်ကြုံခဲ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို လာရောက်ဖူးမြော်ကြည်ညိုကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# စားသုံးသူများကို ကာကွယ်ဖို့ ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖော်ပြကြပါစို့

နိုင်ဦး (DOCA)

**ယနေ့မြန်မာနိုင်ငံသည် တိုးတက်ဖွံ့ဖြိုးမှု အရှိန်ယူစ ပြုနေပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးစားလျက်ရှိသည်။ နိုင်ငံတကာနှင့် ကူးလူးဆက်ဆံကာကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတကာထွက်ကုန် အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် တင်သွင်းလျက်ရှိ၍ မြန်မာနိုင်ငံရှိ စားသုံးသူပြည်သူများသည် နိုင်ငံတကာမှ ထုတ်လုပ်ဖြန့်ချိသည့် လူသုံး၊ အိမ်သုံးပစ္စည်းများကို တိုးတက်လာသော ခေတ်ကာလနှင့်အညီ ကျယ်ပြန့်တွင်ကျယ်စွာ ဝယ်ယူသုံးစွဲလျက် ရှိနေပါသည်။ ယနေ့ခေတ်သည် သတင်းခေတ်ဖြစ်၍ ဖြစ်ပျက်မှု သတင်းအစုံစုံကို အချိန်တိုအတွင်း သိရှိနေရသည်။**

## လွဲမှားသုံးစွဲခြင်းများကြုံရ

တချို့လည်း ဝမ်းသာကျေနပ်စရာသတင်း၊ တချို့လည်း ဝမ်းနည်းကြေကွဲဖွယ်သတင်း၊တချို့လည်း ငိုအားထက်၊ ရယ်အားသန်ဖြစ်ရသောသတင်းများဖြစ်သည်။ မျက်စိနာနေသော ကလေးတစ်ဦးကို မျက်စဉ်းခတ်ရာ မျက်စဉ်းဆေးရည်ဘူးနှင့် ဆူပါဂလူးဆေးရည်ဘူး မှားခတ်၍ ဆေးရုံသို့သွားပြီး ကုသခဲ့ရတာတွေ၊ ဆပ်ပြာရည်ကို ပိုးသတ်ဆေးအမှတ်ဖြင့် စိုက်ခင်းထဲသုံးတာတွေ၊ ဝက်ပုံ၊ ကြက်ပုံပါသော အတောင့်ခဲများကို ဝက်၊ ကြက်အားဖြည့်စာဟူ၍ မသိဘဲ သရေစာအမှတ်ဖြင့် စားရာမှ မူးဝေအော့အန်ဖြစ်ရတာတွေ၊ နှလုံးငြိမ်ဆေးကို သောက်ရမည့်အစားပုံစံတူ၊ အရွယ်တူဆေးကို အလွယ်ဝယ်ယူသောက်မိ၍ အသက်သေဆုံးတာတွေ၊ ယားနာလိမ်းဆေးကို မျက်နှာလိမ်းမိ၍ အလုပျက်ရတာတွေ၊ အရက်ပြန်နှင့်အရက်ပုလင်း မှားသောက်မိ၍ သေဆုံးကြရတာတွေ၊ ကင်ဆာပျောက်သည်၊ အေအိုင်ဒီအက်(စ်) ရောဂါပျောက်သည်ဆိုသည့် ဘာတွေရေးသားထားမှန်းမသိ၊ ဘာတွေပါဝင်မှန်းမသိဘဲ ပျောက်ချင်ဇောဖြင့် ဝယ်သောက်မိ၍ အချိန်မတိုင်ဘဲ အသက်ပျောက်ခဲ့တာတွေ စသည်ဖြင့် စုံလင်စွာ ဖတ်ရှုရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ပင်ဖြစ်သည်။

အထက်ပါဖြစ်စဉ်သတင်းများသည် စားသုံးသူပြည်သူ ၅၁ သန်းကျော်ထဲတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်သတင်းများဖြစ်သည်။ ဤသို့ဖြစ်ရခြင်း အများစုမှာ မြန်မာနိုင်ငံအတွင်း ပြည်တွင်းမှ ထုတ်လုပ်သော၊ ပြည်ပမှ မှာယူတင်သွင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများတွင် မြန်မာနိုင်ငံသားအများစုနားလည်သော မြန်မာဘာသာဖြင့် ဖော်ပြထားမှုမရှိ၍ ဖြစ်ပွားရခြင်းဖြစ်သည်။ ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်များ ဖြစ်နေခြင်းဖြစ်သည်။ ဤသည်ကို အချိန်မီတားဆီးခြင်း မပြုလုပ်ပါက စားသုံးသူများအတွက် အန္တရာယ်ကြီးထွားလာနိုင်ပါသည်။ မရှုနိုင်မကယ်နိုင် ဖြစ်မှာ စိုးရိမ်ရပါသည်။ ဖြစ်မှ ကုစားခြင်းထက် မဖြစ်ခင် ကြိုတင်ကာကွယ်ရန် လိုအပ်နေပါသည်။

## မြန်မာဘာသာဖြင့် မဖော်ပြ၍ နစ်နာမှုများဖြစ်

လူသုံးအိမ်သုံးပစ္စည်းများ ရယူသုံးစွဲရာတွင် မြန်မာဘာသာဖြင့် ထင်ရှားစွာ ရေးသားဖော်ပြထားခြင်း မရှိသောကြောင့် စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့လာ၍လည်းကောင်း၊ စားသုံးသူပြည်သူများ၊ လုပ်ငန်းရှင်များမှလည်း မိမိထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသော ပစ္စည်းများတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြနိုင်ရေး တောင်းဆိုလာကြ၍လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများ၊ စီးပွားရေးကျင့်ဝတ်နှင့် အညီဆောင်ရွက်သောလုပ်ငန်းရှင်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် စားသုံးသူအကာကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၈)ဖြင့် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံစေရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါပစ္စည်းများပေါ်တွင် စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ရောင်းဝယ်ဖြန့်ဖြူးခြင်းများ ဆောင်ရွက်ရာတွင် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သုံးစွဲပုံနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ ညွှန်ကြားချက်များနှင့် အထူးသတိပေးလိုသည့် အကြောင်းအရာများကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြပေးရန် အထူးလိုအပ်ပါသည်။ သို့မှသာ စားသုံးသူများသည် မည်သို့သုံးစွဲရမည်၊ ဘယ်လိုထားသို သိမ်းဆည်းရမည်၊ ဘယ်ပစ္စည်းတွေနဲ့ ခတ်မတည့်ကြောင်း၊ ဘေးထွက်ဆိုးကျိုးဘယ်လိုဖြစ်မည် စသည်ဖြင့် သိရှိနိုင်မည်ဖြစ်သည်။

## ညွှန်ကြားချက်များထုတ်ပြန်ထား

အဆိုပါ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော စားသုံးသူပြည်သူများကို ပိုမိုကာကွယ်ပေးနိုင်ရေး မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးကျင့်ဝတ်နှင့်အညီ နိုင်ငံတကာသတ်မှတ်ချက်များနှင့် ကိုက်ညီသော လူသုံး၊ အိမ်သုံးပစ္စည်းများ ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ဝင်ရောက် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်၍လည်းကောင်း၊ တွေ့ကြုံရမည့် အခက်အခဲများကို ကျော်လွှားနိုင်ရေး အတွက်လည်းကောင်း၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မျှတမှုရှိစေရေး အတွက် လည်းကောင်း၊ စားသုံးသူများ ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေး၊ စားသုံးသူ အခွင့်အရေးများ ပြည့်ဝစွာရရှိရေးအတွက် လည်းကောင်း၊ လုပ်ငန်းရှင်များ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် စားသုံးသူကာကွယ်ပေးရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက် အမှတ်(၁/၂၀၁၉)ဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။

> **❋ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် စားသုံးသူအကာကွယ်ပေးရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၉)ဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။**
>
> **❋ စားသုံးသူများမှလည်း မိမိသက်ရှည်၊ ကျန်းမာရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်အတိုင်း လိုက်နာကူညီပေးကြရန် တိုက်တွန်းအပ်ပါသည်။**

ထိုညွှန်ကြားချက်တွင် စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များ၌ သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ခတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများနှင့် ပတ်သက်၍ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ရန် ထင်ရှားစွာ ဖော်ပြပေးရန်နှင့် လုပ်ငန်းရှင်များ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် ခြောက်လ အချိန်သတ်မှတ်ပေးထားပြီး ခြောက်လနောက်ပိုင်းတွင်မူ လိုက်နာမှု မရှိပါက စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူကာကွယ်ပေးရေးဥပဒေ (၂၀၁၄)၊ ပုဒ်မ (၁၉)အရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသေးစိတ် ဖော်ပြထားပါသည်။

## စီးပွားရေးလုပ်ငန်းရှင်များကို နှောင့်ယှက်ခြင်းမဟုတ်

စားသုံးသူ ကာကွယ်ပေးရေးလုပ်ငန်းသည် စားသုံးသူများကိုသာ ကာကွယ်ပေးပြီး စီးပွားရေးလုပ်ငန်းရှင်များကို ဟန့်တားနှောင့်ယှက်သော လုပ်ငန်းမဟုတ်ပေ။ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သော လုပ်ငန်းများကို အကာအကွယ်ပေးပြီး လုပ်ငန်းများ အောင်မြင်တိုးတက်ရန် ကူညီပေးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် စားသုံးသူအကာအကွယ်ပေးခြင်းလုပ်ငန်းသည် စားသုံးသူများ၏ အခွင့်အရေးများအားပြည့်ဝစွာရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရယူသုံးစွဲလုပ်ဆောင်နိုင်ရေး၊ ဆုံးရှုံးနစ်နာမှုများကို ကုစားဖြေရှင်းပေးနိုင်ရန် နိုင်ငံတကာစားသုံးသူ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ စားသုံးသူ ကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်လျက်ရှိသလို တခြားတစ်ဖက်မှလည်း လုပ်ငန်းရှင်များအား နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့် အညီ ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေး၊ အကြံပြုခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းဈေးကွက်၌သာမက ပြည်ပဈေးကွက် အထိထိုးဖောက်၍ ဈေးကွက်ချဲ့ထွင်၍ အောင်မြင်မှုများရရှိစေရန် ကူညီဆောင်ရွက်ပေးလျက် ရှိပါသည်။

စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သော လုပ်ငန်းဆိုသည်မှာ သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာသည်။ စားသုံးသူများ၏ လိုအပ်ချက်နှင့် စိတ်ကျေနပ်မှုကို အလေးထား၍ အမြတ်ကြီးစားမပြုလုပ်ဘဲ သင့်တင့်မျှတသော ဈေးနှုန်းသတ်မှတ်၍ ဖြန့်ဖြူးရောင်းချဆောင်ရွက်သည်။ စားသုံးသူများအပေါ် ရိုးသားဖြောင့်မတ်စွာဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် စာနာစိတ်ထားကာ ဆောင်ရွက်သည်။ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးကို အဓိကထားသည်။ စားသုံးသူမှ ပေးသောငွေကြေးနှင့် ထိုက်တန်သော အကျိုးရှိမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများပေးနိုင်ရန် အလေးထားသည်။ ပတ်ဝန်းကျင်ထိခိုက်နစ်နာမှု၊ စားသုံးသူများ ထိခိုက်နစ်နာဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် ဂရုတစိုက် ဆောင်ရွက်သည်။ စားသုံးသူများ၏ အခွင့်အရေးများကို လေးစားတန်ဖိုးထားပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သည်။ လုပ်ငန်းရေရှည်တည်တံ့ရပ်တည်နိုင်ရေးအတွက်သာ ဆောင်ရွက်သည် စသည့်အချက်များဖြင့် ပြည့်စုံရန် လိုအပ်ပါသည်။

## လုပ်ငန်းရှင်များတွင် တာဝန်ရှိ

ဆိုလိုသည်မှာ လုပ်ငန်းရှင်များသည် စားသုံးသူများ၏ ရပိုင်ခွင့်များကို လက်ခံအသိအမှတ်ပြု၍ ရိုးသားဖြောင့်မတ်စွာဖြင့် အကောင်းဆုံးသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်ပြီး စတင်ထုတ်လုပ်ဆောင်ရွက်သည့် အချိန်မှစ၍ စားသုံးသူပါးစပ်ထဲ ရောက်သည်အထိ ထုတ်လုပ်၊ သယ်ပို့၊ ဖြန့်ဖြူး၊ ရောင်းချသည့် အဆင့်တိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် စားသုံးသူများ၏ စိတ်ကျေနပ်မှုရရှိစေရေးအတွက် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးစစ်မှန်၊ အချိန်မှန်စွာဖြင့် ပြုလုပ်ပေးရန် တာဝန်ရှိကြောင်း ဆိုလိုခြင်း ဖြစ်ပါသည်။

စားသုံးသူများသည် လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန် အကူအညီပေးနေသော အရှင်သခင်များ ဖြစ်ကြသည်ကို သတိမူသင့်ပါသည်။ နှစ်ဆယ့်တစ်ရာစုခေတ် စားသုံးသူများသည် လူသုံး၊ အိမ်သုံးနှင့် ဝန်ဆောင်မှုလုပ်ငန်းများရယူ သုံးစွဲရာတွင် အကျိုးရှိခြင်း၊ ရေရှည်အသုံးခံခြင်း၊ သတင်းအချက်အလက်များ ပြည့်စုံစွာပါရှိခြင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းခြင်း စသည့်အချက်များကို အလေးပေးကာ ရွေးချယ်ဝယ်ယူကြသည်ကို တွေ့ရှိရပါသည်။ လူကြီး၊ လူငယ်၊ ကလေးနှင့် ယောက်ျား၊ မိန်းမ စသည့် အသက်အရွယ်အပိုင်းအခြားအလိုက် စိတ်ကျေနပ်မှု ရရှိခြင်းလည်း တူညီနိုင်မည် မဟုတ်ပေ။ စီးပွားရေးလုပ်ငန်းရှင်များသည် ရာသီဥတု၊ အချိန်အခါ၊ အသက်အရွယ်အလိုက် စိတ်ကျေနပ်မှုရရှိစေရန် ဆောင်ရွက်ကြမှသာလျှင် ရေရှည်တည်တံ့၍ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုကို တည်ထောင်ရာ ရောက်ပေမည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနသည် ခေတ်၊ စနစ်များနှင့် အညီ စားသုံးသူများကို အကာအကွယ်ပေးနိုင်ရေး၊ ဆုံးရှုံးနစ်နာမှုများကို ကုစားဖြေရှင်းနိုင်ရေး၊ လုပ်ငန်းရှင်များ လူသုံး၊ အိမ်သုံးပစ္စည်းများ ထုတ်လုပ်၊ တင်ပို့၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချရာတွင် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ချဲ့ထွင်ထိုးဖောက်နိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ စားသုံးသူများကို ကာကွယ်ပေးရင်း လုပ်ငန်းရှင်များ ရေရှည်အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက် ပေးနေခြင်းဖြစ်ပါသည်။ မည်သူ့ကိုသာစေ၊ မည့်သူ့ကိုနာစေဆို၍ အမိန့်များကို အလျင်စလို ထုတ်ပြန်ခဲ့ခြင်း မဟုတ်ပေ။ သက်ဆိုင်ရာ ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ ပညာရှင်များနှင့် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်း အဖြေရှာ၍ အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်ရယူကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ၅၁ သန်းကျော်သော စားသုံးသူများ၊ လုပ်ငန်းရှင်များ အကျိုးအတွက်သော်လည်းကောင်း၊ ပြည်သူများ သာယာဝပြောသော ပတ်ဝန်းကျင်ကောင်းတွင် သက်တမ်းစေ့နေနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော သတ်မှတ်ချက်များနှင့် ကိုက်ညီစေရေးအတွက်လည်းကောင်း၊ ထိခိုက်နစ်နာဆုံးရှုံးမှုများကိုမဖြစ်ခင် ကြိုတင်ကာကွယ်နိုင်ရေးအတွက်လည်းကောင်း ညွှန်ကြားချက်အား ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

## စားသုံးသူများဘက်ကလည်း အထူးသတိထားဖို့လို

သို့ရာတွင် ရည်ရွယ်ချက်ကောင်းများဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအဖြစ်သော်လည်း ဌာနတစ်ခုတည်း အနေဖြင့် ဆောင်ရွက်ပါက ထိုက်သင့်သလောက် အောင်မြင်မှု ရရှိမည်ဖြစ်သော်လည်း အချိန်ရှည်ကြာပေမည်။ ၅၁ သန်းကျော်သောပြည်သူများ ထိခိုက်နစ်နာ၊ သေဆုံးမှုများဆက်လက်ဖြစ်ပေါ်နိုင်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်ကို ပြည်သူများဖြစ်သည့် စားသုံး သူများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ သက်ဆိုင်ရာဆက်စပ်ဌာနများအားလုံးမှ လက်တွဲ၍ ပူးပေါင်းဆောင်ရွက်မှသာလျှင် အချိန်တိုအတွင်း အောင်မြင်နိုင်မည့် ညွှန်ကြားချက်တစ်ခုဖြစ်၍ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက် လိုက်နာလုပ်ဆောင်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များသည် ၅၁ သန်းကျော်သော ပြည်သူများအကျိုးအတွက် ထုတ်ပြန်ထားသော၊ တိုက်တွန်းထားသော ညွှန်ကြားချက်နှင့်အညီ ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း ပြုလုပ်ရာတွင် စားသုံးသူများ ဘေးကင်း လုံခြုံမှုရှိစေရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ခတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက် ဆိုးကျိုးများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ၊ ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရာတွင် သာမန်မျက်စိဖြင့် မြင်နိုင်သော အရွယ်အစားဖြင့် ဖော်ပြပေးရန်၊ စားသုံးသူသို့ လက်လီရောင်းချမည့် ကုန်စည်ထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြပေးရန်၊ ကုန်စည်ပေါ်တွင် အချက်အလက်ဖော်ပြရန် မဖြစ်နိုင်ပါက လက်ကမ်းစာစောင်၊ အညွှန်းတို့ဖြင့် ဖော်ပြပြီး ကုန်စည်နှင့်အတူ စားသုံးသူသို့ တစ်ပါတည်းပေးအပ်ရန်၊ ပြည်ပမှ တင်သွင်းဖြန့်ဖြူးသည့် ကုန်စည်ဖြစ်ပါက ဈေးကွက်ဖြန့်ဖြူးခြင်း မပြုမီ ထပ်ပိုးကပ်ခြင်း သို့မဟုတ် ထုပ်ပိုးပစ္စည်းအသစ် အသုံးပြုခြင်းပြုလုပ်၍ ပြုပြင်ရောင်းချရန်၊ သက်ဆိုင်ရာဌာနများ၏ လိုက်နာရန် ညွှန်ကြားချက်များနှင့်ပတ်သက်၍ ဖော်ပြရန်အချက်များအား မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်မည်ဖြစ်ပါသည်။ စားသုံးသူများမှလည်း မိမိသက်ရှည်၊ ကျန်းမာရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်အတိုင်း လိုက်နာကူညီပေးကြရန် တိုက်တွန်းအပ်ပါသည်။ သို့မှသာ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ ဆုံးရှုံး နစ်နာမှုများ ကင်းဝေး၍ ငြိမ်းချမ်းပျော်ရွှင်သော ပတ်ဝန်းကျင်ကောင်းတွင် ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်သွားနိုင်မည် ဖြစ်ပါကြောင်း စေတနာရှေ့ထား၍ တိုက်တွန်းအပ်ပါသည်။ ။

Times City

စိန်ရွှေကျောက်မျက်ရတနာဈေးကွက်ကို
တစ်စုတစ်ဝေးတည်းရောင်းဝယ်နိုင်မည့် ပထမဆုံးသော
**Jewellery & Luxury Mall**



ရွှေဆိုင်၊ စိန်ဆိုင်နှင့် အခြားရတနာဆိုင်များ၊ **Gold Stock Exchange**ခေတ်မီစက်များဖြင့် ပုံဖော်ပေးသည့်ပန်းတိမ်လုပ်ငန်းများ၊ ရွှေနှင့်ကျောက်မျက်ရတနာစမ်းသပ်ခန်းများ စုံလင်စွာပါဝင်သောကြောင့် မိမိဝယ်ယူလိုသည့် ရွှေနှင့်စိန်အပါအဝင်ကျောက်မျက်ရတနာ ဒီဇိုင်းမျိုးစုံတို့အား တစ်နေရာတည်း၌ စိတ်တိုင်းကျရွေးချယ် ရောင်းဝယ်နိုင်သော ဈေးကွက်ကြီးတစ်ခုဖြစ်လာပါမည်။ နိုင်ငံတကာအဆင့်မီ **Branded** ပစ္စည်းများရောင်းချသောဆိုင်များလည်း ဖွင့်ထားမှာဖြစ်လို့ မိတ်ဆွေတို့ စိတ်ကျေနပ်စွာ ဝယ်ယူနိုင်ပါသည်။

ပစ္စည်းအမျိုးအစား စုံလင်စွာရရှိနိုင်သော *Times Mall* လည်းရှိမှာဖြစ်လို့ လိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါသည်။

ဆိုင်ခန်းများငှားရမ်းလိုသည့် မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ **Information Centre** ကို ဖွင့်လှစ်ပေးပြီး 28.2.2019 အထိ မမျှော်လင့်သောဈေးနှုန်းများဖြင့် ငှားရမ်းပေးနေပါသဖြင့် လာရောက်ဖို့ ဖိတ်ခေါ်အပ်ပါသည်။

Jewellery & Luxury Mall ဆိုင်ခန်းအငှားအတွက် အထူးဈေးနှုန်းအနေဖြင့်

| | | |
|---|---|---|
| *Level-1* | *တစ်စတုရန်းပေ* | *5 $* |
| *Level-2* | *တစ်စတုရန်းပေ* | *3.5 $* |
| *Level-3* | *တစ်စတုရန်းပေ* | *3 $* |
| *Level-4* | *တစ်စတုရန်းပေ* | *2.5 $* |
| *Level-5* | *တစ်စတုရန်းပေ* | *2.5 $* |

အသီးသီး ငှားရမ်းနိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ပါရစေ။

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ်များ - 09-765800800 , 09-764800800 , 09-5045777
Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ကညင်တိုအုပ်စု အထက(ခွဲ) ကညင်တို နဝမတန်းမှ မရွှေဇင်ထွန်း၏ဖခင်အမည်မှန်မှာ ဦးအောင်ဆန်း ၇/လပတ(နိုင်)၀၅၉၁၂၀ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Company Ltd ၏ ၃-၉-၂၀၁၈ရက်စွဲဖြင့် ID No. 100079559905 မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၄၃၃၁၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/9775 KIA CARNIVAL ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ရီ ၇/နတလ(နိုင်)၀၂၃၅၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ်(၁)လမ်းရှိ ဦးစိန်ရွှေ အမည်ပေါက် ဂရန်မြေအမျိုးအစား (၂၀'×၆၀')မြေကွက် (လမ်းနှင့် ကပ်လျက်အခြမ်း) ထောင့်ကွက်အား ဆက်ခံသူ ဒေါ်သိန်းသိန်းအေးထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်ရတနာကျော် ၁၀/မဒန(နိုင်)၁၀၃၈၀၇ မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရတနာကျော်
၁၀/မဒန(နိုင်)၁၀၃၈၀၇

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့ | ရပ်/ကျေး | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်သိန်းသိန်းမြင့် | ပုသိမ် | အမှတ်(၁၅) | ၁၆၃-ဘီ | က-၃၈/၃၀၇ | ၀.၀၃၀ | မြေငှားဂရန်အသစ် |
| ၂။ | ဒေါ်ခိုင်ခင်မိုး | ပုသိမ် | အမှတ်(၁) | ၁၆၃-ဘီ | ၄၈ | ၀.၁၁ | မြေငှားဂရန်အသစ် |
| ၃။ | ဦးဟိန်းမင်းထက်၊ ဦးတိုးမင်းထက်၊ ဒေါ်ထက်ထက်အောင် | ချောင်းသာ | ချောင်းသာ | ၁၉၉၀ | င-၁၇၊ င-၁၈ | ၀.၁၆၆ | မြေငှားဂရန်အမည်ပြောင်း |
| ၄။ | ဦးဇော်ဇော် | ပုသိမ် | အမှတ်(၁၃) | ၅၂ | အက်ဖ်-၂၁၄ | ၀.၀၅၅ | မြေပေးမိန့် |
| ၅။ | ဦးမြင့်လွင် | ချောင်းသာ | ချောင်းသာ | ၁၉၉၀ | ဃ-၁၁၁၄ | ၀.၀၅၇ | မြေပေးမိန့် |
| ၆။ | ဒေါ်ကြည်ကြည်အေး | ချောင်းသာ | ချောင်းသာ | ၁၉၉၀ | ဂ-၁၇၉ | ၀.၂၀၅ | မြေပေးမိန့် |
| ၇။ | ဦးနေစိုး၊ ဦးနေမျိုးလှိုင် | ပုသိမ် | အမှတ်(၁) | ၅၀ | ၁၅ | ၀.၀၅၅ | အမည်ပြောင်း/သက်တမ်းတိုး |

ဖော်ပြပါလျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/3495 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/2420 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၇၅၂၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၅၁၃**

ဒေါ်ထက်ထက်ဝင်းလတ် **နှင့်**
၁။ ဦးအောင်ကျော်စွာထွန်း
၂။ ဒေါ်ကြူကြူသင်း
၃။ ဦးကျော်ရီဝင်း
၄။ ဦးအောင်ကိုဦး
၅။ ဦးမျိုး(ခ)ဦးမျိုးကြီး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ပြည်လမ်း၊ လေတပ်အရာရှိရိပ်သာ၊ တိုက်-၁၊ အခန်း-၂နေ အမှတ် (၁) တရားပြိုင် ဦးအောင်ကျော်စွာထွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း၊ တိုက်အမှတ်(၂/၁၈)နေ အမှတ်(၃)တရားပြိုင် ဦးကျော်ရီဝင်းနှင့် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ သိမ်ဇရပ်တိုက်နယ်၊ သုံးခွကျေးရွာ၊ အမှတ်မရှိနေ အမှတ်(၄)တရားပြိုင် ဦးအောင်ကိုဦး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ၂၇-၁၁-၂၀၁၆ ရက်စွဲပါစာချုပ်အတိုင်း တိုက်ခန်းလက်ရောက်ရလိုမှုနှင့် နစ်နာကြေးငွေကျပ် (၄၀၀၀၀၀၀၀/-)(ကျပ်သိန်းလေးဆယ်တိတိ) လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် မတ် ၆ ရက် (၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မြင့်စိန်)**
**ဒုတိယခရိုင်မြို့နယ်တရားသူကြီး (၁၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၃၈နှင့် ဆက်နွယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၂၀၄**

ဦးတင်မောင်ဝင်း **နှင့်** ဒေါ်ခင်စန်းဝင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်ခင်စန်းဝင်း (ဘ) ဦးရန်ကင်း၊ မဟာမြိုင် (၁)ရပ်ကွက်၊ ၆၆×၆၇လမ်းကြား၊ ၄၁ လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၃၈ တွင် ကျရှိသည့်ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ ခုနှစ် မတ် ၈ ရက် (၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၉း၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၄၆**

ဒေါ်နုနုဝေ **နှင့်** ဒေါ်ခင်မြင့်

**တရားလို** **တရားပြိုင်**

၃၀×၃၂ လမ်းကြား၊ ၈၁×၈၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ ဒေါ်ခင်မြင့် (ဘ)ဦးစောမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နုနုဝေက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် မတ် ၇ ရက် (၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၉း၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**




ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များဖြစ်ကြသော ဦးဝင်းသိန်း၊ ဒေါက်တာအေးဇံ၊ ဦးညီပု၊ ဦးဖြိုးမင်းသိန်းနှင့် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ စစ်ဦးစီးဗိုလ်မှူးချုပ်(ရေ) ဗိုလ်မှူးကြီး ဇော်ဇော်လတ်၊ အမြဲတမ်းအတွင်းဝန်များ၊ စာမျက်နှာ ၇ ကော်လံ ၁ ◆

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာ ၅

**သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြထားပါသည်။

## အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာနှင့် နီပေါ ယနေ့ကစားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

အိန္ဒိယဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ အိန္ဒိယ ဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၅ ရက် (ယနေ့) မြန်မာစံတော်ချိန် ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် နီပေါအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၃ ရက်က ယှဉ်ပြိုင်ကစားသည့် အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်းက အိမ်ရှင်အိန္ဒိယအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ နီပေါအသင်းက အီရန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် အုပ်စုပွဲများအပြီးတွင် မြန်မာအသင်းက ကိုးမှတ်ဖြင့် ပထမ၊ နီပေါအသင်းက ခြောက်မှတ်ဖြင့် ဒုတိယရကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ စာမျက်နှာ ၁၂ ကော်လံ ၃ ●

